www.burmeseclassic.com

Peace Medium

- 'နိုင်ငံရေး ဝတ္ထု'...ဟု အမည်မတပ်ချင်သော 'အချစ်' ဝတ္ထု
- 'အချစ်ဝတ္ထု'...ဟု အမည်မတပ်ချင်သော 'နိုင်ငံရေး' ဝတ္ထု




မောင်လှမျိုး ( ချင်းချောင်းခြံ )

# အချစ်ဆိုတဲ့ ကိုယ်ပါတော်ရှော

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ခြင်း | - ၂၀၁၆- ဩဂုတ်လ |
| မျက်နှာဖုံးဒီဇိုင်း | - နွယ်ဦးလှိုင် |
| အတွင်းဖလင် | - A-7 Group |
| ပုံနှိပ်သူ | - ဒေါ်ကျင်ယုံ( ) ကောင်းစံပုံနှိပ်တိုက် အမှတ်(၂၇၉/ခ)(၄၀)လမ်း၊ (၉)ရပ်ကွက်၊ကျောက်တံတားမြို့နယ် |
| ထုတ်ဝေသူ | - ယဉ်မျိုး- စာအုပ်တိုက်(၀၁၁၇၆) (၉)ရပ်ကွက်၊(၄၀)လမ်း၊ အမှတ်(၂၇၄/B)၊ ကျောက်တံတားမြို့နယ် |
| ဖြန့်ချိရေး | - UNION PUBLISHING HOUSE |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၂၀၀၀ ကျပ် |

မောင်လှမျိုး-ချင်းချောင်းခြံ

ယဉ်မျိုးစာအုပ်တိုက်

၂၅၁-စာ၊ ၁၃ -၄ x၂၀ •၉၆ စင်တီ၊


# အချစ်ဆိုတဲ့ ကိုယ်တော်ချော

**မောင်လှမျိုး** (ချင်းချောင်းခြံ)

www.burmeseclassic.com

www.burmeseclassic.com

" . . . . အတိုက်အခံဆိုတာ၊ တစ်ယောက်နဲ့ တစ်ယောက် ကဖျက်ယဖျက် လိုက်လုပ်နေရတာ မဟုတ်ဘူး။ တစ်ယောက်က၊ ငါးဆယ်ဖိုးပဲ အလုပ်လုပ်နိုင်ရင်၊ ကျန်တစ်ယောက်က၊ တစ်ရာဖိုး လုပ်နိုင်အောင်၊ ပြိုင်လုပ်ရတာပါ။

အဲဒါကို နားမလည်ရင် အတိုက်အခံကို၊ ရန်သူလို့ ထင်မှတ်တတ်တယ် . . . "

(နေမြတ်နောင်)

မှန်တာလုပ်၍
ရှုံးချင် ရှုံးစေ၊ မတွေဝေဘူး
သမိုင်း သက်သေ ထူလိမ့်မည်။ ။

(နေမြတ်နောင်)

မခံချင်စိတ် တစ်ခုတည်းနဲ့၊ ဘယ်အရာကိုမှ ရင်မဆိုင်ပါနဲ့၊

(နေမြတ်နောင်)

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းမေတ္တာ
ဒီမိုကရေစီ
ဘဝ၏ ဇာဏ်ရာ ဇာဏ်ချက်အချို့နှင့်
နေမြတ်နောင်များ . . . . . သို့

## (၁)

ထောင်ဝင်းတံခါးကို ကျောပေးလိုက်သည့်အချိန်တွင်၊ ကိုနေမြတ်နောင်၏ စိတ်ထဲ၌၊ ခံစားမှုတစ်ခု၊ ရုတ်တရက်ဝင်ရောက်လာလေ၏။ ထိုစိတ်ခံစားမှုကို၊ သေသေချာချာ၊ အမည်မပေးတတ်သော်လည်း၊ ကိုယ်ချစ်ခင်တွယ်တာရသူ တစ်ဦးတစ်ယောက် ထောင်ရှေ့မှာ၊ လာရောက်စောင့်ဆိုင်း ကြိုဆိုနေသလိုလို ခံစားမှုမျိုးဟု၊ ခံစားသိဖြင့်သာ၊ သိလိုက်သည်။

ဒါ . . . မဖြစ်နိုင်သော ကိစ္စဟု၊ ခံစားသိကို၊ ဉာဏ်အသိဖြင့် ဖယ်ထုတ်လိုက်ရ၏။(ဘယ်လိုလုပ် ဖြစ်နိုင်တော့မှာလဲ။ ချစ်ခဲ့ဖူးသူ စိမ်းမြရည်နှင့် ကွေကွင်းခဲ့ရသည်မှာ၊ သူ့ထောင်အသက်တမျှ)။

စိမ်းမြရည်များ၊ လာကြိုနေတာလား . . . ဟု၊ တွေးမိပြန်သေး၏။ "ဟာ . . ဒါ, မဖွယ်မရာ အတွေးပဲ။ သူမှာ . . သူ့အိမ်ထောင်နဲ့သူ၊ သူ့သမီးသားနဲ့သူ၊ ရှိနေခဲ့တာ ကြာလှပြီပဲ" . . ဟု၊



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်အတွေးဖြင့် စိတ်အတွေးကို၊ ဖယ်သတ်ပစ်လိုက်သည်။

"ဩော်။ ဘာပဲ ဖြစ်ဖြစ်၊ တစ်နိုင်ငံလုံး အုံးအုံးထ, ထောင်ဝ,မှာ၊ လာကြိုနေကြတာဆိုတော့၊ စိမ်းမြရည်လည်း၊ မိသားစုနဲ့အတူ၊ ခင်ပွန်းသမီး သားတို့နဲ့အတူ၊ သူ့ကို၊ ရည်စူးတာမျိုး မဟုတ်ဘဲ။ သူ့ကဲ့သို့သော၊ တခြား နိုင်ငံရေးအကျဉ်းသားတွေကို လာရောက်ကြိုဆိုတာများလား . . . "ဟု၊ ဝိနည်းလွတ် တွေးမိပြန်ပါ၏။

စိမ်းမြရည်က၊ နိုင်ငံရေးကို အဲဒီလောက် စိတ်ဝင်တစားရှိခဲ့သူမှ မဟုတ်ဘဲ . . ဟု သိသဖြင့်၊ ဝင်လာသမျှ အတွေးကို၊ အဆုံးသတ်ပစ်လိုက်ရသည်။

သို့သော်

အတွေးဟူသည်၊ အခံစိတ်ကို အခြေခံ၍ ဆ,ပွားလာရသော သဘာဝတစ်မျိုးမို့၊ ဒါတွေမတွေးခင်၊ သူ့အလိုလို ဝင်ရောက်လာသော၊ စိတ်(ခံစားမှု) တစ်ခု၊ ရုတ်တရက် ဝင်လာရခြင်းကိုတော့၊ သူ မည်သို့မျှ မပယ်သတ်နိုင်။





အဘယ်ကြောင့်ဆိုသော်၊ ဘာတိုမျှ မမျှော်တွေးဘဲ၊ သူ့အလိုလို ဖျတ်တနဲ့ ဝင်ရောက်လာသော ၊ ခံစားစိတ်သက်သက်။

ထိုခံစားစိတ် သက်သက်ကို၊ သူ . . . တကယ် အမည်မတပ်တတ်။

ထိုအမည်မတပ်နိုင်သည့် စိတ်ခံစားမှုကတော့၊ သူဖိတ်ခေါ်၍ တွေးတော၍ ရောက်လာခြင်းမဟုတ်မှန်း၊ သူ့ကိုယ်သူသိ၏။

အမည်မတပ်တတ်သော်လည်း၊ ကိုယ်ချစ်ခင် တွယ်တာရသူ တစ်ဦးတစ်ယောက်၊ ထောင်ရှေ့မှာ၊ လာရောက်ကြိုဆိုနေသလို ခံစားမှုမျိုး . . . ဟုတော့၊ ခံစားသိဖြင့် ၊ သူသိ၏။

ဒါကို၊ အလွယ်ပြောပြရလျှင်၊ ကြိုတင်သိရှိသော၊ စိတ်တစ်မျိုးဟုသာ၊ အမည်ပေးရချေတော့မည်။

ထိုကဲ့သို့ ကြိုတင်သိရှိသော စိတ်တစ်မျိုးကို၊ လွန်ခဲ့သည့် နှစ်ပေါင်း(၂၀)နီးပါးလောက်က၊ သူ့စိတ်ထဲမှာ တစ်ကြိမ်ဖြစ်ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းကလည်း၊ ထောင်ဝင်းတံခါးကို၊ ကျော်နိုင်းလိုက်ချိန်မှာ၊ သူ . . . လုံး၀,မျှော်လင့်တွေးတောမထားသော၊ စိတ်ခံစားမှုတစ်မျိုး၊ သူ့စိတ်အတွင်းသို့ ဝင်ရောက်လာဖူး၏။

ကိုယ်ချစ်ခင်တွယ်တာရသူ တစ်ဦးတစ်ယောက်က၊ ထောင်ရှေ့မှာ၊ လာရောက်ကြိုဆိုနေသလိုလို၊ ခံစားမှုမျိုး။

ထိုစဉ်က-

၁၉၉၃ - ခုနှစ်၊

ꩤꩤꩤ



၁၉၈၈ - ၁၉၉၃ - ၂၀၀၂

www.burmeseclassic.com

www.burmeseclassic.com

"မြင့်မြတ်တဲ့ နိုင်ငံသားတိုင်းဟာ၊

အာဏာရှင်ကို မလိုလားဘူး။

(နေမြတ်နောင်)

(၂)

ထောင်ဝင်းတံခါးကို၊ ကျောပေးလိုက်သည့်အချိန်တွင်၊ နေမြတ်နောင်၏ ခံစားမှုတစ်ခု၊ ရုတ်တရက်ဝင်ရောက်လာလေ၏။ ထိုစိတ်ခံစားမှုကို၊ သေသေချာချာ၊ အမည်မပေးတတ်သော်လည်း၊ ကိုယ်ချစ်ခင်တွယ်တာရသူတစ်ဦးတစ်ယောက်၊ ထောင်ရှေ့မှာ လာရောက် စောင့်ဆိုင်း ကြိုနေသလိုလို၊ ခံစားမှုမျိုးဟု၊ ခံစားသိဖြင့်သာ၊ သိလိုက်သည်။

၂

လာရောက်ကြိုဆိုနေသူမှာ၊ တခြားသူမဟုတ်၊ လွန်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်ကျော်ငါးနှစ်နီးပါးအတွင်း၊ ထောင်ဝင်စာ လေးကြိမ်လောက်သာ၊ လာတွေ့ခွင့်ရရှာသော၊ သူ၏ ချစ်သူ စိမ်းမြရည်ဖြစ်၏။

ꩠꩠꩠ

သက်ဆိုင်ရာက မြို့နယ်၊ ရပ်ကွက်၊ မိသားစုဆီသို့ လိုက်ပါပို့ဆောင်ပြီးပါမှ၊ စိမ်းမြရည်နှင့် စကားပြောဖြစ်သည်။ အမေက၊ ပြုံးလျက်ကြိုသည်။ မျက်ရည်ဝေ့တွေကို ပြိုမကျအောင် ထိန်းကာ၊ နှုတ်ခမ်းစေ့လျက်၊ ပြုံးဟန်ပြုနေရှာ၏။ နှုတ်ခမ်းစေ့လျက်၊ ပြုံးဟန်ပြုနေသူ၊ အမေ့ပါးချိုင့်လေးကို သူ. . . မွှေးမွှေးပေးလိုက်သည်။ တွယ်ဖက်လျက်၊ အမေ ထွေးပွေ့၏။ ပြီးမှ " သား ကောင်မ,လေးနဲ့ စကားပြောလိုက်ဦး". . ဟု အမေခွင့်ပေးလိုက်သည်။

ꩠ

(မမြင်ရတာ အတော်တောင်ကြာပြီနော် . . ဟု၊ တေးသီချင်းစာသားဆန်ဆန်ပင်၊ စကားဦးတင်၊ နှုတ်ခွန်းဆက်ချင်မိသေး၏။)

"ငါလွတ်မယ့်နေ့ကို၊ နင် သိလို့, လာစောင့်နေတာလား"





"သေသေချာချာတော့ မသိဘူး။ တခြားသူတွေလွတ်တဲ့သတင်းကြားလို့ လာ လာစောင့်နေတာ၊ နေ့တိုင်း။ ဒီနေ့နဲ့ဆို၊ ရှစ်ရက်ရှိပြီ"

"အားနာတယ်"

ချိုသာ ချစ်စကားတို့၊ နူးညံ့သိမ်မွေ့စွာ၊ ပြောတတ်ချင်သည်။ သို့သော် . . ကိုယ်စိတ်နှစ်ပါး ထုံကျင်နေခဲ့သူ၏ နှုတ်ထွက်စကားတို့မှာ၊ ခြောက်သွေ့ အေးစက်နေရ၏။

"အားနာစရာလား ကိုနောင်ရယ်။
ဒီလိုနေ့မျိုးကို၊ စိမ်း နေ့တိုင်း မျှော်နေခဲ့ရတာ။
စိမ်း . . . သိပ်ပျော်တာပဲ၊ ကိုနောင်ရယ်။
ချစ်သူနဲ့ ကွေကွင်းနေရတဲ့ . . . . စိမ်းလည်း၊
အကျဉ်းကျနေရတာနဲ့ အတူတူပါပဲ။
အခုမှ၊ စိမ်းလည်း၊ လွတ်မြောက်ရသူပါ
ကိုနောင်ရဲ့"

"အင်းလေ။ အဲဒါကိုပဲ။ ငါ ပြောတာ။
ငါ့ ကြောင့်၊ နင် စိတ်ဆင်းရဲခဲ့တာတွေအတွက်
အားနာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုနောင်။ ဘာဖြစ်လို့ နင်တွေငါတွေနဲ့ ပြောနေရတာလဲ။ စိမ်းကို၊ စိတ်ဆိုးစရာများ ရှိနေလို့လား"

သူ. . . ခေါင်းမညိတ်။ ခေါင်းမခါ။

"ပြောလေ။ စိမ်းကို စိမ်းလို့တောင် မခေါ် ချင်တော့တာလား"

"ခေါ်ချင်ပါတယ်။ ဘာစကားတွေ၊ ပြောရမှန်း မသိသေးလို့"

အမှန်က၊ ပြောစရာ စကား[illegible]၊ ရင်ထဲမှာ တစ်ပုံတစ်ပင်။ သမိုင်းစဉ်ကဲ့သို့၊ ရှုပ်လျားထွေပြားစွာ၊ ရင်ထဲတွင်၊ ရှိနေရ၏။

စိမ်းမြရည်ကို၊ ငေးကြည့်နေမိပါလျက်၊ စိမ်းမြရည်၏ ဖခင်(ဦးစိမ်းခိုင်)၏ မျက်နှာစိမ်းကြီးကို၊ မြင်နေသကဲ့သို့၊ ဖြစ်၏။

အဖြစ်မှန်စကား ဆိုချင်သော်လည်း၊ ချစ်သူ စိမ်းမြရည်ကို၊ အမှန်တကယ် အားနာရသဖြင့်၊ စကားအသုံးတို့၊ လိပ်ပတ်မလည်။

"ကိုနောင်၊ ဒီနေ့လွတ်မယ်ဆိုတာကို၊ ဖေဖေလည်း၊ သိတယ်။





ရက်အတိအကျတော့ မဟုတ်ဘူးပေါ့။ အခု၊ ကိုနောင့်ဆီကို၊ စိမ်းလာကြိုတာ၊ ဖေဖေသိတယ်"

"အဲဒါ၊ ဘာ အဓိပ္ပါယ်လဲ စိမ်း"

"အန်။ ဘာကိုမေးတာလဲ"

'ဦးစိမ်းခိုင်က၊ ကိုနောင့်ကို၊ ကြည်ဖြူတဲ့ သူမှ မဟုတ်ဘဲ။

စိမ်း ကိုနောင်ဆီလာတာ၊ သူသိတယ် ဆိုတော့ သူခွင့်ပြုတဲ့သဘောလား။ ဘာလဲ။ အဲဒါကို မေးတာ"

စိမ်းမြရည်က၊ ရွှင်ပျစွာ ပြုံးလျက်-

"ဖေဖေက၊ စိမ်းနဲ့ကိုနောင့်ကိစ္စ, ဆွေးနွေးညှိနှိုင်းချင်တယ်. . . တဲ့။ မှာလိုက်တယ်လေ"

"အခု . . ချက်ချင်းလား"

"ကိုနောင် အဆင်ပြေတဲ့နေ့ပေါ့"

သူ. . . မဲ့တဲ့တဲ့ ပြုံးလိုက်၏။

ထိုသို့ ပြုံးလိုက်စဉ်၊ စိမ်းမြရည် ကြည့်နေသည်ဟု၊ သိသဖြင့်၊ မဲ့ပြုံးအပေါ်၊အပြုံးတုတွေ၊ လှိုင်စွာဖုံးလျက်၊ ကြည်လင်ဟန်ပြု[illegible]၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်မြူးစွာ၊ ပြုံးပြရသည်။

"ကိုနောင်တို့ လူဘောင်သစ် ဒီမိုကရေတစ် ပါတီအတွင်းရေးမှူးကို၊ ဖမ်းဖို့ သတင်းပေးတာ၊ စိမ်းရဲ့အဖေ ဦးစိမ်းခိုင်ဆိုတာ၊ လူတော်တော်များများ သိတယ်နော် စိမ်း"

"ဖေဖေ ပြောတာတော့၊ သတင်းပေးတာ မဟုတ်ဘူး . . . တဲ့။ အိမ်လိပ်စာမေးလို့ လမ်းညွှန်လိုက်တာ. . . . တဲ့။ ဖမ်းမယ်ဆိုးမယ် မသိဘူး . . . တဲ့"

"အခု . . ။ သူက တ-စ-ည လို့ခေါ်တဲ့၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ လူငယ် တာဝန်ခံဆို"

"ကိုနောင်က၊ အထဲက,နေကြားတယ်၊ ဟုတ်လား"

"နံရံတိုင်းမှာ နားရှိတယ် စိမ်းရဲ့၊ ထားလိုက် ပါလေ။

ကိုနောင် ပြောချင်တာက၊ တိုင်းရင်းသား





စည်းလုံးညီညွတ်ရေးပါတီ၊အဲ . . ။မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို၊ အမည်ပြောင်းထားတဲ့၊ ပါတီ။

အဲဒီပါတီက၊ အရာရောက်တဲ့၊ လူကြီး တစ်ယောက်နဲ့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊ မြို့နယ်ဥက္ကဋ္ဌ၊ ထောင်ထွက်နဲ့၊ ဘာကိုဆွေးနွေး ဆွေးနွေး၊ အဆင်ပြေစရာအကြောင်းမရှိဘူး. . လို့ စိမ်း . . . ကြိုသိထားစေချင်တာ"

" နိုင်ငံရေး ဆွေးနွေးမှာ၊ မဟုတ်ပါဘူး ကိုနောင်ရဲ့။

ကိုနောင်နဲ့ စိမ်းတို့ နှစ်ယောက်ရဲ့ အရေး၊ အချစ်ရေး . . . အိမ်ထောင်ရေး . . . သိပြီ လား"

"ဘာကို ဆွေးနွေးဆွေးနွေး၊ . . . . လို့ ကိုနောင်ပြောတာလေ"

ချစ်သူ့မျက်နှာ၊ ညှိုးငယ်သွားသည်ကို၊ သိ၏။ပါးမို့မို့ လေးကို၊ လက်ညှိုးလက်မ, နှစ်ချောင်းဖြင့်၊ ဖွဖွဖျစ်လျက်၊ အားပေး စဖွယ်၊ ပြုံးပြလိုက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှားမှန်းမသိသူ၊ မှားမှန်းသိလျက် ဝန်မချလိုသည့်အပြင်၊ အနိုင်ယူ မင်းမူလိုစိတ် လွှမ်းပိုင်မာန်ထ, နေသူမျိုးတို့နှင့် အဖိစီးခံ တွန်းလှန်ထကြွ ရုန်းကန်တော်လှန်တတ်သူတို့၏အကြား၊ ပါးလှပ်သောကြိုးတစ်မျှင်မျှ ၊ ခြားနေစေဦးတော့။

ထိုကြိုးမျှင်ကို၊ ဖယ်ခွာရခက်ပေမည်။ အကြောင်းမှုကား၊ မမွှနှင့် အမေမွှအကြား၊ ဖိအားနှင့် တွန်းအားတို့သည်၊ သူတစ်ပြန် ကိုယ်တစ်ပြန်၊ အဖန်ဖန် တွန်းတိုက်နေလေ့ရှိတတ်၏။

အမည်းဟူသည် အဖြူရှိနေခြင်း၏ သင်္ကေတ၊ အဖြူဟူသည်၊ အမည်းရှိနေခြင်း၏ သင်္ကေတမို့၊ လောကသဘာဝ၊ ထာဝရ တွန်းတိုက်နေတတ်ကြလေ၏။ (မမွှသည် ရှုံးနိမ့် ရိုးထုံးစံမရှိဟု၊ ဆိုကြသော်ငြား၊ ကာလ,ပျက်နေစဉ် အခါမျိုး၌၊ အမေမွှတို့၊ ပိုမို စိုးမိုးနိုင်စားနေတတ်သည်)။

## (၃)

၁၉၈၈- ခုနှစ်၊ မတ်လ (၁၆)ရက်နေ့၊ အင်းလျားကန်ပေါင်နံဘေး။ (တံတားဖြူကို တံတားနီဖြစ်သွားစေသော) မြင်ကွင်းကို နေမြတ်နောင် တစ်ယောက် မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရချိန်မှ အစပြုကာ၊ စစ်အာဏာရှင်အစိုးရကို၊ ရုပ်ပြောင်း ရုပ်လွှဲလုပ်ထားသော၊ မ-ဆ-လ(မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ) အစိုးရကို၊ အသည်းကြွေမတတ်၊ မုန်းတီးခဲ့ရ၏။

လက်နက်မဲ့ ကျောင်းသား၊ ကျောင်းသူများကို၊ ရှေ့တန်းစစ်မျက်နှာပြင်မှာ၊ ရန်သူကို ဖြိုခွင်းသကဲ့သို့သော၊ အမူအကျင့်ဖြင့်၊ ပြုမူနိုင်စားခဲ့ခြင်းသည်၊ မြန်မာပြည်၌ လူ့အခွင့်အရေး





www.burmeseclassic.com

www.burmeseclassic.com



ချိုးဖောက်ဖျက်ဆီးနေသည်ဟု၊ ဖော်ပြလိုက်သည်နှင့်အတူတူ ဖြစ်၏။

ရဟန်း ရှင်လူ ကျောင်းသား ပြည်သူတစ်ရပ်လုံးကို၊ ရန်သူလိုသဘောထားကာ၊ အမြစ်ဖြုတ်သုတ်သင်လေသည့်၊ ရုပ်ဝါဒီ ဆန်ဆန် အပြုအမူကို၊ ကြည့်မြင်မျက်တွေ့လျက်၊ ဒီလို. . အစိုးရမျိုး၊ ဒီလို အပြုအမူဝါဒမျိုး၊ ဝါဒီမျိုးကို၊ လူပီသ,သော၊ လူ့တန်ဖိုးကိုသိသော၊ လူ့အခွင့်အရေးကို၊ နားလည်သော၊ မည်သူမဆို ဆန့်ကျင်တော်လှန်သင့်သည်ဟု၊ အခြားသော၊ ညီနောင်ကျောင်းသားများ၊ တွေးမှတ်သကဲ့သို့၊နေမြတ်နောင်လည်း၊အသွေးထဲ၊အသားထဲ၊ အသည်းထဲက၊ တွေးမှတ်ဆုံးဖြတ်ခဲ့သူဖြစ်၏။

၈-၈-၈၈(ရှစ်လေးလုံး) အရေးတော်ပုံကြီးတွင်၊ဗ-က-သ (ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ)နှင့်အတူ၊ သူ . . ပါဝင်ခဲ့သည်။

၂၈-၈-၁၉၈၈ တွင် (ပြန်လည်ဖွဲ့စည်းခဲ့သော) ဗမာ





နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ(ဗ-က-သ)တွင်၊ ထင်ရှားသော ကျောင်းသားခေါင်းဆောင်များနှင့် အတူ၊ ဘော်ပါတီ အာဏာရှင် (မ-ဆ-လ) စစ်အစိုးရကို၊ ဒီမိုကနေစီ အောင်လံတော်လွှင့်လျက်၊ အားကောင်းမောင်းသန်၊ ဆန့်ကျင်တိုက်ပွဲဝင်ခဲ့၏။

(၁၈-၉-၁၉၈၉)တွင်၊ စစ်အာဏာရှင်များက၊ တိုင်းပြည်အာဏာကို၊ ထပ်မံ၍ မတရားသိမ်းပိုက်လိုက်ပြန်သည်။

ထိုအာဏာရှင်တို့ကို၊

ဆက်လက်တော်လှန်ဆန္ဒပြခဲ့သော၊ ရဟန်း ရှင်လူ ကျောင်းသား ပြည်သူအများသေကြေ ကျဆုံးခဲ့ကြပြန်၏။

တချို့က လွတ်မြောက်နယ်မြေသို့၊ ထွက်ခွာသွားကြသည်။ ထင်ရှားသော ကျောင်းသားခေါင်းဆောင်များနည်းတူ၊ သူသည်လည်း ငုတ်လျှိုးလျက်၊ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ စာရွက်စာတမ်းများကို ဖြန့်ဝေကာ၊ ဆက်လက်တိုက်ပွဲဆင်နွှဲခဲ့သည်။

ထို့နောက်-

ကျောင်းသားအများစုပါဝင်တည်ထောင်သော" လူ့ဘောင်



www.burmeseclassic.com

www.burmeseclassic.com



သစ် ဝိမိုကရစ်တစ်"ပါတီသို့ ဖြို့နယ်၊ ပါတီဝင်အဖြစ် ဝင်ရောက်ခဲ့သည်။

အာဏာရှင်ပြုလုပ်ပေးမည့် ရွေးကောက်ပွဲကို၊ မယုံကြည်နိုင်သေးသဖြင့်၊ ကြားဖြတ်အစိုးရတစ်ရပ်ကိုပါ ဟစ်အော် တောင်းဆိုခဲ့ကြ၏။

✿

၁၉၈၉- ခုနှစ်၊ ဇူလိုင်လ,တွင်၊ သူ. . အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

✿✿✿



(၄)

၁၉၈၉- ခုနှစ်၊ မတ်လ (၂)ရက်။

နေမြတ်နောင်နှင့် အပေါင်းပါ (၁၀)ယောက်စလုံး။ အကျီတွေချွတ်ကာ၊ ဝမ်းပေါ်တင်ပြီး၊ ဘတ်(စ)ကားပေါ်တက် လိုက်ကြ၏။

သူတို့(၁၁)ယောက်စလုံး၊ အကျီဗလာနဲ့မို့၊ ခရီးသည်တွေအကုန်လုံးက၊ သတိပြုမိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ညီလေးတို့။

ကားခ"

နေမြတ်နောင်က၊ လက်ခါပြလိုက်၏။

ပြီးမှ-

"ကျွန်တော်တို့၊ အကုန်လုံး၊ ဆင်းရဲကြလို့၊

ဘတ်(စ)ကားခ,တောင်၊ပေးစရာမရှိဘူး အစ်ကိုကြီး"

အသံကို တမင်မြှင့်၍ ပြောလိုက်၏။

ကျောင်းသားတွေမှန်းသိလို့လား၊ လူအုပ်စုများလို့လား၊ စကားနည်းရန်စဲ သဘောထားလိုက်လေသလား၊ မပြောတတ်။

ကားစပယ်ယာ အစ်ကိုကြီးက၊ ခေါင်းလေးညိတ်လျက်၊ ကားနောက်ဘက်သို့ လျှောက်သွား၏။

"ကျွန်တော်တို့တွင် ဆင်းရဲတာ မဟုတ်ဘူး။

တစ်နိုင်ငံလုံး၊ဆင်းရဲနေကြတာ"

စပယ်ယာကို၊ လှမ်းပြောသလိုလိုဖြင့်၊ အော်ပြောလိုက်၏။

ခရီးသည် အားလုံးက၊ သူတို့ကို၊ ဝိုင်းကြည့်နေကြသည်။

ထိုသို့၊

ဝိုင်းကြည့်နေကြပြီဟု၊သေချာသောအခါကျမှ -





နေမြတ်နောင်က -

"ခရီးသွားလုပ်သားပြည်သူ၊ မြန်မာနိုင်ငံသူနိုင်ငံသားအပေါင်းတို့ခင်ဗျား။

ကျွန်တော်တို့ အားလုံး၊ ကျောင်းသားတွေဖြစ်ပါတယ်။

ဒီကနေ့ဟာ၊ မတ်လ(၂)ရက်နေ့ဖြစ်ပါတယ်။ အဲဒီမတ်လ(၂)ရက်နေ့အကြောင်း၊ ပြောချင်လို့ ဒီကားပေါ်တက်လာကြတာ။

မြန်မာစစ်အစိုးရဟာ၊ မတ်လ(၂)ရက်နေ့ကို၊ တောင်သူလယ်သမားနေ့ဆိုပြီး၊ သမိုင်းကိုဖုံးအုပ်ထားကြောင်းလေး၊ပြောပြပါရစေ။

တကယ်တော့ ၁၉၆၂-ခုနှစ်၊ မတ်လ(၂)ရက်နေ့ဟာ မြန်မာနိုင်ငံကို၊ စစ်အာဏာသိမ်းတဲ့နေ့ပါ။

စစ်အာဏာသိမ်းတဲ့၊ အဲဒီနေ့ရက်ကို၊ ပြည်သူလူထုမေ့ပျောက်သွားအောင်၊ စစ်အစိုးရက၊ တောင်သူလယ်သမားနေ့လို့၊ သတ်မှတ်ဖုံးအုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာပါ။

အဲဒီ့စစ်အစိုးရကြောင့်၊ ကျွန်တော်တို့တစ်နိုင်ငံလုံး၊ ဆင်းရဲမွဲတေခဲ့ကြရပြီး၊ရဟန်းရှင်လူကျောင်းသား ပြည်သူတစ်ရပ်လုံးလည်း၊ သွေးမြေကျခဲ့ကြရပါတယ်"

ကားစပယ်ယာက၊ အနားသို့လာပြီး၊ မဝံ့မရဲဖြင့်-

"ညီလေး၊ ကားခ,မပေးရင် မပေးပါနဲ့ကွာ။ အဲဒါတွေတော့၊ မပြောပါနဲ့၊ နော်. . ညီလေး . . နော်"

"ရှေ့မှတ်တိုင်မှာ၊ ကျွန်တော်တို့ဆင်းမှာပါ။ အစ်ကိုကြီးတို့၊ ဘာမှမဖြစ်စေရပါဘူး။

အစ်ကိုကြီးတို့ကြောက်တဲ့၊ အစိုးရကို၊ ကျွန်တော်တို့ မကြောက်ဘူး"

ပြောပြီး . . ၊ ခရီးသည်များဘက်သို့ ပြန်လှည့်ကာ၊ စကားဆက်၏။

"အဲဒီ့၊ အာဏာရှင် စစ်အစိုးရ လက်အောက် က,နေ၊ တစ်တိုင်းပြည်လုံးလွတ်မြောက်ဖို့၊





ကျွန်တော်တို့ အသက်ပေးပြီး၊ ဆောင်ရွက်နေပါတယ်. . လို့၊ လုပ်သား ပြည်သူများကို၊ အသိပေးလိုက်ပါတယ် ခင်ဗျား"

သူတို့အားလုံး လက်ခုပ်တီးကြသည်။ (ခရီးသည်တွေထဲက၊ တစ်ယောက် နှစ်ယောက်သာ လက်ခုပ်တီး၏၊ အများစုက၊ မတီးရဲကြ)။

"အားလုံးကို ကျေးဇူးတင်ပါတယ်။ မြန်မာပြည်ကြီး စစ်အာဏာရှင်လက်အောက်က အမြန်လွတ်မြောက်ကြပါစေ"

အဖမ်းအစီး အရိပ်လက္ခဏာကို ကြည့်ပြီး၊ ဘတ်(စ) ကားတွေပေါ်သို့၊ တက်ကာ၊ အထက်ပါ စကားမျိုးတွေကို၊ အလှည့်ကျ ပြောဟောကြ၏။

ပြောလိုက်၊ ကိုယ်ယောင်ဖျောက်လိုက်ဖြင့်၊ ကျီးလန့်စာစား၊ . . လူထုအတွင်းမှ၊ ပုန်းလျှိုး ကွယ်လျှိုး တော်လှန်ရေး . . . ဟု၊ အမည်သညာ တပ်မိခဲ့ချေသည်။ ဘဝ စိတ်နှလုံး၊ ခွန်အားခဲ့ကြရ၏။

(ထိုနေ့ မတိုင်မီကလည်း၊ ခေါ်ခင်ကြည် ဈာပနအခမ်း

www.burmeseclassic.com



အနားသို့ ထင်ရှားသော ကျောင်းသားခေါင်းဆောင်များနှင့်အတူ၊ စီတန်း လိုက်ပါသွားခဲ့သေးသည်။

အဖမ်းအဆီးခံရမည်စိုးသဖြင့်၊ ရန်မျိုးအောင် လိုက်ပါမလာခဲ့ချေ။ ညီညီလှိုင်နှင့် တခြားသူငယ်ချင်း အားလုံး၊ ပါဝင်ခဲ့ကြ၏။"သွေးမော်ကွန်း"ကဗျာကို၊ သံပြိုင်ရွတ်ဆိုလျှောက်လှမ်းခဲ့ကြ၏။"ကမ္ဘာမကြေဘူး" သီချင်းကို၊ သံပြိုင်သီဆိုခဲ့ကြ၏။)

၅

လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၏ အရေးပါသူများကို၊ အစိုးရက လိုက်လံဖမ်းဆီးနေကြောင်း၊ သတင်းကြားရ၏။

"...ကိုမိုးသီးဇွန်တောခိုသွားပြီး ...။
မြို့နယ်အသီးသီးက ဥက္ကဋ္ဌတွေ၊ အတွင်းရေးမှူးတွေလည်း၊ အဖမ်းခံကြရတယ်။
ရှောင်တဲ့သူလည်း ရှောင်နေကြပြီဆိုတော့၊
ကျွန်တော်တို့ မြို့နယ်ရဲ့၊ ဒီ..., လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကိုလည်း၊ ဖျက်သိမ်းလိုက်ဖို့၊ အဆိုတင်သွင်းပါတယ်"

ပါတီဖျက်သိမ်းရန်၊





အဆိုတင်သွင်းသူမှာမျက်နှာမကောင်း။နားထောင်နေသူပါတီဝင်များ၊ အားလုံးသည်လည်း၊စိတ်ထိခိုက်နေကြရ၏။ ထိုစဉ်
. . နေမြတ်နောင်က၊ မတ်တတ်ထ,ရပ်လိုက်ပြီး

"ကျွန်တော် မဖျက်သိမ်းချင်ဘူး ။ အလွယ်တကူ ဖွဲ့ခဲ့တဲ့ ပါတီမဟုတ်တဲ့ အတွက်၊ အလွယ်တကူ၊ မဖျက်သိမ်းချင်ဘူးဗျာ။
ကျွန်တော်ပြောတတ်တာ၊ ဒါပါပဲ"

ပါတီဝင် အမျိုးသမီးတစ်ဦးက-

"ကျွန်မလည်း အဲဒီလိုပါပဲ။မဖျက်ချင်ဘူး။
အခြေအနေလည်း ဘာမှန်းမသိပေမယ့်၊ လွယ်လွယ်နဲ့တော့၊ အလံမလှဲချင်ဘူး"

အဆိုတင်သွင်းထားသူက . .

"အတွင်းရေးမှူးရော...၊ ဥက္ကဋ္ဌရော..၊ အဖမ်းခံလိုက်ရပြီလေ။
ဦးဆောင်မယ့်သူမှ၊ မရှိတော့တာ၊ အဲဒါကြောင့် ။ ...
အဲဒါကြောင့်၊ ဖျက်သိမ်းမယ်၊ ပြောတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌချုပ်က . . ကို ဗဟိန်းအောင်နဲ့လည်း၊ အဆက်အသွယ် မရဘူး။ ကျွန်တော်တို့ ဘာလုပ်ရမှန်း မသိတော့လို့ပါ"

နေမြတ်နောင်က . . .

"အခုရှိနေတဲ့ လူတွေထဲမှာ၊ ဥက္ကဋ္ဌ လုပ်မယ့်သူ၊ အတွင်းရေးမှူးလုပ်မယ့်သူ၊ မရှိဘူးလား"

မည်သူ့ထံကမျှ၊ တုံ့ပြန်စကား မကြားရ။

"လုပ်မယ့်လူမရှိရင်၊ ကျုပ်, ဥက္ကဋ္ဌလုပ်မယ်။ အားလုံးသဘောတူရင် လုပ်မှာပါ။ ဥက္ကဋ္ဌလုပ်ရတဲ့ ရည်ရွယ်ချက်၊ ကျုပ်မှာ၊ ကြီးကြီးမားမား မရှိပါဘူး။ ပါတီဝင်တွေ၊ ရှိနေပါသေးလျက်နဲ့၊ ပါတီ ဖျက်သိမ်းရတယ်ဆိုတာကို၊ မဖြစ်စေချင်လို့ပါ"

လက်ခုပ်သံတွေ၊ များစွာထွက်ပေါ်လာ၏။

"ကျွန်တော် အတွင်းရေးမှူးလုပ်မယ်"

မြတ်ထွဋ် . . . ဟုခေါ်သော ပါတီဝင်တစ်ဦး၏ အသံ။ မြတ်ထွဋ် မတ်တတ်ထ, ရပ်သည်နှင့်၊ အားလုံးလက်ခုပ်တီးကြသည်။ ပါတီဝင် မိန်းကလေးတွေ၊ မျက်ရည်ဝဲကြရှာ၏။





ယဉ်ယဉ်ကြည် . . . ဟုခေါ်သော သူငယ်ချင်း မိန်းကလေးက၊ မတ်တပ်ထ၍ ရပ်ပြန်၏။

"နင်တို့၊ ဥက္ကဋ္ဌလုပ်တာ၊ အတွင်းရေးမှူး လုပ်တာ၊ အဖမ်းခံရတာပဲ အမှတ်တင်မှာနော်။ စဉ်းစားကြပါဦး"

ကြည်ကြည်အေး . . . ဆိုသူ၊ သူငယ်ချင်းက,လည်း

"ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတွေကိုပဲ၊ လိုက်ဖမ်းနေတာနော် နေမြတ်နောင်။ နိုင်ငံအဖမ်းခံချင်လို့လား။ အဖမ်းခံရရင်၊ ဘာမှ ဆက်လုပ်လို့ မရတော့ဘူးဟဲ့"

"သေမှာရယ်၊ ထောင်ကျမှာရယ်။ ဆင်းရဲမှာရယ် . . ။ အဲဒီ သုံးခုစလုံးအတွက်၊ ငါ ပြင်ဆင်ထားပြီးသား"

သူငယ်ချင်း မိန်းကလေးတွေ၊ တားဆီးနေသော ထိုအချိန်၌၊ သူ့ချစ်သူ စိမ်းမြရည်တစ်ယောက်၊ အိမ်ထဲမှ အိမ်အပြင်သို့ပင်၊ ထွက်ခွင့်မရ။



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်။

စိမ်း စိုးရိမ်တကြီးနဲ့၊ ဒီစာကိုရေးလိုက်တာပါ။

စိမ်း ဘာနိုင်ငံရေးကိုမှ၊ နားမလည်ဘူး။ ကိုနောင် အန္တရာယ် တစ်ခုခုဖြစ်မှာကို စိုးရိမ်ထိတ်လန့်နေတဲ့ စိတ်ပဲ၊ စိမ်းဆီမှာရှိတယ်။

စိမ်းစကားတို၊ ကိုနောင် နားမထောင်မှန်း သိပေမယ့်၊ စိမ်းကိုသနားရင်၊အန္တရာယ်ကြီးတဲ့ အလုပ်တွေကို၊ မလုပ်ပါနဲ့တော့လို့ပဲ၊ စိမ်း တောင်းတောင်းပန်ပန်နဲ့ ပြောပါရစေ။

နော်။ ကိုနောင် ။ ။

ချစ်တဲ့ -

စိမ်း

ယဉ်ယဉ်ကြည်နှင့် ကြည်ကြည်အေးတို့၊ သယ်ဆောင်လာသည့် စာကို၊ (၂)ခေါက်တိတိသူဖတ်သည်။ ဖတ်ပြီးနောက်





"စာထဲမှာ အရေးတကြီးတိစွလည်း၊ ဘာမှ မပါဘူး။ ဒါနဲ့များ၊ နင်တို့က၊အရေးကြီးတယ်လေး၊ ဘာလေးနဲ့ . . ."

"ဟဲ့၊နင်က ထောင်နှုတ်ခမ်းပေါ် လမ်းလျှောက်နေတာလေ။ စိမ်းမြရည်အနေနဲ့၊ သူ့ရည်စား ထောင်ကျမှာကို၊ တွေးပူနေရတာ။ အဲဒါ,သူ့အတွက် အရေးကြီးတာပေါ့" . . ဟု၊ ယဉ်ယဉ်ကြည်ပြော၏။

ကြည်ကြည်အေးက-

"နင်စိမ်းမြရည်ကို၊ သတိမရဘူးလား"

"သူက၊ ငါ့ရည်းစားပဲ။ ဦးနှောက်ထဲမှာလည်း၊ ဒီအတိုင်းပဲရှိတယ်။

ကျန်တာ ငါ မပြောတတ်ဘူး။ တောခိုရမှာလား၊ ပါတီအလုပ်ပဲ ဆက်လုပ်ရမှာလား၊ ငါ့ ကိုယ်ငါတောင်၊ ဘာလုပ်ရမှန်း မသိတဲ့အချိန်မှာ၊ သူ့ကို သတိရနေလို့၊ ဖြစ်ပါ့မလား"

"ဘာ စကားကြီးမှန်းလည်း မသိဘူး" . . ဟုကြည်ကြည်အေး ပြော၏။



www.burmeseclassic.com

"ငါက၊ ငါ တော့ခိုဖြစ်ရင်၊ ငါနဲ့အတူ သူ လိုက်မလိုက်ဘဲ၊ မေးချင်တာ။အဲဒါပဲ သိချင်တာ"

ကြည်ကြည်အေးက၊

"နင်က၊ တော့ခိုမလို့လား"

" တချို့တော့ သွားကြပြီ။ နယ်စပ်ရောက် နေပြီ။ကြည့်မြင်တိုင်က၊ ညီညီလှိုင်တို့ရန်မျိုးအောင် တို့က,တော့၊ တောမခိုကြဘူး။

တိုင်းရင်းသား အချင်းချင်း၊ လက်နက်ကိုင် လမ်းစဉ်နဲ့၊ မဖြေရှင်းချင်ဘူး. . . တဲ့။

ငါလည်း. . . လက်နက်တော့၊ မကိုင်ချင် ဘူး။ ဒါပေမဲ့ . ဘာလုပ်ရမှန်းလည်း မသိဘူး။

လက်နက်နဲ့ အုပ်ချုပ်နေတဲ့ အစိုးရကို၊ လက်နက်မပါဘဲ၊ တော်လှန်နေရတာ၊ သိပ်, မထိ ရောက်ဘူး။ ပေးဆပ်ရမယ့် အရင်းအနှီးများလွန်း တယ်။

ဒါပေမဲ့ . . မြန်မာ မြန်မာချင်း၊ သေနတ် ကြီးတွေနဲ့ တိုက်ကြရမှာကို၊ ငါ ဝန်လေးနေတာ





အမှန်ပဲ"

ယဉ်ယဉ်ကြည်က . . . .

"အေးဟာ။ ကျောင်းသား ပြည်သူတွေ၊ ရဟန်းရှင်လူတွေကို၊ တကယ့်ရန်သူလိုသဘော ထားပြီး၊ အနိုင်ကျင့်တာကြီးကိုတော့၊ ငါတို့ လုံးဝ မကျေနပ်ဘူး။

အစိုးရ အဆက်ဆက်၊ ကျောင်းသားကို၊ ရန်သူလို့များ၊ တံဆိပ်ကပ်ထားသလားမသိဘူး"

"မေတ္တာမရတဲ့သူက၊ မေတ္တာနဲ့ ဘယ်တုံ့ပြန်တတ်ပါ့မလဲ"

ဟု၊ သူ . . . ပြောခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

(၅)

"မင်းတို့ အတွင်းရေးမှူး အဖမ်းခံရပြီဆို" . . ဟု၊ ရန်မျိုးအောင်၊မေး၏။ ညီညီလှိုင်က -

"စိမ်းမြရည်ရဲ့အဖေက၊ မြတ်ထွန်းအိမ်ခေါင်မိုးပေါ်မှာ ပုန်းနေတာကို၊ တွေ့ပြီး သတင်းပေးလိုက်တာတဲ့"

"အဲဒီ လူကြီးနဲ့၊ ငါနဲ့တော့ ငြိတော့မယ်ကွာ။ တောက်"





"မင်းလည်း၊ ရှောင်နေတော့လေ" . . . ဟု၊ ညီညီလှိုင်ပြော၏။

"မလိုသေးဘူး ထင်ပါတယ်ကွာ။ ငါ . . .

အသွားအလာ သတိထားပါတယ် ။

ဘာအရိပ်အယောင်မှတော့၊ မမြင်သေးဘူး"

ရန်မျိုးအောင်က-

"မြတ်ထွန်းတောင် အဖမ်းခံရပြီကွာ။

မြတ်ထွန်းက အတွင်းရေးမှူး၊ မင်းက ဥက္ကဋ္ဌဆို။

အတွင်းရေးမှူးတောင်၊ ဆွဲနေပြီ။ဥက္ကဋ္ဌက၊

အမှုလွတ်မယ်ထင်လို့လား"

"ငါတို့က၊ လက်နက်ကိုင် ပုန်ကန်နေတာမှ

မဟုတ်တာ။ ဘာပုဒ်မ,နဲ့၊ အရေးယူလို့ ရမှာလဲ"

ရန်မျိုးအောင်က -

"ဟာ၊ သူငယ်ချင်း။ စစ်အာဏာရှင်မှာ၊

ခိုင်မာတဲ့ ဥပဒေဆိုတာ မရှိဘူးကွ။

အမိန့်ဟာ ဥပဒေပဲ၊ ဘာပုဒ်မ,နဲ့မှ၊ ဖမ်းလို့

မရရင်တောင်၊မှောင်ရိပ်ခိုမှုဆိုပြီး၊ ဖမ်းလို့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မသင်္ကာမှုဆိုပြီး၊ ဖမ်းလို့ ရတယ်ကွ၊

နောက် စ . မ . က ပုဒ်မ, ဆိုတာလား၊ ရှိသေးတယ်"

"ဘာလဲ စ . မ . က ပုဒ်မ"

"သူတို့၊ သောက်မြင်ကပ်ရင်၊ ဖမ်းလို့ရတဲ့ ပုဒ်မ,လို့ ပြောတာ"

ညီညီလှိုင်က . .

"ပေါ့ပေါ့နေလို့တော့ မရဘူး နေမြတ်နောင်၊ ငါတို့ ဟို ဓာတ်ပုံကြီး ဝေထားတာလေ၊အောတီ အစ်(စ) ဒီအက်(ဖ)က၊ ပုံလေ"

"ဩော် . . ."

စစ်ခမောက်တစ်လုံး၊အပေါ်၊ အမျိုးသမီးတစ်ဦးက၊ ခြေတင်လျက်၊ သေနတ်ကိုင်ထားသော၊ ဓာတ်ပုံတစ်ပုံကို၊ သူတရား မဝင် လိုက်လံဖြန့်ဝေထားဖူးသည်။

ညီညီလှိုင်က-

"အဲဒါ . . ဖြန့်တုန်းက၊ မြတ်ထွဋ်လည်း ပါတယ်မဟုတ်လား"





"အင်း"

"ထွန်းအိ၊ သန်းစိုးမြင့်၊ သန်းဇော်ထွဋ်၊ သူတို့တွေလည်း ပါတယ်မဟုတ်လား"

"ပါတယ်"

"သူတို့အကုန်၊ အဖမ်းခံထားကြရပြီပဲ။ ဖလင်ယူလာတဲ့၊ ကိုခင်မောင်ဝင်းလည်း၊အဖမ်းခံရပြီ ကြားတယ်၊သူတို့တွေထဲက၊ တစ်ယောက်ယောက် ဖော်လိုက်ရင်၊မင်းရော . . ငါတို့ရော . . အမှုတွဲပဲ၊

မင်းလည်းရှောင်၊ ငါတို့လည်းရှောင်ဖို့၊ လာပြောတာကွ"

သူက၊ အေးတိ အေးစက်ဖြင့် -

"ကြိုရှောင်ရင်၊ အပြစ်လုပ်ထားလို့၊ ရှောင်တယ်ထင်မလား၊ သဲလွန်စ, ပေးသလို ဖြစ်နေမလား၊

ငါ စဉ်းစားပါတယ်"

ရန်မျိုးအောင်က-

"စဉ်းစားခန်း မဆုံးခင်၊ မိသွားမှာ စိုးလို့ ပြောတာကွ"



www.burmeseclassic.com

www.burmeseclassic.com



အခုက,စပြီး၊ သတိနဲ့ နေတော့ကွာ။ မျက်နှာစိမ်းတွေ့ရင်၊ သတိပိုထား။ . . . . ”

သူခေါင်းညိတ်၏။

ရန်မျိုးအောင်က-

“ငါကတော့၊အတတ်နိုင်ဆုံး၊တောမခိုဘူး။ အဖြစ်နိုင်ဆုံး အဖမ်းမခံရအောင် နေမယ်။

သိပ်ထင်ရှားရင်၊ အန္တရာယ် ဖြစ်မယ် ဒါကြောင့် မထင်ရှားအောင်၊ နေတဲ့အခါ၊ နေရမယ် လေကွာ။

နော်သူငယ်ချင်း။ အခုက,စပြီး၊ မင်း ဘာလုပ်လုပ်၊ဘယ်သွားသွား၊ ဘယ်သူ့ကိုမှ၊ မပြောနဲ့တော့. . ”

သူငယ်ချင်း နှစ်ဦး၏ အရေးတကြီး သတိပေးစကားများကို၊ သူ သေသေချာချာ နားထောင်၏။

စိတ်သည်၊ ထုံပေပေ ဖြစ်နေသည်မှ အပ၊ အထိတ် အလန့် မဖြစ်ခဲ့။





“လူဘောင်သစ်ပါတီဝင်တွေကို၊ လိုက်ဖမ်းနေကြပြီဆို၊ ဟုတ်လား ကိုနောင်”

စိမ်းမြရည်က စိုးရိမ်စွာမေး၏။

“ပါတီဝင်တွေကို ဖမ်းတာမဟုတ်ပါဘူး။ တောတွင်းနဲ့ ဆက်သွယ်ခဲ့သူတွေကို၊ ဖမ်းတာ”

“တောတွင်းဆိုတာ၊ သူပုန်တွေကို ပြောတာလား”

“စိမ်း။ စကားကို ဆင်ခြင်ပြီးပြော၊ တောထဲမှာ၊ ဘာသူပုန်မှမရှိဘူး။

အစိုးရကို ဆန့်ကျင်တဲ့သူ၊ ဘယ်လိုလူကိုမဆို၊ တော်လှန်ရေးသမားလို့ပဲ၊ ခေါ်ပါ၊ တော်လှန်ရေးသမားတွေကို၊ သူပုန်လို့ မခေါ်ပါနဲ့။ နိုင်ငံသူနိုင်ငံသား၊ တိုင်းသူ ပြည်သား ခုနစ်ရက်သား သမီးတိုင်းကို၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင်၊ ဗုက္ခ အမျိုးမျိုးပေးနေတဲ့ သူတွေကိုပဲ၊ သူပုန်လို့ခေါ်”

“သောင်းကျန်းသူဆိုတာက,ရော” . . ဟု၊ စိမ်းမြရည် မေးပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့မတူ ငါရန်သူလို့ သဘောထားပြီး။ ရပိုင်ခွင့်တွေအပေါ်၊ အစားသောင်းကျန်း၊ အယူသောင်းကျန်း၊ အတောင်းသောင်းကျန်းတဲ့ သူ၊ အခိုးသောင်းကျန်းတဲ့သူ၊ ဘယ်သူ့ကို မဆို၊ သောင်းကျန်းသူလို့ ခေါ်တယ်"

စိမ်းမြရည်၊ မျက်ခုံးလေး တွန့်ကွေးလျက်၊ နားမလည်ဟန်၊ ပြုသည်။

"စိမ်း၊ နားမရှင်းဘူး မဟုတ်လား"

စိမ်းမြရည်၊ ခေါင်းညိတ်၏။

"ဘယ် နားရှင်းမလဲ၊ စိမ်းရဲ့၊ ဖခင်ကြီးက၊ သူ့ ဗိုင်တွေ၊ ပစ်ထားပြီး လောက်ရောပေါ့။

အစိုးရကို၊ ဆန့်ကျင်သူ မှန်သမျှ သူပုန်လို့ သတ်မှတ်တာ၊ သူတို့လို၊ အတ္တစွဲသမားတွေ အလုပ်ပဲ"

"ကိုနောင်ရယ် . ."

ပခုံးစွန်းကို မှီတင်းကာ၊ စိမ်းမြရည် သက်ပြင်းချ၏။





"ကိုနောင့်ကို တွေ့ချင်လွန်းလို့၊ စိမ်း အရဲစွန့်ပြီး ထွက်လာရတာ . ."

"စိမ်းရဲ့ ဖခင်ကြီးက၊ ကိုနောင်နဲ့ စိမ်း အကြောင်းကို၊ သိနေလို့လား"

"ချစ်သူတွေ အဖြစ်တော့၊ မသိပါဘူး။ ဒါပေမဲ့ . . . ယဉ်ယဉ်ကြည်တို့၊ ကြည်ကြည်အေးတို့၊ ကိုနောင်တို့တွေ၊ တို့အရေးထဲ၊ ပါထားကြတာကို၊ ဖေဖေသိထားတော့၊ အဲလို အထဲမှာ၊ မပါရဘူး ပြောထားရုံပါ"

"နှင့်အပေါင်းအသင်းတွေက၊ သူပုန်တွေနော်၊ သူပုန်တွေနဲ့ သိပ်မရောနဲ့" . . ဟူသော၊ ဖခင်ဦးစိမ်းခိုင်၏ စကားကိုတော့၊ စိမ်းမြရည်အနေဖြင့်၊ ချစ်သူ နေမြတ်နောင်အား၊ တမင်မပြောကြား။

"ကိုနောင် တောခိုဖြစ်ရင်၊ စိမ်းလိုက်ခဲ့မလား။ လိုက်ရဲလား"

"လိုက်ရဲဘူး"

"ဘာဖြစ်လို့လဲ၊ သေမှာ ကြောက်လို့လား"

"သေမှာကြောက်တာထက်၊ ဖေဖေ့ကို ပို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လို့"

"ဩော်၊ ဒါဆို စိမ်းရဲ့ဖခင်က၊ သေမင်းထက် ပိုကြောက်ဖို့ကောင်းတယ်ပေါ့ဟုတ်လား"

"အာ၊ ကိုနောင်က,လည်း"

"အင်းလေ၊ ကိုနောင်တ,လည်း ဘာမှ မဆုံး ဖြတ်ရသေးပါဘူး။

ကိုယ့်အသက်အရွယ်၊ ကိုယ့်အသိဉာဏ်နဲ့ ဘာကို ဘယ်လို ဆက်သွယ်ပြီး၊ ဘာဆက်လုပ်ရမှန်း ကိုမသိသေးဘူး"

" ဟို. .၊ ကိုနောင့်သူငယ်ချင်း ကိုရန်မျိုးအောင်တို့လို၊ ဘာမှမလုပ်တော့ဘဲ၊ ရပ်ပစ်လိုက်ပါလား"

"ရန်မျိုးအောင်က ၊ ဘယ်ပါတီမှ ဝင်ထားတာမဟုတ်ဘူး။ ပြီးတော့ . . . သူက. . . ". . ဟု၊ စကားစ မိပြီးပါမှ၊ ရန်မျိုးအောင် ၏ (ပေါ်လွင်ထင်ရှား၍ မရသော)အဖွဲ့အစည်း၏ အမည်နာမ ကို၊ ထုတ်ဖော်၊ မပြောချင်တော့သဖြင့် စကားရပ်လိုက်၏။

"သူက၊ ဘာဖြစ်လဲဟင်၊ ကိုနောင်"





"ဩော် . .၊ သူက . . . ဘာနိုင်ငံရေးမှ၊ မလုပ်တော့ဘူး တဲ့၊ ကဗျာဆရာ၊ စာရေးဆရာ လုပ်တော့မှာ. . . တဲ့၊

သေနတ်မကိုင်ချင်လို့၊ ကလောင်ကိုင်တော့ မှာတဲ့"

"ကိုညီညီလှိုင်ကရော . . . "

"သူလည်း လူဘောင်သစ် မြို့နယ် ဥက္ကဋ္ဌပဲ၊ ပါတီအလုပ်တော့၊ ဆက်လုပ်မှာပေါ့"

" ဖေဖေက,တော့၊ အိမ်မှာပြောတယ်၊ မြန်မာ့တပ်မတော်ကို ဘယ်သူမှ၊ လွယ်လွယ်နဲ့ ဖြိုခွင်းလို့၊ မရဘူး . . တဲ့"

"စိမ်း"

"ပြောလေ ကိုနောင်"

"ကိုနောင်တို့က မြန်မာ့တပ်မတော်ကို ဖြိုခွင်းနေတာ မဟုတ်ဘူး၊

မြန်မာ့တပ်မတော်ကို၊ အသုံးချပြီး၊ အာဏာ တည်ဆောက်နေတဲ့၊ စစ်အာဏာရှင်၊တစ်ပါတီ



www.burmeseclassic.com

www.burmeseclassic.com



စနစ်ကို၊ ဖြို့ခွင်းနေတာ။

ဒါတွေ့ . စိမ်း၊ နားလည်မှာ မဟုတ်ပါဘူး။

ဒီတော့၊ နောက်ကို၊ ကိုနောင်နဲ့ စကားပြောရင်၊ စိမ်းအဖေရဲ့ ပေါက်တတ်ကရ စကားတွေ၊ ထည့်ထည့်မပြောမိပါစေနဲ့ ။ နော် ... "

ဒေါသ, သင့်သော၊ မာထန်သည့် လေသံမျိုး၊ မဖြစ်အောင် ဆင်ခြင်ထိန်းသိမ်းလျက်၊ သူပြောလိုက်၏။

" အင်းပါ"

နာခံသူ ချစ်သော စိမ်းအား၊ အားနာမိခဲ့သည်ကား၊ အမှန်။



(၆)

ရပ်ကွက်ထိပ်ရှိ ဆီချက်ခေါက်ဆွဲဆိုင်ကို၊ အပြင်မှပြန်လာစဉ်တိုင်း၊ သူဝင်နေကျ။ ဆိုင်ပိုင်ရှင် ဇနီးမောင်နှံနှင့်လည်း၊ ခင်ခင်မင်မင်။

အိမ်မှာ ထမင်းမစားချင်သည့် ညမျိုးဆိုလျှင်၊ ထိုဆိုင်မှာ၊ ဆီချက်ခေါက်ဆွဲစားသည်။ ဘာမျှ မစားဖြစ်လျှင်တောင်၊ ရေနွေးကြမ်း တစ်ခွက်တော့ ...၊ ဝင်သောက်ဖြစ်သေး၏။

"ဟဲ့ . နေမြတ်နောင်၊ ဘာမှ မစားတော့ဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အမိုးအောက်သို့ ခေါင်းလျှိုရုံရှိသေးချိန် ဆိုင်ရှင် အစ်မကြီး၏ အမေးစကားက၊ ဆန်းပြားနေသည်ဟု သူ သတိမူမိသည်။

"ဘာမှ၊ မစားဘူးလား". . . ဟု၊ မေးပြီး၊ ခေါင်းရမ်းပြသည်ကိုပင်၊ တွေ့လိုက်ရ၏။ သူ့ကို ကျောပေးကာ၊ ဆီချက်ခေါက်ဆွဲစားနေသူ၊ လူနှစ်ယောက်ကိုပါ ၊ တစ်ချက်ကြည့်ပြပြန်သေးသဖြင့်၊ ထိုလူနှစ်ယောက်သည် ဤရပ်ကွက်မှ မဟုတ်သော၊ လူစိမ်းများဖြစ်ကြောင်း၊ သူ. . သဘောပေါက်လွယ်သည်။

"ဒီက၊ ဆီချက်စားသွား။ အိမ်ရောက်တော့
ထမင်းမစားလို့ဆိုပြီး၊ မင်းအမေက. . ဆူ။
စားမယ်ဆိုရင်တော့ ၊ ပါဆယ်သာ၊ ယူသွား
ပေတော့ ဟော့ကောင်"

ဆိုင်ရှင်အစ်ကိုကြီး၏ စကားသံယောင်။ ရေတစ်ခွက်ခပ်သောက်ပြီး၊ သူချက်ချင်း စကားပြန်၏။

"မစားတော့ပါဘူးဗျာ။ အိပ်တောင်၊
အိပ်ချင်နေပြီ။
မာရှယ်လောကလည်း၊ ရှိနေသေးတော့၊





ရည်းစားနဲ့တောင်၊ ညဘက်ချိန်းမတွေ့ရဘူး။
တစ်နေ့လုံး၊ ရည်းစားနဲ့ ချိန်းတွေ့ပြီး၊
ပြန်လာတာ။ ထမင်းမစားဘဲ၊ အိပ်ပစ်လိုက်
တော့မယ်"

ပြောပြီး၊ ဆိုင်ရှေ့မှ ထွက်ခဲ့၏။

"အမယ်။ ပီတိတွေ၊ ဝေလာတယ်ပေါ့"

အစ်မကြီး၏ ကျီစယ်စကားသံကို၊ ကျောခိုင်းပစ်ခဲ့၏။

"ဒါပေါ့၊ ဒါပေါ့" . . . ဟု၊ လှည့်မကြည့်ဘဲ၊ အသံပြုခဲ့သည်။

"မနေ့ညက မကြည်အေးကိုဖမ်းသွားပြီတဲ့"

ရပ်ကွက်ထဲသို့ ဝင်လျှင်ဝင်ချင်း၊ ဖော်ဝင်းအောင်နှင့် တွေ့သည်။

"ကြည့်မြင်တိုင်က၊ မကြည်အေးလား"

"ဟုတ်တယ်"

"ဘယ်သူ လာပြောတာလဲ"

"ညီညီလှိုင့် ဘော်ဒါ၊ရန်မျိုးအောင်နဲ့ တွေ့လို့ ကြားလာတာ။



www.burmeseclassic.com

www.burmeseclassic.com



ညီညီလှိုင်ရော၊ ရန်မျိုးအောင်ရော။ ရှောင်ကြ
တိမ်းကြတော့မယ်။ မင်းရော . . ”

ညမထွက်ရ သတ်မှတ်ချိန်နီးလုပြီ။

“ဇော်ဝင်းအောင်။ ငါ့နောက်ကျောဖက်ကို၊
မင်း မသိမသာ တစ်ချက်ပဲကြည့်။

ကြည့်ပြီးတာနဲ့၊ ငါ့ကို မသိမသာ ပြန်ပြော”

ဇော်ဝင်းအောင်က၊ သူကျောပေးထားရာ လမ်းမ,ဘက်သို့ မသိမသာကြည့်ကာ၊ ပုံမှန်မျက်နှာထားဖြင့်

“ဦးထုပ်ဆောင်းထားတဲ့၊ လူနှစ်ယောက်
မယောင်မလည် လုပ်နေတယ်”

“အေး။ ကျေးဇူးပဲ။ မင်းလည်း အိမ်ထဲဝင်
တော့။ ငါလည်းအိမ်ထဲဝင်တော့မယ်”

“အေး၊ အေး ၊သွားပြီကွာ”

မိခင်ဖြစ်သူ ဘုရားရှိခိုးနေ၏ ။ ဖခင် အိပ်ရာဝင်နေ လောက်ပြီ။





အနက်ရောင် အပေါ်ရုံအင်္ကျီကို ဝတ်ဆင်လိုက်၏။ အိမ်နောက်ဖက်တံခါးကို၊ အသံတိတ်ဖွင့်လိုက်စဉ်-

“မင်း ဘာလုပ်မလို့လဲ”

အစ်ကို၊ ကိုမြတ်ဆောင်၏ အမေး။

“ကျွန်တော်၊ အခြေအနေမကောင်းဘူး။
လစ်တော့မယ်။ လာမေးတဲ့လူရှိရင်၊ အစ်ကိုတို့
အဆင်ပြေသလိုသာ ဖြေလိုက်တော့”

“မင်း ဘာလိုမလဲ”

“လိုမှ, ဆက်သွယ် လိုက်မယ်”

အဖေ၊ အမေကိုလည်း၊ တန်တော့ပန်းဆင်မနေဖြစ်တော့။ မှာတမ်းလည်း မခြွေလိုတော့။

ညအမှောင်၊ နောက်ဖေးလမ်းကြားထဲသို့၊ သူဆင်းသက်လိုက်တော့သည်။

နောက်ဖေးလမ်းကြားမှ၊ အိမ်ကြို အိမ်ကြား။ အိမ်ကြို အိမ်ကြားမှ၊ ရပ်ကွက် အပြင်သို့၊ ရပ်ကွက်အပြင်မှ တစ်ဆင့်၊ အ-ထ-က ကျောင်းဝင်းကြီး၏ ဝင်းနံ့ရံ။



www.burmeseclassic.com

www.burmeseclassic.com



ထိုဝင်းနံရံကို၊ ကျော်တက်လျက်၊ အတွင်းရှိ ဝါးရုံပင်များအကြား၊ ပုန်းခို အိပ်စက်ရင်း၊ ညကို၊ ကုန်ဆုံးစေလေသည်။

မနက် (၅)နာရီလောက်တွင်၊ လမ်းမ,ပေါ်သို့၊ ပြန်ထွက်၏။

"ညီညီလှိုင်တော့၊ မနေ့ည,ကတည်းက၊ ရှောင်သွားပြီ" . . . ဟု၊ ရန်မျိုးအောင် ပြောပြ၏။ "မင်းရော၊ မရှောင်ဘူးလား" . . . ဟု၊ သူမေးသည်။

"ငါ၊ မိန်းမယူလိုက်ပြီ။အိမ်ထောင်ကျသွားလို့၊ ဘာနိုင်ငံရေးမှ စိတ်မဝင်စားတော့ဘူးလို့၊ ရပ်ကွက်ထဲမှာ . . .။ အသံလွှင့်လိုက်တယ်။ အဲဒါမှ လာဖမ်းရင်လည်း၊ ကံပေါ့ကွာ"

"ငါ့အစ်ကိုကို၊ မင်းသွားခေါ်ပေး"

"အေး။ မင်း ငါ့အိမ်မှာပဲစောင့်နေ"

ညက၊ အိမ်သို့၊ စစ်ကားတွေ မီးမောင်းထိုး၍ လာရောက်ရှာဖွေကြကြောင်း၊ အစ်ကိုဆီမှ တစ်ဆင့်၊ ကြားရသည်။





"နေမြတ်နောင်၊အိပ်ရာထဲမှာ ရှိမှာပေါ့" . . . ဟု၊ အမေပြောကြောင်း၊ ဖခင်ကအိပ်မှုန်စုံမွှားဖြင့်၊အိမ်အပေါ်ထပ်မှ ဆင်းလာကြောင်း၊ အစ်ကိုဖြစ်သူက။ နောက်ဖေးတံခါးတော့ ပွင့်နေတယ် . . . . ဟု၊ အသိပေးလိုက်ကြောင်း၊ အမှောင်ချလူဖမ်းပွဲမြင်ကွင်းကို၊ အစ်ကို ကိုမြတ်ဆောင်က၊ လေသံသဲ့သဲ့ဖြင့် ပြောပြ၏။

"အစ်ကိုနဲ့ နေမြတ်နောင်နဲ့၊ ဘာလုပ်မယ်၊ ဘယ်သွားမယ်ဆိုတာ၊ အေးအေးဆေးဆေး တိုင်ပင်ကြပါ။

အခုအချိန်က၊စပြီး၊ ကိုယ်ဘယ်သွားမယ်ဆိုတာကို၊ ဘယ်သူ့မှ အသိမပေးနဲ့တော့ . . .၊ ငါ့ကိုတောင်၊ အသိမပေးနဲ့"

ထိုသို့ပြောပြီး၊ ရန်မျိုးအောင်၊ ရှောင်ပေး၏။

ရန်ကုန်မြို့နှင့် မြစ်ခြားသော မြို့ရှိ အဒေါ်ဖြစ်သူ၏ အိမ်တွင်၊ သွားရောက်နေထိုင်ဖို့၊ ကိုမြတ်ဆောင်အကြံပြုသည်။

အဒေါ်ဖြစ်သူ၏ ခင်ပွန်းက၊ ထိုမြို့၏ မြို့နယ်အကြီးအကဲ၊ ဥက္ကဌ ။



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကို နှစ်ယောက် အလည်အပတ်လာသကဲ့သို့ သွားကြရမည် . . . ဟု၊ တိုင်ပင်၏။

꧁

“ကျွန်တော် ထောင်ကျမှာ ကြောက်လို့၊
တိမ်းရှောင်သလို၊ မဖြစ်ချင်ဘူး အစ်ကို။
ရှောင်ရင်း ရှောင်ရင်းနဲ့၊ နယ်စပ်ရောက်
သွားရင်၊ ကျွန်တော် တောခိုမိလိမ့်မယ်”

“ခဏရှောင်နေရင်၊ ပြီးသွားမယ် ထင်ပါတယ်ကွာ၊ တောခိုတဲ့အထိတော့၊ မလုပ်ပါနဲ့။

ဒီအစိုးရက၊ လက်နက်မကိုင်တဲ့ ပြည်သူကိုတောင်၊ ခွေးဆွဲသလို ဆွဲတာကွ။

လက်နက်သာကိုင်လိုက်လို့ကတော့၊ ဘီလူးစီး၊ စုန်းပူးပြီး၊ အသေသတ်မှာကွ”

“သူ သတ် ကိုယ်သတ်ပေါ့ဗျာ၊ ဒါပေမဲ့ ခက်တာက၊ ကျွန်တော်က, တောပဲခိုချင်တာ။ လက်နက်မကိုင်ချင်ဘူး။

အချင်းချင်း၊ မသတ်ချင်ဘူး”





“မင်းလို စိတ်မျိုး၊ အဲဒီကောင်တွေဆီမှာ
ရှိရင်၊တိုင်းပြည် တိုးတက်တာ ကြာလှပြီ၊
ကဲကဲ၊ မင်း အဆင်ပြေသလိုသာလုပ်၊
ဘယ်သူ့ကိုမှ မငဲ့နဲ့”

အစ်ကို ကိုမြတ်ဆောင်ကို ကျေးဇူးတင်ကြောင်း၊ စိတ်ထဲကသာ၊ ပြောဖြစ်သည်။

꧁꧁꧁



www.burmeseclassic.com

www.burmeseclassic.com

## (၇)

"ဥက္ကဋ္ဌရယ်၊ ဘယ်လိုသတင်းပေးမျိုးက
သတင်းအမှား ပေးလိုက်သလဲ မသိပါဘူး။
ညက၊ ကျွန်တော့်အိမ်မှာ၊ နိုင်ငံရေးသမား
ရှိလား. . . ဆိုပြီး၊ လာရှာတယ်"

အဝေါ်တော်စပ်သူ၏ "နေအိမ်တွင်၊ နှစ်ရက်မြောက် နေထိုင်အိပ်စက်ပြီး၊ နောက်တစ်နေ့ နေ့လည်းခင်းတွင်၊ ကြားလိုက်ရသည့်စကား။

အတွင်းရေးမှူးဆိုသူ၏ ပြောစကား ဆုံးသည်နှင့်၊ ဥက္ကဋ္ဌ အိမ်နှင့် အတွင်းရေးမှူးအိမ် မှားယွင်းကာ၊ အရှာဖွေခံလိုက်ရခြင်း ဖြစ်ကြောင်း၊ သူ သိလိုက်၏။

ညမမှောင်ခင်၊ ဤအိမ်မှ စွန့်ခွာဖို့၊ သူ . . . ဆုံးဖြတ်၏။





အစ်ကို ကိုမြတ်ဆောင်လည်း၊ အနားတွင်မရှိတော့။ စိတ်ချရပြီ အထင်နှင့် ရန်ကုန်သို့ ပြန်သွားပြီ။

ဟိုပုန်းသည်ရှောင်ဖြင့်၊ ဆွေမျိုးသားချင်း အမြောက်အများရှိရာ၊ ကျွန်းမြို့တစ်မြို့သို့ သူရောက်သွားသည်။ မည်သည့် ဆွေမျိုးကမျှ၊ တိမ်းရှောင်လာသူဟု၊ သူ့ကိုမထင်။ တကူးတက အလည်အပတ်လာသည်ဟုသာ၊ တွေးမြင်ကြပြီး၊ အားလုံးသော ဆွေမျိုးတွေ တပျော်တပါး။

နှမ,ဝမ်းကွဲတစ်ယောက်နှင့် ရုပ်ရှင်ဝင်ကြည့်ကြသည်။ ဇာတ်တားမပြီးဆုံးမီ မီးပျက်သွား၏။

"ပိုက်ဆံ ပြန်အမ်းမယ်၊ ပိုက်ဆံပြန်အမ်းမယ်"

. . . စသည်ဖြင့်၊ အမှောင်အတွင်း ဆူညံသွား၏။

မောင်နှမ နှစ်ယောက်၊ ရုံအပြင် ထွက်ခဲ့ကြသည်။ နှမ, ဖြစ်သူက၊ စက်ဘီးရပ်ထားရာသို့ သွား၏။ သူက . . . ကွမ်းယာဆိုင်သို့ ၊ ခြေဦးလှည့်သည်။

"မီးတ ခဏ ခဏ ပျက်တာလား"

www.burmeseclassic.com



ကွမ်းသီးစိပ် တစ်စိပ်ကို၊ သွားဖျားဖြင့် ကိုက်ရင်း၊ မေးလိုက်သည်။ ကွမ်းယာဆိုင်ရှင်က-

"မပြောတတ်ပါဘူးကွာ။ အခုတလောမှ၊ ခဏ ခဏ ပျက်တာ။

အဲဒီလို၊ အမှောင်ချပြီဆိုရင်၊ အဖမ်းအဆီး တစ်ခုခုရှိလို့ပဲ။

ဟိုတစ်နေ့က,လည်း၊ အခုလို၊ မီးပျက်ပြီး၊ သိပ်,မကြာပါဘူး၊ ကျောင်းသား တစ်ယောက် အဖမ်းခံလိုက်ရတယ်လေ"

"ဩော်"

နံဘေးတွင် လူရိပ်တွေ့သဖြင့်၊ သူဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

"မြတ်နောင်၊ လာလေ စက်ဘီးပေါ်တက်"

နှမဖြစ်သူကို၊ မြင်လျှင် မြင်ချင်း၊ စိုးရိမ်စိတ်တို့ကွယ်ဖွတ်လျက်၊

"နင် . . ပြန်နှင့်တော့၊ ငါ, ဟိုလျှောက် ဒီလျှောက် လျှောက်လိုက်ဦးမယ်"





"အေး"

အမှောင်ကိုးလျက်၊ ချောင်းနံဘေးမှ၊ လျှောက်ခဲ့သည်။ပိန်းပိတ်အောင် မမှောင်သေးသော်လည်း၊ လူသူ မကွဲပြားတော့။

ချောင်းစပ်တွင် လူနှစ်ယောက် ငါးမျှားနေဟန် တူသည်။ ထိုလူနှစ်ယောက်ကို ကျော်လှမ်းလာစဉ်၊ ချောင်းစပ်၌၊ လှေငယ်တစ်စီးတွေ့၏။ အရေးအကြောင်းရှိလျှင်၊ ထိုလှေငယ်ဖြင့်၊ ဟိုဖက်ကမ်းကို ကူးမည်ဟု၊ တွေး၏။

ထိုချောင်းစပ်မှပင်၊ ရပ်ကွက်ရှိရာသို့၊ မျှော်ကြည့်လိုက်သည်။ သူတည်းခိုရာ၊ အိမ်ဝန်းကျင်မှာ၊ လက်နှိပ်ဓာတ်မီးရောင်တွေ၊ လက်ခနဲ၊ လက်ခနဲ။

ဘောင်းဘီဝတ်တွေ ပါလာသည်ဟု၊ လက်နှိပ်ဓာတ်မီးအရောင်လက်ချိန် အလင်းအားဖြင့်၊ ခန့်မှန်းမြင်တွေ့ရသည်။ သူ့ကို ရှာဖွေနေသည်မှာ သေချာပြီဟု၊ သုံးသပ်၏။

ခုနက, လှေငယ်ရှိရာ ချောင်းစပ်ကို ငဲ့ကြည့်လျက်၊ ချိတိုင်ကြိုးကို ဖြည်လိုက်သည်။

"နေမြတ်နောင်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲကွ"

မှားသွားပြီဟု၊ သူ . . . သိလိုက်၏။ ငါးမျှားနေသူ နှစ်ယောက်အနက်၊ တစ်ယောက်က၊ သူ့ကိုလှမ်းခေါ်လိုက်ခြင်း ဖြစ်သည်။ ရုတ်တရက် ခေါ်သံကြောင့်၊ သူ. . ထူးလိုက်မိသော်လည်း၊ ထူးလိုက်မိပြီးမှ၊ မှားသွားမှန်းသိရသည်။

အဘယ်ကြောင့်ဆိုသော်၊ သူ့ဆွေမျိုးသားချင်းများ များစွာရှိရာ၊ ဤအရပ်ဒေသ၌၊ သူ့ကို နေမြတ်နောင်ဟု၊ မည်သူမျှ မခေါ်။ မြတ်နောင်ဟုသာ၊ အခေါ်များသည်။ဦးကြီး ဒေါ်ကြီးများက၊ အနောင်ဟုခေါ်တတ်သေး၏။

"နေမြတ်နောင်"ဟု၊ ခေါ်သံပြုလိုက်တတည်းက၊ မထူးဘူးဟု၊ တွေးမိသည့်တိုင်၊ နှုတ်က လွှတ်ကနဲ၊ ထူးလိုက်မိချေသည်။

"ဘယ်သွားမလို့လဲကွ"

"ဟိုဘက် . . . ကမ်း"

"မသွားပါနဲ့တော့ကွာ"

ချောင်းထဲခုန်ချဖို့ ၊ စဉ်းစားသေးသည်။ ဒီလောက် အသည်းအသန် ပြေးလွှားတိမ်းရှောင်နေရလောက်အောင်၊ လုယက်





ခိုးဆိုး တိုက်ခိုက် သတ်ဖြတ်ထားသော ရာဇဝတ်ကောင်မဟုတ်ဟု၊ ကိုယ့်ကိုယ်ကိုယ်တွေး၏။

ထောင်တန်းကြောက်ကာ၊ တိမ်းရှောင်နေခြင်းမျိုးမဟုတ်။ လုပ်ဆောင်ရမည့် အလုပ်တွေကို၊ ဆက်လက်လုပ်ဆောင်ခွင့်မရှိ တော့မှာကိုသာ၊ စိုးရိမ်သောကြောင့်၊ တိမ်းရှောင်နေခြင်းဖြစ်သည်။

စစ်အာဏာရှင်ကိုပင် မဆိုထားနှင့်၊ အစွယ်အပွား၊ အလှေးအမွှားတွေကိုလည်း ဂရုမစိုက်သည့်အပြင်၊ သေရမည်ကိုပင်၊ မကြောက်သဖြင့်၊ တော်လှန်ပုန်ကန် ဆန့်ကျင်ပြုမူခဲ့ကြသူများ အဖို့၊ ရာဇဝတ်သား၊ ဒုစရိုက်သမားတစ်ယောက်ကဲ့သို့၊ ပြေးလွှား တိမ်းရှောင်နေရတာပါလား . . ဟု၊ တွေးရင်း၊ အနားကပ်လာသူ နှစ်ယောက်ကို၊ ခုခံပြီး၊ ချောင်းထဲခုန်ချထွက်ပြေးမည့် အစီအစဉ်ကို၊ ရပ်တန့်ပစ်လိုက်သည်။

မလွတ်နိုင်လောက်ဘူးဟုလည်း၊ ယူဆ၏။ ဒုစရိုက် သမားပမာ၊ ပြေးလွှားနေရသည်ကို၊ မနှစ်မြို့မိသည်လည်းပါသည်။ ဘာမှ မကြောက်ဘူး. . . ဟု၊ ပြလိုသည့် အားမတန် မာန်မလျှော့ လိုသည့် စိတ်အစွယ်ကိုလည်း၊ ထုတ်ပြလိုက်ချင် မြန်၏။

တကယ်တော့၊ ပြေး၍ မလွတ်လောက်တော့သည့်အတွက်၊



www.burmeseclassic.com

www.burmeseclassic.com



မပြေးတော့ဘဲ၊ နေနေလိုက်ခြင်းဖြစ်၏။ သို့သော်၊ ဦးငွ ထိတ်လန့်ဟန် မပြ။ အေးဆေးတည်ငြိမ်စွာ၊ အကပ်ခံလိုက်သည်။

"အား . . . "

ဒူးထောက်ထိုင်နိုင်းပြီး၊ ကျောကုန်း အလယ်တည့်တည့်ကို ဒူးဖြင့် ကြိတ်လေ၏။ နာလွန်းသည်နှင့် သူအော်သည်။

"ကျွန်တော် သူခိုး ဓားပြမဟုတ်ဘူးနော်။ ညှင်းပမ်းစရာမလိုဘူး၊ နှိပ်စက်စရာမလိုဘူး။ ခင်ဗျားတို့ခေါ်လာတဲ့အတိုင်း၊ အေးအေး ဆေးဆေးလိုက်လာတယ်နော်။ သိချင်တာ အကုန်မေး၊ သိသလောက်ပြောမယ်၊ နှိပ်စက်စရာ မလိုဘူး"

"မင်း ဗုံးခွဲတဲ့ အဖွဲ့က မဟုတ်လား"

"မဟုတ်ဘူး"

ဒူးနှင့်ကျောကုန်းအလယ်ကို ဖိကြိတ်ပြန်၏။

"အား"

သူ . . လိုတာထက် ပို၍အော်ပြီး





"ဒီ နှိပ်စက် ညှင်းပမ်းမှုကို၊ ကျွန်တော် သက်ဆိုင်ရာကို၊ တိုင်မယ်။ ခင်ဗျားတို့က၊ ရဲအလုပ် ရဲမလုပ်ဘူး။

ကျွန်တော့်ကို၊ စစ်ဆေးလှမ်းရေးပို့ရမှာ။ ခင်ဗျားတို့ နှိပ်စက်စရာမလိုဘူး"

"ဟာ . . . ။ ဟေ့ကောင်တွေ၊ ပြဿနာ တက်တော့မှာပဲ။

ဘာမသိ ညာမသိနဲ့၊ မင်းတို့၊ မလုပ်ကြနဲ့ လေကွာ"

ရဲစခန်း-

အကြီးအကဲက၊ လာရောက်ဟန့်တား၏၊

"ဒီကောင်၊ အဖျက်သမားဖြစ်ဖို့များတယ်"

"အဖျက်သမား မဟုတ်ဘူး။ နိုင်ငံရေးသမား"

"မင်းက၊ ဘယ်အဖွဲ့က,လဲ"

"ဗ - က - သ"

"တွေ့လား။ ဗ. က. သ တဲ့။ အဲဒါ ကွန်မြူနစ် ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒူးဖြင့် ဖိကြိတ်ပြန်သည်။ "အား ". . ဟု၊ သူ. . . မအော်

ဟစ်တော့ဘဲ-

"ဗ-က-သ။ ဗ-က-သ။ ဗ-က-ပ မဟုတ်ဘူး။

ဗ-က-သ။ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ

သမဂ္ဂ။

ပ . . . မဟုတ်ဘူး။ သ . . သ"

"တော်တော့ကွာ". . ဟု၊ စခန်းအကြီးအကဲက၊ သူ့လူကို ဟန့်တားလိုက်၏။

မျက်နှာကို၊ အဝတ်မည်းစွပ်လျက်၊ စပိဘုတ်ဖြင့် ရောက်လာကြသော တခြားအဖွဲ့က၊ သူ့ကို၊ ခေါ်ဆောင်သွားသည်။

သူတို့ ငုံ့ဆိုငုံ့၊ လျှောက်ဆိုလျှောက်၊ ထိုင်ဆိုထိုင်။ မျက်နှာကို အဝတ်မည်းစွပ်, လက်နှစ်ဖက်ကို၊ နောက်ပြန်လက်ထိပ်ခတ်။ ဒယိမ်းဒယိုင်။ မှောင်အတိ။

နောက်ထပ်, မော်တော်အကြီးအစား၊ တစ်စီးပေါ်သို့၊ ရွှေ့ပြောင်းသယ်ဆောင်ကြသည်။လိုက်ပို့သည့်အဖွဲ့၊ လက်ခံ ခေါ်





ဆောင်သည့်အဖွဲ့တွေ၊ အဆင့်ဆင့်ဟု၊ သတိပြုသဖြင့်၊ သူသိ၏။

"ထိုင်"

အနှောင်အတဲ၊ အမှောင်အမည်း ခံထားရသူ၏။ ဘဝအခြေအနေသည်၊ဘဝတစ်ခွင်လုံးကို မဆိုထားနှင့်၊ အပေါ့အပါး အလေးအပင် သွားရသည့်ကိစ္စ၊ လျှောက်ရလှမ်းရ ထိုင်ရ ထရသည့်ကိစ္စလေးတွေမှာပင်လျှင်၊ ဒုက္ခဆင်းရဲ ကြီးလွန်းလှ၏။

မစားနာသူတွေ၏ အအုပ်အချုပ်အောက်၌၊ မညှာတာသူတွေက,ပါ၊ ပံ့ပိုးခေါင်းညိတ်၊ လိုက်နာလုပ်ဆောင်ကြသည့်အခါ၊ တိုင်းနိုင်ငံသည် ငရဲပြည်အလား။ တိုင်းသားပြည်သူတို့သည် ငရဲသူ၊ ငရဲသား၊ အပါယ်သားများပမာ၊ ခံစားနာကြည်းရချေ၏။

"ကျွန်တော်ကို၊ ဘယ်ပို့မှာလဲ"

"တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့်၊ ပြောတာ မင်း . . မကြားဖူးဘူးလား။ နိုင်ငံရေးသမား အကုန်လုံး၊ ဘယ်ကို ပို့မယ်ဆိုတာ"

"ဟုတ်ကဲ့ ကြားဖူးပါတယ်"

"ဘယ်ကိုပို့မယ်လို့ မင်း ကြားဖူးထားသလဲ"

"ဗိုလ်ချုပ်မျိုးညွန့်က၊ နိုင်ငံရေးလုပ်တဲ့ သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ ၊ အကုန်၊ ကိုကိုးကျွန်းပို့ပစ်မယ်လို့ ပြောဖူးတယ်"

"အေး။ မင်းကိုလည်း အဲဒီကို၊ ပို့မှာ"

ပြောပြသူ၊ မည်သူမှန်း မသိ။

မော်တော်ပေါ်တွင်၊ သူနဲ့ကိုယ် နှစ်ယောက်တည်းလား၊ တခြားသူတွေပါလာသလား၊ မသိ၊ မမြင်၊ မမေး။

"တော်တော် များများ၊ မိကုန်ပြီလား"

"အကုန်မိပြီ။ အကုန်လုံး၊ ကိုကိုးကျွန်းကို၊ ပို့ပြီးပြီ"

ဘဝ၏ မပြန်လမ်းဟု ၊ သတ်မှတ်လိုက်ရမည့် သတင်းစကား။မိသားစု ချစ်သူရည်စား မိတ်သင်္ဂဟအားလုံးနဲ့၊ ဝေးလေပြီဟု၊ တွေးမိကာ၊ ဝမ်းနည်းစိတ် ဝင်လာသည်။

"အဲဒီမှာ၊ အခုဆိုရင်၊ မင်းကိုနိုင်လည်း ရောက်နေပြီ။ဂျင်မီလည်း ရောက်နေပြီ။ မင်းတို့ အဲဒီမှာ တစ်သက်လုံး နေကြပေတော့"

"ဟာ .. ။ ကိုမင်းကိုနိုင်ပါ၊ အဲဒီ ကိုကိုးကျွန်းမှာလား"





"ဟုတ်တယ်။ ဘယ်နှယ့်လဲ၊ မင်း ကြောက်နေပြီ မဟုတ်လား"

တစ်ယောက်တည်းမို့၊ ကိုကိုးကျွန်း . ဟုအသံကြားပြီး၊ ဝမ်းနည်းစိတ် ဝင်မိစဉ်၊ ကျောင်းသားခေါင်းဆောင်တွေ၏ အမည်နာမ,ကို၊ ကြားလိုက်ရသည့်အခါ၊ ဝမ်းနည်းစိတ်ပျောက်သွားပြီး၊ အားရှိသလိုလိုခံစားရ၏။

"ကြောက်နေပြီ မဟုတ်လား" .. ဟု၊ မေးမြန်းသူကို၊ "မကြောက်ပါဘူး၊ ပျော်တောင်ပျော်သေးတယ်" .. ဟု၊ ပြန်ဖြေလိုက်ချင်၏။

သို့သော်. . .

အစီအစဉ် ပြောင်းပြီး၊ တခြားပို့မည်စိုးသဖြင့်၊ ဘာမျှ၊ ပြန်မဖြေလိုက်။ ကြောက်ချင်ဟန်ပြုကာ၊ နေလိုက်သည်။ကိုကိုးကျွန်း၏ (ခက်ထန်ကြမ်းတမ်း၊ ပက်စက်၊ ယုတ်မာမှု). . ၊ စစ်အစိုးရ၏ အစီအစဉ်တွေကို၊ သဲ့သဲ့မျှသာ၊ ကြားဖူးခဲ့၏။

ယခု တစ်ဖန်လည်း၊ ထို ယုတ်မာပက်စက် ရက်စက်သောအစီအစဉ်ဖြင့်၊ ကိုကိုးကျွန်းကို၊ အပို့ခံရတော့မှာပါလား .. ဟု၊ တွေးမိစဉ်၊ ကျောင်းသား ခေါင်းဆောင်များနှင့်၊ တစ်ကျွန်းတည်းမှာ၊



www.burmeseclassic.com

www.burmeseclassic.com



နေရမှာပါလား. . ဟု၊ တွေးကာ၊ ပျော်သလိုလိုရှိလျက်၊အားတက်ရ၏။

ချစ်သူကိုပင် သတိရဖြစ်သည်။ (ထိုကျွန်းပေါ်မှာ၊ ချစ်ရသူနှင့် နှစ်ယောက်တည်းကဲ့သို့၊ တွေးပစ်လိုက်၏)။

"နှစ်ယောက်တည်း"

ကျောချင်းကပ် ရင်ဆိုင်ကြဖို့
ရင်ချင်းအပ်ပြီး နွေးထွေးမယ်။
သေတပန် သက်တဆုံး
စတားလုံး အောက်က
အညတရ တစုံမောင်နှံရဲ့
နံရံကပ် လောက ပန်းချီကားထက်မှာ၊
သက်ရှိထင်ရှား
နှစ်ယောက်တည်း။ ။



(၈)

မော်တော်ဆိုက်ကပ်သည့် ဆိပ်ကမ်း၏ အသံဗလံများသည်၊ ကိုကိုးကျွန်းကို ဆိုက်ကပ်သည့် အသံဗလံမျိုး မဟုတ်မှန်းသိ၏။

ကိုကိုးကျွန်းကို မရောက်ဘူးသော်လည်း၊ ရန်ကုန် ပန်းဆိုးတန်း ဆိပ်ကမ်း၊ လမ်းမတော် ဆိပ်ကမ်းတွေ၏ အသံဗလံများနှင့်တော့၊ သွားလာရင်းနှီးဖူး၏။

ကိုကိုးကျွန်းကို ပို့မည်ဟု၊ ပြောသူသည်၊တမင်သက်သက်ကျီစယ်ခြင်းသာဖြစ်ပေမည်။ မျက်နှာကို၊ အဝတ်စွပ်ကာ၊ ကားကြီးတစ်စီးပေါ်တက်လိုက်ရကတည်းက၊ မြို့ပြ၏ အသံတွေကို၊ ကြားရသည်။ ဘယ်နည်းနှင့်မျှ၊ ကိုကိုးကျွန်း မဟုတ်ဟု၊ သေသေချာချာ ခန့်မှန်းလိုက်တော့၏။

ဖမ်းဆီးချုပ်နှောင် အမှောင်ချခံထားရသူ လူတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



အပေါ်၊ ချုပ်နှောင်စောင့်ကြပ်ရင်း၊ ကျီစယ်သူသည်၊ သူ့အတွက်၊ အပျော်သက်သက်၊ ပျော်ရက်နိုင်သည်။

(ခွေးလေးတစ်ကောင်ကို ပတပ်ရပ်စေပြီးမှ၊ သူ. . . အစာကျွေးဖူးသည်။ ဟဲ့ကောင်၊ ဒီအတိုင်းချကျွေးလေ။ အလွယ်တကူကျွေးလို့ ရပါလျက်နဲ့၊ ဟိုခိုင်း ဒီခိုင်း ခိုင်းပြီးမှ ကျွေးတော့၊ ကုသိုလ်က နည်းနည်း အကုသိုလ်က များများ ဖြစ်တော့မယ်။ ဘယ်တိရစ္ဆာန်ကိုမှ၊ ဟိုခိုင်း ဒီခိုင်း ခိုင်းပြီးမှ၊ အစာမကျွေးနဲ့ကွ။ ဝဋ်လည်မယ်။

မင်းလည်း. . အခွင့်အရေး တစ်ခုခု အလွယ်တကူ ရနိုင်ပါလျက်နဲ့၊ ပတတ်ရပ်ပြီးမှ၊ ပတပ်ရပ်ပြမှ၊ ရနိုင်မယ့်အခြေအနေမျိုး ကြုံရတတ်တယ်ကွ။

ကိုယ့်မျက်စိ ပသာဒလေးဖြစ်ဖို့၊ တိရစ္ဆာန်တွေကို၊ အစာပြပြီး၊ ကျွမ်းထိုးခိုင်းတဲ့သူ၊ ပတတ်ရပ်ခိုင်းတဲ့သူ၊ ကိုယ့်အလှည့်ကျရင်လည်း၊ သူတစ်ပါးက၊ က,ခိုင်းခုန်ခိုင်း ကျွမ်းပစ်ခိုင်းပြီးမှ၊ အခကြေးငွေရတဲ့၊ ဘဝမျိုးနဲ့၊ ရှာဖွေစားသောက်ရလိမ့်မယ်။ မှတ်ထား။ . . . ဟု၊ သူ့ဖခင်က၊ ဆုံးမ,ခဲ့ဖူးသည်ကို၊ သတိပြန်ရ၏)။





ဒါကိုပင်၊ ကံ-ကံ၏အကျိုးဟု၊ သူသိသည်၊ အချုပ်နှောင်ခံထားရသူကို၊ ကျီစယ်ခဲ့ရှာသူ၏၊ ကံအမှုကြောင့်၊ ၎င်းပြန်လည်ရင်ဆိုင်ရမည့် ဝဋ်ကြွေး အမျိုးအစားကိုမူ၊ ပုံမဖော်ရက်တော့ချေ။ ကိုယ့်လို၊ မခံစားရပါစေနဲ့. . ဟုသာ၊ နှလုံးမူ၏။

ကံပေးသမျှ ယူကြသူများ အားလုံး၊ ကိုယ်ပြုမူခဲ့သော ကံအမှုကိုသာ၊ ကိုယ်ပြန်ယူရသည်ဖြစ်ကြောင်း၊ သိကောင်းလှပေသည်။

ကိုယ်တိုင်သည်ပင်လျှင်၊ ကံအမှုတစ်ခုခု၏ အ,ကုသိုလ်အဟုန်ကြောင့်၊အနှောင်အတဲခံ၊ အကျဉ်းသား ဘဝကို၊ ဆိုက်ရောက်နေရလေသည် မဟုတ်လား။

ကျီစယ်သူ၏ အသံကို ပြန်ကြားယောင်ကာ ကြိုး တဲထားသော မျောက်ငယ်တစ်ကောင်ကို၊ တုတ်-သစ်ကိုင်းတို့ဖြင့်၊ ထိတို့ကျီစယ်မိခဲ့သည့်၊ ကံကိုများ၊ ကိုယ်တိုင်ပြုမူခဲ့မိလေသလား ဟု၊ သူ. . ခန့်မှန်းတွေးတောကြည့်မိ၏။

အသစ်ပြုသူသည်၊ တစ်ချိန်ချိန်၌ အဟောင်းကို ပြန်ခံရစမြဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည် . . . ဘယ်သူ"

"နေမြတ်နောင်"

"မင်းက၊ ကျောင်းသားလား"

"ဟုတ်ကဲ့"

"ဘယ်ကျောင်းကလဲ"

"စက်မှု"

"မင်းနာမည် . . . ပြန်ပြော"

"နေမြတ်နောင်"

"မင်း အဖေနာမည်"

"ဦးမြတ်မောင်"

"အမေနာမည်"

"ဒေါ်ဆောင်း"

"ဘာလဲ။ ဒေါ်ဆောင်းဆိုတာ"

"နာမည်လေ"

"ဘယ်သူ့ နာမည်လဲ"

"အမေ့ နာမည်"





"ဘယ်သူ့ အမေ"

"ကျွန်တော့်အမေ"

"မင်းအမေ နာမည်က၊ ဘယ်သူလဲ"

"ဒေါ်ဆောင်း"

"အဖေ နာမည်က,ရော"

"ဦးမြတ်မောင်"

"မင်းအဖေ နာမည်ကို မေးနေတာ"

"ဟုတ်တယ်လေ။ ကျွန်တော့ အဖေနာမည်"

"ဘယ်သူလဲ၊ မင်းအဖေနာမည်"

"ဦးမြတ်မောင်"

"မင်းနာမည်က,ရော"

"နေမြတ်နောင်"

"မောင်နှမ ဘယ်နှစ်ယောက်ရှိလဲ"

"ညီအစ်ကို နှစ်ယောက်တည်း"

"မင်းက၊ အစ်ကိုလား ညီလား"

"ညီ"

"ဘာညီတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့ အစ်ကိုက . . အစ်ကို။ ကျွန်တော်က၊ အငယ်. . ။ညီ"

"ဒါဆို မင်းက၊ အငယ်ပေါ့"

"ဟုတ်ကဲ့"

"မင်း အစ်ကို နာမည်၊ ဘယ်သူလဲ"

"ကိုမြတ်ဆောင်"

"သူက ဘယ်သူလဲ"

"ဟမ်"

" မင်းနဲ့ ဘာတော်လဲ မေးတာ"

"အစ်ကိုလေ"

"အဲဒီ့ အစ်ကိုက၊ နာမည် ဘယ်သူလဲ"

"ကိုမြတ်ဆောင်"

"သူ့မှာ၊ မိန်းမရှိလား"

"မရှိဘူး"

"မင်း အဖေနာမည်ပြန်ပြောပါဦး"

" . . . "

မနည်းပြန်စဉ်းစားနေရ၏။





"ဟော့ကောင် ပြောလေ။ မင်းအဖေနာမည်၊ ဘယ်သူလဲ"

"ဦး -မြတ်-မောင်"

"အမေ နာမည်"

အမေ နာမည်၊ အမေ နာမည်၊ အမေ နာမည်၊ အမေ နာမည်၊ အမေ နာမည်၊ ဘယ်သူလဲ၊ ဘယ်သူလဲ၊ ဘယ်သူလဲ . . .၊ အတြိမ်ကြိမ် ဖျစ်ညှစ်စဉ်းစားပြီးမှ-

"ဒေါ်ဆောင်း"

သူ. . အိပ်ချင်နေပေပြီ။

အထက်ပါ အမေးအဖြေများကို၊ နာရီဝက်ခန့်တစ်ခါ၊ လူတစ်ယောက်ချင်းလဲလှယ်လျက်၊ သူ့ကိုလာမေးနေကြ၏။

ခြေထောက် နှစ်ချောင်းလုံးကိုလည်း၊ ထိပ်တုံးခတ်ထား၏။ ကျောမှီစရာ မရှိ။ နံရံနှင့် ခပ်ဝေးဝေးထား၏။

ထပ်တလဲလဲ မေးခွန်းတွေကို ကပြောင်းကပြန်၊ ထပ်တလဲလဲမေးပြီး၊ တစ်ယောက်ပြန်ထွက်သွား၏။ပြန်ထွက်သွားလျှင်သွားချင်း၊အိပ်ရ မှိန်းရပြီ အထင်နှင့် မျက်လုံးကို မှိတ်လိုက်ပြီဆိုလျှင်၊ နောက်တစ်ယောက် ရောက်လာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းကို၊ အဝတ်စွပ်ထားခြင်း ခံထားရသဖြင့်၊ မေးသူ၏ အမေးသံကိုသာ၊ ကြားရသည်။ ဖြူသလား မည်းသလား၊ ပုသလား ရှည်သလား၊ မသိရ။ မမြင်ရ။

"မင်းနာမည်က, ရော . ."

"ကျွန်တော့် နာမည်. . ."

"ကိုယ့်နာမည်တောင် ကိုယ်မသိတော့ဘူး လားကွ"

"ငါ့နာမည်၊ဘယ်သူလဲ။ ဘယ်သူလဲ။ငါ့နာမည်၊ ငါ့နာမည်။ ဘယ်သူလဲ။ဘယ်သူလဲ။ငါ့နာမည်၊ ဘယ်သူလဲ . .။မရမက စဉ်းစားနေရ၏။

"ပြောလေကွာ"

"နေမြတ် . . နောင်"

"အဖေနာမည် ပြန်ပြော"

" အဖေနာမည် . . ."

"အေး . . ဟုတ်တယ်။အဖေနာမည်။ မင်းအဖေ နာမည်။ ဘယ်သူလဲ"

ဘယ်သူလဲ၊ ဘယ်သူလဲ၊ ဘယ်သူလဲ၊ ဘယ်သူလဲ၊





ဘယ်သူလဲ၊ ဘယ်သူလဲ။ သူတကယ်မပြောပြတတ်တော့။

"မသိတော့ဘူးဗျာ"

"ဘာမသိတာလဲ၊ ခွေးမသား"

"ဖောင်း"ခနဲ နေအောင်၊ ရိုက်သည်။"ခွပ်"ခနဲမြည် အောင်၊ ထိုးသည်။ "ဖျောင်း"ခနဲနေအောင်၊ ရိုက်နှက်ပြန်၏။

"သောက်သုံးမကျတဲ့ကောင်။ ကိုယ့်အဖေ နာမည်တောင်။ မပြောနိုင်ဘဲနဲ့၊ နိုင်ငံရေး လုပ်တယ်. . တဲ့။ သောက်ရူး"

အပြောအဆဲနှင့်အထိုးအကြိတ်တို့၊ ရှေ့ဆင့်နောက်ဆင့်။ တပြိုင်တည်း။ တစ်လှည့်စီ။ နှိပ်စက်မှု နည်းအမျိုးမျိုး။ နာရီမလပ်။ မိနစ်မခြား။နေ့စဉ်ရက်ဆက်။ ရက်စက်နေစဉ်။



www.burmeseclassic.com

(၉)

"ဗွမ်း"

မျက်နှာကို ၊ရေများဖြင့်၊ ကြမ်းတမ်းစွာ ပင့်ပတ်လိုက်သည်ဟု၊ သိ၏။ သတိထားကြည့်မိတော့၊ခန္ဓာကိုယ်က၊ထိုင်လျက်မဟုတ်တော့ချေ။

လက်နှစ်ဖက်ကို၊ ကားလျက် အနေအထားဖြင့်၊ အပေါ်သို့ မြှောက်ကာ၊ ကြိုးဖြင့် ချီထားသည်။ ခြေထောက်နှင့် အောက်ကြမ်းပြင်သည်၊ ထိရုံမျှ။

မတ်တတ်အနေအထားဖြင့်၊ လက်မြှောက်ကြိုးထဲထားသည်မှာ၊ ဘယ်နှစ်နာရီ၊ ဘယ်နှစ်ရက်ကြာပြီ. . ဟု၊ ရုတ်တရက်၊ မမှတ်မိတော့။

"ဟေ့ကောင်။ မင်းကို ကြိုးဖြေပြီးသွားပြီလေ။ မင်းလက်က၊ ကြိုးကို၊ ဖြေလိုက်ပြီ။





လက်အောက်ချလေ။ ပြောနေတာ၊ မကြားဘူးလား"

လက်အောက်ချ၊ လက်အောက်ချ၊ လက်အောက်ချ၊ ငါ့လက်တွေ အောက်ကိုချ၊ ငါ့လက်တွေ အောက်ကိုချ။ ချစမ်း ချစမ်း။

ကိုယ့်လက်နှစ်ဖက်ကို၊ ကိုယ့်ဘာသာ၊ မူလနေရာသို့ ပြန်ချဖို့ကိုပင်၊ မည်သို့စွမ်းဆောင်ရမည်. . ဟု၊ သူ . . မသိတော့။

အတန်ကြာမျှ၊ လက်တွေအောက်ချ၊ လက်တွေအောက်ချဟု၊ ကိုယ့်ကိုယ်ကိုယ် အဖန်တလဲလဲခိုင်းစေပြီးပါမှ၊ လက်နှစ်ဖက်သည် မြှောက်နေရာမှ၊ အောက်သို့ ပြန်ကျနိုင်၏။ ပြီးနောက် . . . ဖုန်းခနဲ၊ ပစ်လဲသွားရသည်။

ဖုန်းခနဲ ပစ်လဲသွားသူ၏ မျက်နှာပေါ်သို့၊ ပုန်းထဲက ရေဖြင့်၊ ပက်ဖျန်းလိုက်သည့် အသံက၊ ဗွမ်းခနဲ။

၁၀

တောတွင်းနှင့်အဆက်အသွယ်ရှိမရှိ၊ အကြိမ်ကြိမ်မေးသည်။ ရှိမရှိ မေးသည်ဆိုခြင်းထက်၊ ရှိသည်. . ဟု၊ တပ်အပ် စွပ်စွဲနေသည်က၊ ပိုများ၏။

"မင်းကသာ ငြင်းနေတာ၊ မင်းတို့ တော်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



လုံး မိထားပြီးပြီ။ အကုန်လုံးက၊ ဖော်လိုက်ပြီ။ မင်းက၊ ဘာကိုငြင်းနေတာလဲ"

"ကျွန်တော် မငြင်းပါဘူး။ ကျွန်တော် လုပ်သမျှ၊ ဝန်ခံနေတာပါ။

လက်နက်ကိုင်အဖွဲ့အစည်းနဲ့၊ ဘယ်လိုဆက်သွယ်မှုမှ၊ မရှိတာတော့၊ အမှန်ပဲ။ . . ."

"အဆက်အသွယ်မရှိဘဲ။ မင်း . . ဝေတဲ့၊ စာရွက်တွေ၊ ခေတ်ပုံတွေက၊ မင်းဆီကို၊ ဘယ်လိုလုပ်ရောက်လာတာလဲ"

"အဖွဲ့အစည်းနဲ့ ဆက်သွယ်ပြီး၊ ရောက် လာတာ မဟုတ်ဘူး။

သူငယ်ချင်းတစ်ယောက်က၊ ဒါတွေ. . . လိုက်ဖြန့်ကြမယ်ပြောတယ်။ ကျွန်တော်ယူပြီး၊ ဖြန့်တယ်၊ဝေတယ်။ ဒါပဲ"

"အဲဒီ သူငယ်ချင်းဆိုတာ၊ ဘယ်သူလဲ၊ ဘယ်က ကောင်လဲ"

"ညီညီလှိုင်"





"သူက၊ ဘယ်ကလဲ ။. . ."

"ကျွန်တော့်လိုပဲ။ လူဘောင်သစ်က"

"နောက်ကော . . ."

"ကျွန်တော်သူ့ကိုပဲ သိတယ်၊ တခြား ဘယ်သူ့ကိုမှ၊ မသိဘူး". . ဟု၊ စကားလမ်းကြောင်း ဖျောက်လိုက်သည်။

"ခင်မောင်ဝင်းကို၊ သိလား"

"မသိဘူး"

"သန်းဇော်ထွဋ်ကိုရော"

"မသိဘူး"

"ထွန်းအိနဲ့ သန်းစိုးမြင့်ကိုရော၊ မင်း . . မသိဘူးလား"

"သိတယ်။ ဒါပေမဲ့ . သူတို့ဘာလုပ်သလဲ၊ ကျွန်တော်မသိဘူး"

"ခုနကပြောတော့၊ ညီညီလှိုင့်ကိုပဲ သိတယ်။ တခြားဘယ်သူ့ကိုမှ၊ မသိဘူးဆို"

"လက်နက်ကိုင် အဖွဲ့အစည်းကလူ့ဘယ်သူ့ကိုမှ၊ မသိဘူးလို့၊ ကျွန်တော်ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



တခြားသူတွေကို၊ စစ်မေး အော်ဟစ်နေသံများ၊ သဲ့သဲ့မျှ ကြားရသည်။ ဖြေသူတွေ၏ အသံကို၊ စူးစိုက်နားစွင့်ကြည့်ပြီး၊ ဘယ်သူ ဘယ်ဝါဟု၊ ခန့်မှန်းကြည့်ရ၏။ ညီညီလှိုင်ဟူသော ခေါ်သံကိုကြားရသဖြင့်၊ ညီညီလှိုင့်အမည်ကို သူ. . ထုတ်ပြောရခြင်း ၊ ဖြစ်သည်။

ချစ်သူကို သတိရသည်။ မိသားစုကို၊ သတိရသည်။ ရောက်တဲ့အခြေအနေမှာ ဖြစ်သလို နေရတော့မည်ဟု၊ စိတ်ပိုင်း ဖြတ်ထားပြီး၊ ဖြစ်သဖြင့်၊ ဝမ်းနည်းစိတ်တော့မဝင်။

ဖြန့်ဝေခဲ့ကြသည့်၊ တောတွင်း ခေတ်ပုံတစ်ပုံ၏ ဖလင်ကို၊ မြင်ပ,က ၊သယ်ဆောင်လာသူမှ အပ၊ လက်ခံသူ၊ကူးဆေးသူ၊ ဖြန့်ဝေသူများ၊ အားလုံး၊(၅-ည)၊ (၁၇/၁-၂)စသော၊ ပုဒ်မ,တို့ အသီးသီး အတပ်ခံရကာ၊ စစ်ခုံရုံး၏ အမိန့်ဖြင့်၊ ထောင်သွင်းအကျဉ်းချခံခဲ့ ကြရသည်။

(ဖလင် လက်ခံသူ ကိုခင်မောင်ဝင်းဆိုသူက၊ မူလ, သယ်ဆောင်လာသူကို၊ အထူးကွယ်ကာ ထွက်ဆိုသွားသည်ဟု၊ ခန့်မှန်းကြားသိရ၏။





၈၈- အရေးအခင်းကာလ,က၊ သူနှင့်သိကျွမ်းခဲ့သူ ကိုဇကွဲဆိုသူ၊ တောခိုပြီး၊ တောထဲရောက်မှ၊ ဖလင်ကို၊ အိမ်လိပ်စာဖြင့်၊ အရောက်ပို့ခဲ့ကြောင်း။ ထွက်ဆိုကာ၊ လမ်းကြောင်းဖြတ်ခဲ့သည်။

တကယ် ဆက်သွယ်ယူလာသူကို၊ မဖော်ဘဲ၊တောခိုသွားသော၊ကိုဇကွဲ. . ဟူသည့်စိတ်ကူးဖော်ဆောင်ဇာတ်ကောင် ဖန်တီးကာ၊ မူလ,ယူဆောင်လာသူကို၊အစွမ်းကုန်၊ ကာကွယ်ထွက်ဆိုသွားခဲ့၏။)

အမှုတွဲ အတူတူထဲမှ၊ အစိုးရသက်သေလုပ်ခဲ့သူ နှစ်ဦး လွတ်မြောက်သည်။ ဒါကို မကျေနပ်သူ၊ သူငယ်ချင်းတစ်ယောက် က၊ ထို နှစ်ဦးအနက် တစ်ဦး၏ မျက်နှာကို၊ တံတွေးဖြင့် ထွေးပစ် ခဲ့၏။

အတူတူ ကျူးလွန်ခဲ့ကြပါလျက်၊ ထိုအထဲကမှ၊ လွတ်မြောက်အောင် ရှန်းဖယ်နိုင်သူ မည်သူ့ကိုမဆို၊သူ. . မုဒိတာ ပွားဖြစ်သည်။ တစ်ယောက် လွတ်လွတ် နှစ်ယောက် လွတ်လွတ်၊ ကံကောင်းထောက်မ,စွာ၊ ဒုက္ခမှ လွတ်မြောက်သွားကြသူတွေ အဖြစ်၊ ထပ်တူညီမျှ ခံစားပျော်ရွှင်ပေးခဲ့သည်။

ကိုခင်မောင်ဝင်း ဆိုသူပင်လျှင်၊ တကယ်လာရောက် ဆက်သွယ်ပေးအပ်ခဲ့သူကို၊ မဖော်ဘဲ၊ မသဲမကွဲ ဇာတ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇကွဲ"ကို၊ ဖန်တီးကာ၊ ကိုဇကွဲပေးတာ။ ကိုဇကွဲ၊ တောထဲမှာ။ . . စသဖြင့် ပြောဆိုပြီး၊ လွတ်မြောက်နိုင်သူကို၊ လွတ်ကင်းနိုင်စေရန်၊ ရှောက်ကွင်း ထွက်ဆိုကူညီခဲ့သည်ပဲ။

ဖော်ကောင် . . ဟု၊ ခေါ်ခေါ်၊ အစိုးရသက်သေဟု၊ ခေါ်ခေါ်၊ထိုသူတွေနှင့်ကိုယ်၊ အတူတူ ကျူးလွန်ဆောင်ရွက်ခဲ့ကြပါလျက်၊ သူတို့လွတ်မြောက်ရာ၊ လွတ်ကင်းကြောင်းအတွက်၊ အချင်းချင်း၏ လျှို့ဝှက်ချက်၊ ဆောင်ရွက်ချက်တို့ကို၊ ထုတ်ဖော်ပြောပြ၊ လွတ်လမ်းရှာသွားခဲ့ကြခြင်းအပေါ်၊ စိတ်နာစရာအကြောင်းမရှိ။ ကိုယ့်လူတွေ၊ လွတ်မြောက်သည်ဟုသာ၊ သူ . . ခံစား၏။

အသားထဲက လောက်ထွက်သည်ဟုလည်း မဆိုအပ်ပြန်။ ကိုယ်လူ သူ့ဘက်သားတွေဟုလည်း၊ မခန့်မှန်းချင်။

သူလျှို- ဒလန်- ပဥ္စမံ တပ်သားတို့ ဟူသည်ကား၊ ခေတ်စနစ်တိုင်း၌၊ ရှိမြဲရှိဆဲ ရပ်တည်ဖွဲ့တည်မြဲဟု၊ သိမှတ်ထားရလေမည် တကား။



(၁၀)

လ,ပေါင်းများစွာကြာမှ ထောင်ဝင်စာ ထွက်ခွင့်ရသည်။ ထောင်ဝင်စာ လာတွေ့သူမှာ၊ အစ်ကို ကိုမြတ်ဆောင်တစ်ဦးတည်း။

"အမေနဲ့အဖေ မလိုက်လာဘူးလား" . . ဟု၊ သူ မမေး။ "အားလုံးကို သတိရတယ်". . ဟု၊ မချွဲပစ်။ ငရဲမှ အထွက်တွင်၊ လက်ဖျား၌ တင်ကျန်နေသော ပြာပူကို၊ မတွန့်မဆုတ်ဘဲ၊ ငုံ့ကြည့်နေသူပမာ၊ စိတ်ပြာပူသည် လေတွင် မလွင့်ပါ။

"မင်းနေကောင်းရဲ့လား"

သူခေါင်းညိတ်၏။

"ဖောသွတ်သွတ်ဖြစ်နေလို့"

"တီဘီ ဖြစ်နေတာ။ တီ ဘီ ဆေးကို၊ အားဆေးနဲ့ ရောထိုးမိလို့လူက ကွတတ၊ ဖောသွပ်သွပ်ဖြစ်နေတာ။ နေရထိုင်ရတာတော့ သက်သာပါတယ်။"

"မင်း . . ၊ထောင်ပြောင်းမခံရစေနဲ့နော်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ဘာအပြစ်မှ ထပ်မလုပ်နဲ့တော့"

"ဟုတ်ကဲ့ပါ။ လက်ခုပ်ထဲက ရေဖြစ်နေမှ တော့၊ ထ,ပွတ်မနေတော့ပါဘူး။ ညီညီလှိုင်တို့တော့၊တောင်ငူထောင် အပြောင်းခံရတယ်။ . . "

"မင်းကို ငါပြောစရာရှိတယ် မြတ်နောင်။ မင်း . . စိတ်ခိုင်ရဲ့လား"

အစ်ကိုဖြစ်သူ၏ မျက်နှာလို၊ အေးဆေးစွာ ကြည့်လျက်-

"အဖေနဲ့အမေ၊ တစ်ယောက်ယောက် ဆုံးသွားလို့လား"

"အဖေ ဆုံးသွားပြီ။ ဟာ . . မင်းကြိုသိ နေတာလား"

"ကြိုမသိပါဘူး။ ကံဆိုးလို့၊ အကျဉ်းချခံရတဲ့ သူအဖို့၊ နောက်ထပ်ကြားရ သိရ ရင်ဆိုင်ရမယ့် သတင်းစကားမှာ၊ မင်္ဂလာရှိတဲ့ သတင်း မဟုတ် လောက်ဘူးလို့ပဲ၊ ခန့်မှန်းမိတာပါ"

"မင်းရှောင်တိမ်းနေရာက,နေ၊ ပြန်မရောက်





သေးတာလောက်ပဲ၊အဖေသိသွားရှာတယ်။ ထောင် ကျတာ၊ အဖေမသိဘူး"

"ရောဂါနဲ့သေတာလား"

"ရောဂါနဲ့တော့မဟုတ်ဘူး။ ရုတ်တရက် မူးလဲကျပြီး သေတာ။

ညနေတိုင်း၊ မင်းကို ထွက်ထွက်မျှော်တယ် ကွ။ထွက်မျှော်ရင်း . . . . လဲကျသွားတာ"

မျက်ရည်ဝေ့ရမည့်အစား၊ သူ့နှုတ်ခမ်းလေး အနည်းငယ် တွန့်ကွေးသည်။ ငိုချင်စိတ်ကို၊ ပြုံး၍ ဖယ်ဖျောက်ခြင်း။

"နောက်အခေါက်တွေမှာ၊ အမေလိုက်မယ် ပြောတယ်။ ပြီးတော့ . . . မင်းရည်းစား စိမ်းမြ ရည်လည်း၊ လိုက်ချင်တယ် . . . တဲ့"

"လာရ သွားရတာ၊ ပင်ပန်းပါတယ်။ အမေ မကျန်းမာရင်၊ မလာပါစေနဲ့"

"ကျန်းမာတယ်။အခု. . လိုက်မလာတာက၊ သူ့. . ငိုချင်စိတ် မထိန်းနိုင်မှာစိုးလို့ . . တဲ့။

မင်း. . ဒီမှာ၊ အေးအေးဆေးဆေး ပြေပြေ



www.burmeseclassic.com

www.burmeseclassic.com



လည်လည်၊ ဘာညာ၊ ငါ. . . ပြောပြလိုက်ရင်၊ အမေ. . . စိတ်ချမ်းသာမှာပါ။ အဲဒီ့အခါကျမှ၊ ခေါ်ခဲ့မယ်"

"ရန်မျိုးအောင်တို့၊ မင်းနိုင်တို့၊ အန္တရာယ်ကင်းရဲ့လား"

"ကင်းပါတယ်။ မယဉ်ကြည်လည်း ထောင်မကျဘူး၊ အစစ်ဆေးခံရရုံပဲ"

"ကျွန်တော် ကန်တော့တဲ့အကြောင်း၊ အမေ့ကို ပြောပေး"

"အေး . . အေး ။ ပြောပေးမယ်"

"ဒီည၊ ပုတီးစိပ်ပြီး။ အဖေ့ကို၊ အမျှဝေပေးလိုက်မယ်"

"အေး။ ကောင်းတယ်၊ ကောင်းတယ်"

"ထောင်ထဲက၊ ကြမ်းတမ်းမှုက၊ စစ်ကြောရေးရဲ့ ရက်စက်မှုတွေလောက်၊ မပြင်းထန်တော့၊ နေတတ်ပါတယ်။ ကြမ်းတမ်းတဲ့၊ ထောင်ထဲမှာ၊ နေတတ်အောင်များ၊ စစ်ကြောရေးက၊ လေ့ကျင့်





ပေးလိုက်သလားမသိဘူး"

ရယ်မောကာ၊ သူပြော၏ ။ အစ်ကိုဖြစ်သူခမျာ၊ သူ့စကားတိုင်းအပေါ်၊ ကရုဏာသက်စွာ၊ နားထောင်နေရှာ၏။

အမေလိုက်လာသည့် အခေါက်က၊ အမေ့မငို။ ပြုံးပြုံးရွှင်ရွှင်သာ၊ အမေနေပြော၏။

စိမ်းမြရည် လိုက်ပါလာမည့် အခေါက်က၊ စိမ်းမြရည်ငိုလေသည်။

အကျဉ်းကျစဉ်(၅)နှစ်တာ၊ ကာလတလျှောက်လုံး၊ မြန်မာနိုင်ငံ၏ ထောင်ကျနိုင်ငံရေးအကျဉ်းသား တစ်ယောက်၏ ဒုက္ခအဝဝ,ကို၊ မတုန်လှုပ်စွာ၊ သူ. . ခံယူသည်၊

သက်ဆိုင်ရာက၊ ထ,ဆို ထလိုက်သည်။ ထိုင်ဆိုဝ် ထိုင်လိုက်သည်၊ ငုံ့ဆိုလျှင် ငုံ့လိုက်သည်။ (ဦးငုံ့ခိုင်းပါလျက်၊ လုံးဝ. . မငုံ့ခဲ့သူတစ်ဦးကို၊ သူ. . တွေ့ဖူးခဲ့၏။ ဝါရင့်နိုင်ငံရေးသမားကြီး၊ သတင်းစာဆရာကြီး၊ ဦးဝင်းတင်. . . ဟု၊ သိရသည်၊ ခေတ်ဟောင်းပဒေသရာဇ်လက်ကျန် အာဏာပါးကွက်သားများက ဝိုင်းနှိမ်းရိုက်



www.burmeseclassic.com

www.burmeseclassic.com



နှက်ပြီ၊ ခေါင်းငုံ့ရန်၊ စေခိုင်းကြပါလျက်၊ ထိုသူရဲကောင်းကြီးသည်။ လုံး၀ . . ခေါင်းမငုံ့၊ ဦးမညွှတ်)။ သမိုင်း ရှိုင်းစေခဲ့သူတို့၏ လက်အောက် ၌၊ သမိုင်းကို သွေးဖြင့် ရေးခဲ့ကြသော၊ သူရဲကောင်းများ များစွာ ရှိခဲ့သည်။

ရိုင်းအောင်စေ၍ ရိုင်းစွာယုတ်ခဲ့ကြသူတို့အပေါ်၊ သူက,တော့၊ အငြိုးမထား။ မေတ္တာမပို့၊ ကျိန်စာမတိုက်။ အပေါ်က ခြေနှင့်အနင်းခံကြရမည်ကိုကြောက်လန့်ကြသောကြောင့် ၊အောက်ကို၊ ခြေဖြင့် ဖိထားရက်ကြသူများဟုသာ၊သူမှတ်ပိုက်သည်။

"ဝဋ်ကြွေး"ဟူသော တံဆိပ်လက္ခဏာမှ လွဲ၍၊ ထိုသူတို့ အပေါ်သူ . . အာရုံမထား။ ခွန်းတုံ့မပြန်။ (လောကသဘာ၀,သည်၊ အစဉ်ပျက်ယွင်းလျက်၊ အလှည့်ကျလှည့်ပတ်နေလေမည်ဟု၊ သူ. . . သေသေချာချာ တွေးသိ၏)။

ၜၜၜ



(၁၁)

"ဘာကို ဆွေးနွေး ဆွေးနွေး . . လို့၊ ကိုနောင်ပြောတာလေ"

"နှစ်ယောက်နီးရဖို့၊ အဆင်အပြေဆုံး၊ ဆွေးနွေးပေးပါ။ ကိုနောင်ရယ် . . . နော်။

စိမ်းတောင်မှ၊ ဖေဖေနဲ့ အရဲစွန့်ပြီး၊ ဆွေးနွေး ထားရတာပါ။ကိုနောင်ထောင်ကျသွားမှ၊ စိမ်းနဲ့ ကိုနောင့်ကိစ္စကို၊ ဖေဖေသိသွားတာ။

ထောင်ကလွတ်လို့၊ ကိုနောင် နိုင်ငံရေး မလုပ်တော့ဘူးဆိုရင်၊ သဘောတူမယ်. . တဲ့။ အဲဒါ. . "

"ကိုနောင်က၊ ကြီးကြီးကျယ်ကျယ် နိုင်ငံ့ အရေးကြီးတွေ၊ လုပ်နေတာမဟုတ်ဘူးနော်။ လူ



www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်း၊ အာဏာနဲ့ ဖိသိပ်အုပ်ချုပ်နေသူတွေရဲ့၊ လက်အောက်မှာ မနေချင်လို့၊ ဆန့်ကျင်တော်လှန်ရုံလေးပါ။

ကိုနောင့်မှာ၊ ဘာဝါဒမှ မရှိဘူး။ လူအချင်းချင်း အာဏာနဲ့ အုပ်ချုပ်တာကို၊ မခံချင်တဲ့ စိတ်ပဲရှိတယ်၊ အာဏာရှင်တွေ ရှိနေသမျှ၊ အဲဒီစိတ် ရှိနေဦးမှာပဲ။

ဒီစိတ်မျိုးဟာ နိုင်ငံရေးသမားမှ၊ ထားရမယ့် စိတ်မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ်လူအဖြစ်သိမှတ်တဲ့၊ လူတိုင်းထားရမယ့်စိတ်၊ နိုင်ငံသားတိုင်းထားရမယ့် စိတ်၊

အဲဒီစိတ်မျိုးဟာ၊ လွတ်လပ်တဲ့ နိုင်ငံသားတိုင်းမှာရှိတယ်။ အဲဒီစိတ်ထား,ထားရုံနဲ့၊ ထားတဲ့သူတိုင်းကို၊ နိုင်ငံရေးသမားလို့ သတ်မှတ်ရင်၊ အားလုံး နိုင်ငံရေးသမားပဲ၊
မြင့်မြတ်တဲ့ နိုင်ငံသားတိုင်းဟာ၊ အာဏာရှင်ကို၊ မလိုလားဘူး။





အုပ်ချုပ်တဲ့သူက၊ အာဏာရှင် မဆန်ရင်၊ အအုပ်ချုပ်ခံတဲ့ နိုင်ငံသားတိုင်းကလည်း၊ မေတ္တာနဲ့ တုံ့ပြန်ဖို့၊ အဆင်သင့်ပဲ . . စိမ်း"

"နှစ်ယောက်ဆုံစည်းဖို့မှာ၊ အဲဒီ ကိစ္စတွေ မပါလို့၊ မရဘူးလား ကိုနောင်"

"မရဘူး . . စိမ်း။ တို့နှစ်ယောက်ဆုံစည်းပြီး၊ မွေးဖွားလာမယ့် နောင်လာ နောင်သားတွေကို၊ စစ်အာဏာရှင်လက်အောက်ခံလေးတွေမဖြစ်စေချင်ဘူး"

"ဒုက္ခပါပဲ ကိုနောင်ရယ်"

" အာဏာရှင် လက်အောက်မှာ၊ ကိုယ့်မိသားစု ထမင်းဝ,နေရုံနဲ့ နိုင်ငံတော်ကြီး အေးချမ်းသာယာဝ,ပြောပါတယ် . . လို့၊ အထင်ရောက်နေသူတွေထဲမှာ၊ ငါ, မပါဘူး . ."

"အဲဒါဆို၊ ဖေဖေနဲ့တွေ့ရင်၊ ဘယ်လိုလုပ်အဆင်ပြေပါတော့မလဲ"

"အဲဒါကြောင့် ဘာကိုဆွေးနွေးဆွေးနွေး၊



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေမှာမဟုတ်ဘူးလို့၊ ပြောတာပေါ့”

“ကိုနောင်က၊ စိမ်းကို သိပ်ချစ်တာ . . လို့၊ ဖေဖေ့ကိုရော၊ မေမေ့ကိုရော ပြောထားတာ ကိုနောင်ရဲ့”

“ငါကလည်း၊ သိပ်ချစ်လို့ ပြောနေတာပဲ။ ဖန်ပေါင်းချောင်ကြီးနဲ့ အုပ်ထားတာကို။ ချစ်သူလည်း မသိ၊ နောင်လာနောင်သားတွေလည်း၊ မသိမှာစိုးလို့၊ ဒီ. . စကားတွေ၊ ပြောပြနေရတာလေ”

“ဘာပဲ ဖြစ်ဖြစ်ခဲ့ပါ ကိုနောင်ရယ်။ ဖေဖေနဲ့တော့၊ ခဏလိုက်တွေ့ပေးပါ။ ပြီးတော့ . . အတတ်နိုင်ဆုံး၊ နှစ်ယောက်ဆုံးစည်းဖို့ကို ဦးစားပေးပြီး၊ ဆွေးနွေးပေးပါ။ နော်. . . ကိုနောင်”

“ဆုံးစည်းချင်တာများ လွယ်လွယ်လေးပါ စိမ်းရယ်။ အခု . . လိုက်ခဲ့။ အခုချက်ချင်း၊ တရားရုံးမှာ၊ နှစ်ဦးသဘောတူ လက်ထပ်စာချုပ်ထဲ လက်မှတ်ထိုး။ ပြီးရောပေါ့။ ဝါဒတွေ၊ ပကာသနတွေ၊သဘောတူတာတွေ၊





သဘောမတူတာတွေ၊ ဘာမှ . . ဝင်နှောင့်ယှက်လို့၊ မရဘူးလေ။ ဘယ်နှယ့်လဲ”

“ကြောက်တယ်”

သူ-မြုံးလျှက်

“ကြောက်တဲ့သူကို၊ အာဏာရှင်တွေက၊ သိပ်ကြိုက်တယ်”

ပြောရင်း၊ ချစ်သူ့ပါးမို့မို့ကို ဖျစ်ညှစ်လိုက်၏။

၅

“ရည်စားနဲ့အတူ တောခိုမယ်ဆိုပြီး၊ ချိန်းလိုက်တာ၊ တောမခိုဖြစ်ဘဲ၊ အိမ်ထောင်ကျသွားတယ်” . . . ဟု၊ ရန်မျိုးအောင်ရယ်ကာမောကာပြော၏။

ညီညီလှိုင်က -

“စိမ်းမြရည်ကို၊ မင်း ခိုးပြေးလိုက်ပါလား”

“ သူ့. . မလိုက်ရဲပါဘူးကွာ”

“မင်းကို အထင်သေးလို့လား။ ဒါမှမဟုတ်၊နောက်ထပ်ထောင်ဝင်စာ လာလာတွေ့ရမှာစိုးလို့လား” . . ဟု၊ ကျီစယ်စွာ ညီညီလှိုင် မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေလည်း ပါမှာပေါ့ကွာ။ သူ့အဖေကို ကြောက်တဲ့စိတ်က၊ ပိုကြီးနေပုံပဲ"

"ဒါဆို မလွယ်ဘူး"..ဟု ရန်မျိုးအောင်ဝင်ပြော၏။

ရန်မျိုးအောင်ဘက်သို့ လှည့်ကာ၊ ညီညီလှိုင်က-

"မင်းတော့၊ အသည်းကွဲဇာတ်လမ်း တစ်ပုဒ်၊ ထပ်ကြားရတော့မယ်ထင်တယ်"

ညီညီလှိုင့်စကားကြောင့်၊ သူက....,

"ဘာလဲ၊ ရန်မျိုးအောင်က၊ အသည်းကွဲဇာတ်လမ်းတွေပဲ၊ ရေးနေတဲ့ စာရေးဆရာလား"

ရန်မျိုးအောင်မဖြေ။

"မြန်မာနိုင်ငံမှာ၊ စာပေ ကင်ပေတိုင်ရုံးလို့ခေါ်တဲ့၊ စာပေ စိစစ်ရေးရုံးရှိတယ်ကွ။

အဲဒီရုံးကို၊ မျက်စိ မှောက်အောင် လုပ်ဖို့က,တော့ အချစ်ကဗျာ များများရေးပြီး၊ အချစ်ဝတ္ထု၊ အသည်းကွဲဝတ္ထုများများရေးဖို့ပဲ။

ပြီးတော့မှ အချစ်ယောင်ဆောင်တဲ့ ကဗျာတွေ၊ အသည်းကွဲဝတ္ထုရဲ့ စာပိုဒ်ကြားတွေမှာ၊





ဆယ်ခါတစ်ခါ၊ ရေးချင်တာတွေ ဒီကောင် ထိုးထိုးထည့်နေရရှာတာကွ"

ရန်မျိုးအောင်ဘက်က၊ ညီညီလှိုင် ရှေ့နေလိုက်၏၊ သူက ...

"အဲဒီလို၊ ဟိုညှပ် ဒီညှပ်, ဝှေ့လည်ကြောင်ပတ် ရေးနေမယ့်အစား၊ ရေးချင်ရာကို ရေးမယ်၊ မင်းပြောတဲ့၊ အဲဒီရုံးကို မတင်ဘဲ၊ စာအုပ်ထုတ်မယ်ဆို၊ ဘာဖြစ်မလဲ"

ရန်မျိုးအောင်က -

"ထောင်ကျမှာပေါ့ကွ"

"ငါသာဆို၊ ထောင်အကျခံပြီး၊ ရေးပစ်လိုက်မယ်။

ဝေ့ဝိုက်ပြီး၊ ရေးနေတဲ့၊ စာကြောင်းတွေကို၊ ဘယ်သူမှ ဆန်ကာစစ်ပြီး လိုက်ဖတ်ကြမှာ မဟုတ်ဘူး"

ရန်မျိုးအောင်က၊

"တစ်အုပ်တည်းရေးပြီး၊ ဒီနိုင်ငံနဲ့ဝေးမှာကို၊



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးဖို့ ငါစဉ်းစားပါသေးတယ်ကွာ။

ငါ့နိုင်ငံကို ငါမခွဲနိုင်ဘူးကွာ။ ပြီးတော့၊ တစ်အုပ်တည်းရေးပြီး၊ ထောင်အကျခံဖို့ တွေးပါသေးတယ်။

ထောင်ကျနေရင်၊ နောက်ထပ် ဆက်ရေးခွင့် မရမှာကိုလည်း၊ တွေးမိပြန်တယ်ကွ။

အဲဒါနဲ့ပဲ၊ စာကြောင်း ရာချီတဲ့အထဲ၊ စောင်းကာ မြောင်းကာ ရေးရတဲ့၊ ဝါကျလေးတွေ၊ တစ်ကြောင်း တစ်ပါဒလောက်ညှပ်ထည့်ပြီး၊ ရေရှည်ရေးခွင့်ရအောင်၊ နည်းသုံးရတာပေါ့"

"ဒါဆို၊ မင်းက၊ ရန်သူပေးတဲ့ အခွင့်အရေးလေးထဲ၊ ခြေထစ်ပေါင်ကျိုး၊ ဝင်က,နေရတာပေါ့"

ရန်မျိုးအောင်က၊ ခေါင်းခါပြီး. .

"ငါက၊ နိုင်ငံရေး စာပေ မကျွမ်းကျင်ဘူးလေကွာ။ လူတွေထားရမယ့် စိတ်ထားနှလုံးသားနဲ့ သက်ဆိုင်တဲ့၊ အတွေးအမြင်တော့၊ ငါနိုင်နင်းပါတယ်။





အဲဒါတွေကိုပဲ၊ အချစ်ဝတ္ထုထဲ၊ ထည့်ရေးနေဖြစ်တာပေါ့။

လက်နက်ကိုင် ပုန်ကန်ရလောက်အောင်၊ ငါ့နှလုံးသား၊ မကြမ်းတမ်းချင်သလို၊ စာဖတ်တဲ့သူကိုလည်း၊ အဲဒီလိုပဲ။ မကြမ်းတမ်းစေချင်ဘူး။

အဲဒါကြောင့်၊ နူးညံ့တဲ့ နည်းကိုပဲ၊ ငါရွေးလိုက်တယ်"

"ထောင်ကျမှာ ကြောက်ရင်၊ ကြောက်တယ်လို့၊ ဝန်ခံပါကွာ"

"အေး။ ကြောက်တယ်။ ဒါပေမဲ့ ကြောက်ကြောက်နဲ့ ပဲ၊ လုပ်သင့်တာကို၊ ချင့်ချင့်ချိန်ချိန် လုပ်နေမှာပဲ။

ဒီလိုမရရင်၊ ဟိုလို။ ဟိုလိုမရ . . အဲဒီလို . . . ဆိုတာမျိုး၊ တလောင်ကိုင်ပြီး၊ ဖန်တီးနေမှာပဲ။

ပြီးတော့၊ ငါတို့က၊ နိုင်ငံရေးသမားကြီးတွေမှ၊ မဟုတ်တာ။ အာဏာရှင်ကို၊ အမြဲတမ်းဖီဆန် နေချင်တဲ့၊ တိုးတက်တဲ့ နိုင်ငံသားတွေလေ။



www.burmeseclassic.com

www.burmeseclassic.com



ကလောင်ကိုင်ပြီး၊ ထိုးနှက်ရတာ၊ သေနတ်လောက်မထိရောက်ပေမယ့်၊ ချက်ကောင်းကို အပ်နဲ့ဆွသလောက်တော့၊ အရာရောက်ပါလိမ့်မယ်ကွာ"

သူက၊ ရယ်မောလျက်-

"ငါက၊ မင်းကို နောက်နေတာပါကွာ။ ငယ်ငယ်ကတည်းက၊ မင်း. ကဗျာတွေ စာတွေရေးရေးနေတာကို၊ ငါတို့သိတယ်။

အဲဒီဝါသနာပါတဲ့၊ အလုပ်ကို၊ အခုလို ထွန်းထွန်းပေါက်ပေါက်၊ လုပ်နေနိုင်တာကိုပဲ၊ ငါ . . . မင်းအတွက်၊ ဂုဏ်ယူနေတာပါကွ။

မင်းပြောသလိုပဲ။ ငါတို့က၊ နိုင်ငံရေးသမားကြီးတွေ မဟုတ်ပါဘူး၊ မခံချင်စိတ်ကိုပဲ၊ အခြေခံတဲ့၊ သာမန်နိုင်ငံသားတွေပါ။

မခံချင်စိတ်ကိုတောင်၊ မွေးရမှန်းမသိသူတွေအတွက်၊ မင်းတို့ . . . ငါတို့အားလုံး၊ လက်လှမ်းမီသလောက်၊ မျက်စိဖွင့်ပေးကြရမှာပေါ့"





"ကလောင်က၊ ပိုပြီးထိရောက်တယ်". . . ဟု၊ ညီညီလှိုင်ဝင်ပြော၏။ပြီးနောက်-

"စိမ်းမြရည် အဖေနဲ့၊ မင်း , သွားတွေ့မှာလား"

"အင်း။ တာဝန်အရ၊ သွားတွေ့မှာပါ။ ချစ်သူ့တာဝန်ပေါ့ကွာ။

ပြေလည်စရာတော့ အကြောင်းမမြင်ဘူး။

လူ့တစ်ယောက်ရဲ့ ဉာဏ်ပညာအဆင့်အတန်းကို၊ သိချင်ရင်၊ သူ. . ဘယ်လိုအစိုးရကို၊ ဖက်တွယ်ထားသလဲဆိုတဲ့ အခြေအနေကို၊ ကြည့်လိုက်ရုံပါပဲ။

စိမ်းမြရည် အဖေရဲ့၊ ဉာဏ်ရည်က၊ လှေနံဓားထစ်၊အပြဋ္ဌာန်းခံ၊ အဆင့်ထက်မကျော်လောက်ပါဘူး။

အဲဒီလို လူ့အတ္တကို၊ ငါ. . မျက်နှာချင်း သွားဆိုင်မှာ၊ စိမ်းမြရည်ကို၊ ချစ်တဲ့အတွက်၊ ချစ်သူအလိုကို၊ လိုက်လိုက်တဲ့သဘောပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ့ထက်ပိုပြီး၊ အလိုလိုက်ဖို့၊ အစီအစဉ်
တော့ မရှိဘူး"

"ဝုန်းဝုန်းဒိုင်းဒိုင်းတော့၊ မဖြစ်စေနဲ့ပေါ့ကွာ" . . ဟု၊ ရန်မျိုးအောင်၊ ပြော၏။ "ထောင်ထဲက၊ အာဏာပါးကွက်သားတွေကိုတောင်၊ ငါ့ဝုန်းဒိုင်း မကျဲခဲ့ပါဘူး" . . ဟု၊ အံသွားချင်း ဖိကြိတ်ကာ၊ သူ. . ပြော၏။ (ရန်မျိုးအောင် ရွတ်ပြဖူးသော၊ ကဗျာတစ်ပုဒ်ကို၊ ပြန်လည်ကြားယောင်မိချေသည်)။

ဤ

*"အချစ်ဓာတ်ညွှန်း"*

*တောင်မပြိုခင်အထိ*
*တောင်ခြေက အေးမြမြ။*
*အပင်မလဲခင် အထိ*
*သစ်ပင်ရိပ်က အလုံခြုံဆုံး။*
*မပြိုကွဲချိန်အထိ*
*အချစ်က တစ်ဘဝစာ။ ။*

ဤ ဤ ဤ



(၁၂)

"မင်းတို့က၊ ငယ်သူငယ်ချင်းတွေဆိုတော့၊
သံယောဇဉ်တော့ တော်တော်ရှိကြမှာပဲ"

ဦးစိမ်းနိုင်၏ စကားဦးအပေါ်၊ သူ. . မည်သို့မျှ မတုံ့ပြန်။ ဦးစိမ်းနိုင်၏ နံဘေးတွင်၊ စိမ်းမြရည်၏ မိခင်။ မိခင်၏ နံဘေးတွင်၊ စိမ်းမြရည်။

စားပွဲခြားသော၊ တူရှုတွင် သူထိုင်၏။ ထောင်မှလွတ်မည့်သူတစ်ဦးဦးကို၊ ထောင်အရာရှိက၊ ဩဝါဒစကား၊ မြွက်ကြားနေသည်ဟုသာ၊ သူ စိတ်ကူး၏။

"ငါ့ သမီးက ဝန်ခံထားတယ်။ မင်းက
သူ့ရည်းစားဆို၊ ဟုတ်လား"

"မဟုတ်ပါဘူး"

"ဘာ"

"ရည်းစားမဟုတ်ပါဘူး။ ချစ်သူပါ"

"ဩော်. . ။ ရည်းစားနဲ့ချစ်သူ၊ သဘော
သဘာဝ,ချင်းမတူဘူးပေါ့။ ဒီလိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

" မင်း . . ထောင်က၊ လွတ်လာတဲ့အတွက်၊ ဝမ်းသာတယ်ကွာ။

ဒီလိုပဲ။ လူငယ်ဆိုတော့၊ တစ်ကြိမ်တစ်ခါတော့၊ မှားဖူးကြတာပါပဲ"

ထိုစကားကိုပင်၊ စ,တင်ကန့်ကွက်ချင်၏။ ဆန္ဒကိုမျိုချရသည်။

"မင်း . . . ကျောင်းဆက်တက်မှာလား"

"တက်လို့ မရတော့ဘူး"

"ဘာဖြစ်လို့မရရမှာလဲ။ စက်မှုတက္ကသိုလ်ဆက်တက်လို့၊ မရတော့ပေမယ့်၊ တခြားမေဂျာ၊ ရိုးရိုးမေဂျာတစ်ခုခုနဲ့ ဆက်တက်လို့ရတာပဲ"

"စက်မှုတက္ကသိုလ်ကျောင်းသား တစ်ယောက်က၊ အစိုးရကို၊ ပုန်ကန်လို့၊ စက်မှုတက္ကသိုလ်က၊ ဘွဲ့ကိုယူခွင့်မပြုတော့ဘဲ၊ တခြားဘာသာရပ်ပြောင်းယူဖို့ အခွင့်အရေးပေးတာ။ ဒါ. . ,အစိုးရက. . .၊ မသထာရေစာ ပေးတာပဲ။





အဲဒီ့အစိုးရရဲ့၊ အဲဒီ့မသထာရေစာကို၊ ကျွန်တော်မယူတော့ဘူး"

"အဲဒါဆို၊ မင်း . . ဘဝကို၊ မင်းဘယ်လိုရပ်တည်မလဲ။ မင်း. . .။ ဘာလုပ်စားမလဲ"

"ကျွန်တော် ဦးနှောက်ကောင်းတယ်၊ ခြေလက်လည်း၊ ကောင်းတယ်။ ကြံ့သလို လုပ်စားမှာပါ"

"မင်းကို၊ ပွင့်ပွင့်လင်းလင်းပဲ၊ မေးမယ်ကွာ။ မင်း. . ငါ့သမီးကို၊ လက်ထပ်ဖို့ အစီအစဉ်ရှိလား"

သူက၊ စိမ်းမြရည်ကို၊ တစ်ချက်ကြည့်ပြီး . .

"သူ့ကိုချစ်တယ်လို့၊ စ,ပြောလိုက်ကတည်းက၊ လက်ထပ်ဖို့ ရည်ရွယ်ချက်လည်း တွဲပါပြီးသားပါ"

"မိဘသဘောတူဖို့တော့၊ လိုမယ် ထင်တယ်ကွ၊ နော်"

"ဟုတ်ကဲ့"

"သူ့ကို၊ ငါအိမ်ထောင်ချပေးတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလည်းပြီးပြီ၊ အရွယ်လည်း ရောက်ပြီလေ၊

ပေါက်လွှတ်ပဲစား၊ ဟိုမရောက် ဒီမရောက် တွေနဲ့တော့၊ ဘယ်မိဘမှ၊သဘောတူမှာမဟုတ်ဘူး။

မထည်ဝါရင်တောင်၊ လူလူသူသူလေးတော့၊ ဖြစ်စေချင်တယ်။

ဆိုလိုတာက,ကွာ။ မင်း,ဘွဲ့တစ်ဘွဲ့ရအောင် ယူ။ ပြီးတော့၊ ဥပဒေနဲ့ငြိစွန်းမယ့်ကိစ္စတွေ အကုန် ရပ်။

အဲဒီလောက်ဆိုရင်၊ မင်းနဲ့ သမီးနဲ့ကို၊ ငါ. . ၊ သဘောတူမယ်ကွာ။ ရှင်းလား။

ငါ့ တောင်းဆိုမှုထဲမှာ၊ စိန်တွေ ရွှေတွေ၊ တိုက်တွေ ကားတွေ၊ တင်တောင်းဖို့မပါပါဘူးနော်။ ဘယ်နှယ့်လဲ"

ဦးစိမ်းခိုင်စကားဆုံးသည့်နောက်၊ သူတ. . ,

"ဥပဒေနဲ့ငြိစွန်းတဲ့၊ ပြည်သူပိုင်ပစ္စည်းခိုးတဲ့ အလုပ်၊ အရာရှိအရာခံတွေနဲ့ ပေါင်းပြီး၊ လာဘ် ပေးလာဘ်ယူ လုပ်တဲ့အလုပ်၊ လိမ်တဲ့အလုပ်၊





လောင်းကစားအလုပ်၊ ခားမြဲအလုပ်၊ ခါးပိုက်နှိုက်အလုပ်၊ မူးယစ်ဆေး ၊ ရောင်းဝယ် ဖောက်ကားတဲ့အလုပ်၊တရားမဝင်အရက်ရောင်း တဲ့အလုပ်၊ . . ဘယ်အလုပ်ကိုမှ ကျွန်တော် မလုပ်ပါဘူး။

ဒီအစိုးရဆီကလည်း၊ ဘာဘွဲ့မှ၊ ဘယ်တော့ မှ၊ မယူပါဘူး"

"မင်းကို၊ နိုင်ငံရေး ဆက်မလုပ်ဖို့ ပြောတာ ကွ"

"ကျွန်တော်၊ တစ်ခါမှ နိုင်ငံရေးမလုပ်ခဲ့ဖူး ဘူး။

လူတစ်ယောက်လုပ်ရမယ့် အလုပ်ကိုပဲ လုပ်ဖူးတယ်။ လူကိုလူလို မအုပ်ချုပ်ဘဲ၊ ဖိနှိပ် ခြောက်လှန့်ပြီး အုပ်ချုပ်တဲ့ ဘယ်သူ့ကိုမဆို၊ လူပီသ,တဲ့လူတိုင်း၊ မဖြစ်မနေ၊ ဆန့်ကျင်ရလိမ့် မယ်။ အဲဒီအလုပ်ကိုပဲ။ ကျွန်တော်လုပ်ခဲ့တယ်။

လူ့အခွင့်အရေးမပြည့်ဝတဲ့၊ အုပ်ချုပ်မှု



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသမျှ၊ ကျွန်တော်. . ရတဲ့နည်းနဲ့ ဆန့်ကျင်နေဦးမှာပါပဲ"

စူးစိုက်စွာ ကြည့်၏။

တည်ကြည်စွာ ပြန်ကြည့်လိုက်သည်။ သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ-

"မင်း၊ မသေမချင်းမှတ်ထား။ ငါတို့တပ်မတော်ကို၊ မင်းတို့၊ ဘယ်တော့မှ ဖြိုခွင်းလို့မရဘူးကွ။မှတ်ထား"

"ဦးလေးစကား၊ မှားနေပြီ။ ဦးလေးတို့တပ်မတော်မဟုတ်ပါဘူး။ ပြည်သူ့တပ်မတော်ပါ။ နောက်ပြီး . . . ကျွန်တော်တို့အားလုံး၊ တပ်မတော်ကို၊ မဖြိုခွင်းပါဘူး။

စစ်အာဏာရှင်ကိုပဲ၊ ဖြိုခွင်းနေတာပါ။ ရှစ်ဆယ့်ရှစ်တုန်းက,တောင်၊ စစ်အာဏာရှင်ကို၊ မလိုလားတဲ့၊ တပ်မတော်သားတွေ. . ပြည်သူ့ရဲတွေ၊ ဆန္ဒပြကြတာ၊ အများကြီးပဲလေ။ ဦးလေးမသိဘူးလား"





ဝန်မခံချင်သူ၏လေသံဖြင့်၊

"ကဲ၊ ထားပါတော့။မင်းက. . . ဘွဲ့လည်းမယူ၊ဘာထည်ဝါမှုမှလည်းမရှိဘဲနဲ့၊ငါ့သမီးကို၊ မင်းဘယ်လို လုပ်ကျွေးမှာလဲ။ . . ပြော"

စိမ်းမြရည်ကို၊ သူ သေသေချာချာ ကြည့်ပြီး . . .

"စိမ်းမြရည်က၊ မသန်မစွမ်းမှ မဟုတ်တာ။ သူ့ဘာသာသူ ရှာစားတတ်မှာပါ"

"ဘာကွ"

"ဦးလေး။ သူတစ်ပါးကို အားကိုး မှီခိုချင်စိတ်မျိုး၊ဦးလေးသမီးကို၊ မသင်နဲ့လေ။

ကိုယ့်ကိုယ်ကို အားကိုးချင်စိတ်ဖြစ်အောင်၊ အားကိုးနိုင်စွမ်းရှိအောင်၊ သင်သင့်တယ်။ ဒါမှ တိုင်းပြည်တိုးတက်မှာ"

နှာခေါင်းကြီးပွရောင်းလာသည်ကို၊ မြင်၏။

"မင်းလို၊ ပေါက်လွှတ်ပဲစားတွေများလို့၊ တိုင်းပြည် မတိုးတက်တာကွ။

အားအားရှိ၊ အစိုးရကိုပဲ၊ နှောင်ယှက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင်တွေကြောင့် တိုင်းပြည်မတိုးတက်တာ၊
မင်း. . . မှတ်ထား၊

ဆယ်နှစ်. . . အနှစ် နှစ်ဆယ်။ အနှစ်သုံးဆယ်။
ယောချပြီးသား၊ စစ်အစိုးရကွဲ၊ အစိုးရပြုတ်သွားအောင်၊
လုပ်နိုင်ရင်၊ ငါ. . . ဇက်ဖြတ်ခံမယ်"

သူ. . မတ်တပ်ရပ်လိုက်၏။

စိမ်းမြရည်၏ မိခင်က၊ မျက်လုံးအဝိုင်းသား။

"ကိုနောင်"

စိမ်းမြရည်၏ ခေါ်သံကို၊ သတိမမူတော့၊

"အဲဒီ စစ်အစိုးရကိုပဲ ၊ ကျွန်တော်တို့ ၊ ပြုတ်အောင် တိုက်မယ် ။ ဒါပေမဲ့. . . ဦးလေးတို့လို၊ ကျွန်တော်တို့၊ သေနတ်မကိုင်ဘူး။ပြည်သူ့နှလုံးသားနဲ့၊ ရအောင် တိုက်မယ်။ ဦးလေး၊ဇက်ကို၊ ခိုင်အောင်လုပ်ထား"

ပြောပြီး၊ ချာကနဲ လှည့်ထွက်ခဲ့၏။ လှည့်ထွက်စ, ပထမ ခြေလှမ်းသည်၊ချစ်သူနှင့် ကမ္ဘာခြားသွားစေသော၊ ခြေလှမ်းဟု၊ တွေးပစ် လိုက်၏။

ഥ ഥ ഥ



(၁၃)

မိန်းကလေးသူငယ်ချင်းများ၏ အပြစ်တင်ဝေဖန်ခြင်းကို၊ သူ. . . ခံယူခဲ့ရသည်။ ညီညီလှိုင်နှင့် ရန်မျိုးအောင်တို့ နှစ်ယောက်တည်းကသာ၊ သူ့ကို၊ အပြစ်မတင်ခဲ့ကြ။ ရက်ပိုင်းအတွင်း၊

စိမ်းမြရည် အိမ်ထောင်ကျသွားပြီဟူသည့် သတင်းစကား၊ ကြားရသည်။ မည်သို့မျှ မခံစားရအောင် နေထိုင်ခဲ့၏။ ဘဝ တစ်လျှောက် မည်သည့်မိန်းကလေးနှင့်မျှ မပတ်သက်တော့. . . ဟု၊ စိတ်ဆုံးဖြတ်သည်။

"အာဏာရှင်ဆန်တဲ့ စစ်အစိုးရလက်အောက်မှာအောင်၊



www.burmeseclassic.com

www.burmeseclassic.com



မနေချင်လို့၊ ရသလောက်နည်းနဲ့ ဆန့်ကျင်နေတဲ့သူအဖို့။ ယောက္ခထီးက၊ ပုံသွင်းလွှမ်းမိုးဖို့ ဗျူဟာခင်းတဲ့ အောက်မှာ၊ ဘယ်လိုလုပ်နေနိုင်ပါ့မလဲ”. . ဟု၊ သူငယ်ချင်းအားလုံးရှေ့တွင်၊ ရင်ဖွင့်ပြောပြခဲ့၏။(ကျန်ကိစ္စတစ်ခုကိုမူ ၊ ရေငုံနှုတ်ဆိတ်ထားရ၏။ တစ်သက်တာ စောင့်စည်းရမည့် နှုတ်ကတိ)။

၁၉၉၉-ခုနှစ်တွင်၊ (၉)လေးလုံး လှုပ်ရှားမှု ပြုမည်စိုးသဖြင့်၊ သူနှင့်ညီညီလှိုင်တို့၊ အထိန်းသိမ်းခံရပြန်သည်။ (ရန်မျိုးအောင်က၊ နိုင်ငံရေးလှုပ်ရှားမှုများတွင်၊ ပေါ်လွင်အောင် မနေထိုင်တော့ဘဲ၊ နာမည်ရ စာရေးဆရာ တစ်ယောက်အဖြစ်ဖြင့်၊ အန္တရာယ်ကင်းစွာ၊ ပြုမူနေထိုင်တတ်ခဲ့သည်)။

လ,အနည်းငယ် အထိန်းသိမ်းခံရာမှ၊ ပြန်လာရပြီးနောက်၊ အစ်ကို ကိုမြတ်ဆောင်၏ ပရိဘောဂလုပ်ငန်းတွင်၊ ဝင်ရောက်လုပ်ကိုင်နေဖြစ်သည်။

၁၉၉၆-ခုနှစ်၊ ဆန္ဒပြ လှုပ်ရှားမှုအပါအဝင်၊ ဆောင်ရွက်မှုများအားလုံးကို၊ (၁၉၉၉-ခုနှစ်)အထိန်းသိမ်းခံရသည်အထိသာ၊ သူငယ်ချင်းများဖြစ်ကြသော ညီညီလှိုင်၊ရန်မျိုးအောင် . . တို့နှင့်





အတူတကွ လုပ်ဆောင်ခဲ့၏။ ရပ်ကွက်ထဲက ၊ ကျောင်းနေဖက်သူငယ်ချင်းများပင်လျှင်၊ သူ့ကို အခေါ်အပြော၊ မလုပ်ကြတော့ချေ။ မိဘအပေါင်းကလည်း၊ အခေါ်အပြော အပေါင်းအဖက် မပြုကြရန်၊ ရန်နှင့်ဝေါဝေါ၊ ဟန့်တားကြရာ၏။ ကြောက်ရွံ့ခြင်း မကင်းရှာကြသူတွေဟုသာ၊ သဘောပိုက်၏။ စိတ်တွင် နာကျင်ရလေသည်။

ထိုကာလများ၏၊ နောက်ပိုင်းအချိန်များတွင်မူ၊ ရင်းနှီးချစ်ခင်ရသော ညီညီလှိုင်၊ ရန်မျိုးအောင်၊ ဇော်ဝင်းအောင်၊ ယဉ်ယဉ်ကြည်၊ ကြည်ကြည်အေး၊ မကြည်အေးစသော သူငယ်ချင်းများကိုပင်လျှင်၊ သူ . . ဘာမှ အသိမပေးတော့။ မည်သည့်ဆောင်ရွက်မှုကိုမျှ၊ အတူတကွ၊ မလုပ်တော့ချေ။

အစ်ကိုဖြစ်သူ၏ ပရိဘောဂလုပ်ငန်းတွင် ၊ ကူညီလုပ်ကိုင်နေသူအဖြစ်သာ နေထိုင်ခဲ့၏ ။

အမည်မသိ အဖွဲ့အစည်းတစ်ခုမှ၊ သူ့ထံသို့ အထုပ်တစ်ထုပ်ပေးပို့သည်။ (စာတိုက်မှ ပေးပို့ခြင်း မဟုတ်)။ အမည်မသိလူတစ်ယောက် လာရောက်ပေးပို့ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"နေမြတ်နောင်လား"

"ဟုတ်ကဲ့"

"ဒါကို၊ လက်ခံပေးပါ"

"ဘာလဲဗျ"

"မသိဘူးဗျ။ ကျွန်တော်လည်း ပို့ခိုင်းလို့ ပို့ရတာပါ"

"ဘယ်က၊ ပို့ခိုင်းတာလဲ"

" . . . . . "

"ကိုဇကွဲကို သိလား"

"ဟုတ်ကဲ့"

" အဲဒါဆို၊ ယူထားလိုက်ပါဗျာ။ သူဆက်သွယ်ပါလိမ့်မယ်"

အထုပ်ကို ဖြေကြည့်သောအခါ၊ ငွေအမြောက်အများ။ ဆက်သွယ်ရန် ဖုန်းနံပါတ်နှစ်ခု။

ထိုဖုန်းနံပါတ်ကို အဆက်အသွယ်လုပ်သည်။ သူမမြင်ဘူး





သော၊ ကိုဇကွဲနှင့် စကားပြောရသည်။ ကိုဇကွဲပြောသော၊ နေရပ်လိပ်စာ၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့ထံသို့၊ ထိုငွေများကို၊ သူ . . . ပို့ပေးရ၏။

နောက်ပိုင်း နောက်ပိုင်းများတွင်၊ ဖုန်းအဆက်အသွယ်မပါတော့ဘဲ၊ နေရာ၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့၏၊ နံပါတ်စဉ် အမှတ်အသားဖြင့်သာ၊ ပို့ပေးရတော့၏။ ငွေလား . . ပစ္စည်းလား၊ စာရွက်စာတမ်းလားဆိုသည်ကိုပင်၊ သူ . . မသိမြင်ရတော့ချေ။

၂၀၀၂-ခုနှစ်၊ ဇူလိုင်လတွင်၊ ထိုကိစ္စများကို အကြောင်းပြု၍ ၊ ထောင် (၁၀-နှစ်)ထပ်မံအကျခံရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၂-၂၀၀၉

www.burmeseclassic.com

www.burmeseclassic.com

"ချစ်သူရည်စား၊ လင်မယား၊ မိသားစု၊
ဆွေမျိုး မိတ်သင်္ဂဟ၊ ဘယ်လူ့အဖွဲ့ အစည်း
မှာ မဆို၊ အတ္တနဲ့ချစ်ရင်၊ မီးက,တော့၊
အနည်းနဲ့ အများ၊ လောင်နေမှာပဲ"

(ရန်မျိုးအောင်)

## (၀၄)

ထောင်ဝင်းတံခါးကို ကျောပေးလိုက်သည့် အချိန်တွင်၊ ကိုနေမြတ်နောင်၏ စိတ်ထဲ၌ ခံစားမှုတစ်ခု ရုတ်တရက် ဝင်ရောက်လာလေ၏။ ထိုစိတ်ခံစားမှုကို၊ သေသေချာချာ အမည်မပေးတတ်သော်လည်း၊ ကိုယ်ချစ်ခင်တွယ်တာရသူ တစ်ဦးတစ်ယောက်၊ လာရောက်စောင့်ဆိုင်း ကြိုဆိုနေသလိုလို၊ ခံစားမှုမျိုးဟု၊ ခံစားသိမြင့် . . . သိလိုက်သည်။

---------------------------------------------
------------------------------------------------------
-------------------------------

ထို အမည်မတပ်နိုင်သည့် စိတ်ခံစားမှုက,တော့၊ သူ့ဖိတ်ခေါ်၍ တွေးတော၍ ရောက်လာခြင်း မဟုတ်မှန်း၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူသိ၏။

အမည်မတပ်တတ်သော်လည်း၊ ကိုယ်ချစ်ခင်တွယ်တာရသူ တစ်ဦးတစ်ယောက်၊ ထောင်ရှေ့မှာ လာရောက်ကြိုဆိုနေသလို ခံစားမှုမျိုးဟုတော့၊ ခံစားသိဖြင့်၊ သူသိ၏။

ဒါကို အလွယ်ပြောရလျှင်၊ ကြိုတင်သိရှိသော၊ စိတ်တစ်မျိုးဟုသာ၊ အမည်ပေးရချေတော့မည်။

ထိုကဲ့သို့၊ ကြိုတင်သိရှိသော စိတ်တစ်မျိုးကို၊ လွန်ခဲ့သည့်နှစ်ပေါင်း(၂၀)နီးပါးလောက်က၊ သူ့စိတ်ထဲမှာ တစ်ကြိမ်ဖြစ်ဖူးသည်။

ထိုစဉ်က- ၁၉၉၃ ခုနှစ်

ယခု - ၂၀၁၂ ခုနှစ်။

၁၉၉၃-ခုနှစ်လောက်က၊ ထောင်ကထွက်သည့် မြင်ကွင်းမျိုး မဟုတ်တော့ချေ။ လူတွေ အုံးအုံးထ။ ဓာတ်ပုံတွေ တဖျပ်ဖျပ်။

သူ့ထံသို့လည်း အမျိုးမျိုးသော ကင်မရာတွေ၊ အသံဖမ်းစက်တွေဖြင့်၊ လာရောက်မေးမြန်း ရိုက်ကူးကြသည်။ တခြားထင်ရှားသော အကျဉ်းမှ လွတ်မြောက်သူတွေဆီမှာလည်း၊ လူတွေ





ဝိုင်းဝိုင်းအုံ။

မည်သူ ဘာလာမေးမေး၊ သူမဖြေ။ လက်သာ ကာပြလိုက်သည်။ မဖြေချင် မပြောချင်သောကြောင့်၊ လက်ကာဟန့်တားရသည်မဟုတ်။

သူ့ကို ငေးကြည့်နေသည့် မျက်လုံးလေးတစ်စုံ၊ မျက်နှာဝိုင်းဝိုင်းလေး တစ်သွင်ကို၊ လှမ်းမြင်နေရသောကြောင့်၊ ထိုနေရာသို့၊ သူ့ခြေလှမ်းရွေ့လျားသွားရခြင်းဖြစ်၏။

လှမ်းရင်းမှ ဒါ . . စိမ်းမြရည်မှ မဟုတ်နိုင်ဘဲဟု၊ ချက်ချင်းတွေးရသည်။ အသက်နှစ်ဆယ်ပင် မပြည့်လောက်သေးသော၊ မိန်းကလေးတစ်ယောက်က၊ ဘာကြောင့် စိမ်းမြရည်နဲ့ တူနေတာလဲ . . ဟု၊ ရုတ်ချည်းတွေးမိသည်။

စိမ်းမြရည်ဆိုလျှင်ပင်၊ ဘာဖြစ်လို့ သူ့ဆီခြေလှမ်းပြင်ရမှာလဲ . . ဟု၊ တွေးဖြစ်ပြန်သည်။ သို့သော် . . ဒါပေမဲ့၊ အဲဒီမိန်းကလေးတရော၊ သူ့ကို၊ ဘာဖြစ်လို့၊ မျက်လုံး အဝိုင်းသားလေးဖြင့်၊ လှမ်းကြည့်နေရတာလဲ ၊ ထပ်ဆင့်တွေးမေးမိပြန်သည်။

ပြီးမှ . . ဩော်၊ အမေ လာမကြိုနိုင်ရှာပါလား . . ဟု၊



www.burmeseclassic.com

တွေးတာ၊ ခြေလှမ်းတုံ့လိုက်မိသည်။

ထိုသို့ ဤသို့၊ အတွေးအမြင်တွေ စီရရီတန်းနေရသူမို့၊ သူ့ကို လာမေးကြသော မေးခွန်းတွေ၊ ကင်မရာတွေကို၊ သူ အလေးဂရုမပြုမိဘဲ၊ လက်ကာဟန့်တား မိခဲ့ခြင်းဖြစ်၏။

ခြေလှမ်းတုံ့ လိုက်သည့်အခါကျမှ၊ လှည့်ကြည့်ငေးမော နေသော၊ စိမ်းမြရည်နှင့် တူသည့်၊ မိန်းကလေးက၊ သူ့ရှေ့တည့် တည့်သို့ ရောက်လာ၏။

အံ့ဩရချေသည်။

စိမ်းမြရည်နှင့် တူလွန်းသဖြင့် လည်းကောင်း၊ သူ့ရှေ့ တည့်တည့်သို့၊ ရောက်လာသဖြင့် လည်းကောင်း၊ သူ့အား မမှိတ် မသုန်၊ငေးကြည့်နေခဲ့လေသောကြောင့်လည်းကောင်း၊ အံ့ဩရင်း အံ့ဩရလေ၏။

၂၁

"ဦး ။ ဦးက ဦးနေမြတ်နောင်နော်"

"အေး။ဟုတ်တယ်"

"သမီးနာမည်က၊ မြရည်နွယ်ပါ။ သမီး ဦးကိုလာကြိုတာပါ။





သမီးက၊ ဒေါ်စိမ်းမြရည်ရဲ့ သမီးပါ။ ဟိုမှာ . . . ဦးညီညီလှိုင်နဲ့ ဦးရန်မျိုးအောင်လည်း၊ ပါလာပါတယ်"

"ဪ"

ညွှန်ပြရာတွင်၊ အစ်ကို ကိုမြတ်ဆောင်နှင့်အတူ ရပ်နေကြသော၊ ညီညီလှိုင်နှင့် ရန်မျိုးအောင်တို့ကို။ တွေ့၏။ (မိခင်ကို မတွေ့)။

မေးသင့် မမေးသင့်၊ စဉ်းစားပြီးမှ -

"သမီးရဲ့၊ မိဘတွေ၊ မပါဘူးလား"

"ဟုတ်ကဲ့ဦး။ မေမေတော့ လိုက်မလာဘူး၊ သမီးက- ဦးညီညီလှိုင်တို့နဲ့ လိုက်လာတာ"

"စိမ်းမြရည်နဲ့တော်တော်တူတာပဲ" . . ဟု၊ စိတ်ထဲက၊ ပြောပြီး . . .

"သမီး ဖေဖေရော . . ၊ နေကောင်းလား"

"ဪ ဦးကလည်း၊ သမီးမှာ ဖေဖေမှ၊ မရှိတာ။ သမီးငယ်ငယ်လေးကတည်းက၊ ဖေဖေ ဆုံးသွားတာလေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . ၊ အဲဒါတွေ မသိဘူး။ ကဲ . .

လာလာ၊ ဟိုကိုသွားရအောင်"

မြရည်နွယ်လေးက၊

ဖခင်တစ်ဦးကို တွေ့ဆုံရသော၊ ရင်သွေးငယ်ကဲ့သို့၊ သူ့လက်မောင်းကို၊ ခိုတွယ်ကာ၊ လိုက်ပါလာ၏။

ဦ

"ဘာအကြောင်းကြောင့်၊စိမ်းမြရည်ရဲ့သမီး မြရည်နွယ်က၊ သူ့ကို၊ လာကြိုရတာလဲ၊ ညီညီလှိုင်နဲ့ ရန်မျိုးအောင်က,ရော၊ ဘာဖြစ်လို့ခေါ်လာတာလဲ။ အစ်ကို ကိုမြတ်ဆောင်က,ရော၊ မြရည်နွယ်လိုက်လာရတဲ့အကြောင်းကို၊ သိသလား" . . . ဟူသည့်၊ အမေးစကားတွေ၊ ဦးခေါင်းထဲတွင်၊ အစီအရီ၊

"အမေက၊ နေပြင်းရင် သွေးပေါင်ကျလို့၊

လိုက်မလာတာ"

"အမေ နေမကောင်းဘူးလား" . . ဟူသည့် သူ့အမေးကို၊ ကိုမြတ်ဆောင်၊ အကျဉ်းရုံး၍ ဖြေသည်၊ မြရည်နွယ်ကို၊ တစ်ချက်ငဲ့ကြည့်ကာ၊ ဘယ်သူ့ကို၊ ဘယ်လိုမေးရမည်မသိ။

ဦ





"ကဲ၊ သမီး၊ဦးနောင်ကို၊ သမီးလာကြိုရတဲ့

အကြောင်းကို၊ ပြောပြလိုက်"

ညီညီလှိုင်၏ စကားအဖွင့်၊

"မင်းတို့ ပြောပြလည်း၊ ရသားပဲ" . . ဟု၊ သူ ပြော၏၊ "ကလေးကိုယ်တိုင် ပြောပါစေကွာ" . . ဟု၊ ရန်မျိုးအောင်၊ ဝင်ပြောသည်၊ အစ်ကို ကိုမြတ်ဆောင်ကပါ နားစွင့်နေလေ၏။

ဦ

"အဲဒီဓာတ်ပုံဖြုတ်ပစ်၊ အဲဒီ ဓာတ်ပုံဖြုတ်

ပစ်"

အော်ဟစ်ငိုယိုရင်း၊ မြရည်နွယ်က၊ နံရံတွင် ချိတ်ဆွဲထားသော၊အဘိုးဖြစ်သူ ဦးစိမ်းခိုင်၏ စစ်ယူနီဖောင်းဝတ်ဓာတ်ပုံ တစ်ပုံကို၊ မမီမကမ်း လှမ်းယူသည်။

ပြီးနောက် ခုံဖြင့် ခုယူဖို့ ပြင်ဆင်သည်၊ မျက်နှာတစ်ပြင်လုံး၊ မျက်ရည်တွေ စိုရွှဲလျက်၊

"သမီး၊ ဘာဖြစ်လာတာလဲ။ ဘာဖြစ်လာ

တာလဲ၊ မေမေက သမီးအပြန်နောက်ကျလို့ လိုက်

ရှာနေတာလေ၊

www.burmeseclassic.com



သမီး ဘာဖြစ်လာတာလဲ၊ ဘယ်က ပြန်လာတာလဲ။ ဖုန်းက,ရော၊ ဘာကြောင့် ပိတ်ထားရတာလဲ"

မိခင်ဒေါ်စိမ်းမြရည်၏ အမေးစကားကို ဖြေကြား တုံ့ပြန်ခြင်းမရှိဘဲ။

"ဟဲ့။ သမီး။အဲဒါ. . သမီးဘိုးဘိုးရဲ့ ဓာတ်ပုံလေ၊ မေမေ့ အဖေပုံလေ။ ဘာလုပ်တာလဲ။ ဘာဖြစ်လို့ ဖြုတ်နေတာလဲ"

မိခင်ကို မမိုတ်မသုန်ကြည့်ပြီး၊ ဆက်တီပေါ်တွင်၊ ထိုင်ချလိုက်ကာ ၊ အော်ဟစ်ငိုကြွေးပြန်လေ၏။ ထိုငိုသံဖြင့်

"ဘိုးဘိုးတို့လို၊ [redacted]သားတွေက၊ ပြည်သူတွေကို၊ ရက်စက်တဲ့ လူတွေ။

ဘာလက်နက်မှ မပါတဲ့ လူတွေကို၊ သေနတ်နဲ့ ပစ်တယ်။

မြို့လယ်ခေါင်မှာ ပစ်သတ်ကြတာ။ ဘုန်းကြီးတွေကိုလည်း၊ ပစ်သတ်တယ်။ ပြည်သူ့တပ်မတော် ဆိုပြီးတော့၊ ပြည်သူ့တပ်မတော်





ဆိုပြီးတော့ ပြည်သူ့တပ်မတော် ဆိုပြီးတော့ . ."

ငိုချလိုက်ပြန်၏။

"သမီး။ စစ်သားဆိုတာ၊ အမိန့်ကို နာခံရတယ်လေ။ အထက်လူကြီးက၊ အမိန့်ပေးလို့ နေမှာပေါ့"

၂၀၀၇-ခုနှစ်၊ ရွှေဝါရောင်တော်လှန်ရေး(ခေါ်)သံဃာ့အရေးတော်ပုံကြီးကို၊ မြရည်နွယ်မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရခြင်းဖြစ်၏။

သတ္တမတန်း ကျောင်းသူလေး၏ နုနယ်သော နှလုံးသားက၊ ကြမ်းတမ်းသော သမိုင်းမြင်ကွင်းကို၊ တွေ့မြင်လိုက်ရသောအခါ၊ တုန်လှုပ်ချောက်ချားသွားရ၏။

အဘိုးဖြစ်သူ၏ စစ်ဝတ်စစ်စားဓာတ်ပုံကိုပင်လျှင်၊ အိမ်၏ ကျက်သရေဆောင်အဖြစ်၊ မမြင်ရဲတော့။ မမြင်ချင်တော့။

"သမီးရဲ့. . အဘိုး။ မေမေရဲ့ အဖေပါ သမီးရယ်။

အဲဒီလောက်တော့၊ မရိုမသေမလုပ်ပါနဲ့"

"မေမေရှိသေရင်၊ မေမေ့အိပ်ခန်းထဲမှာ၊



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းနံရံမှာချိတ်ထား။

သမီးက, မရှိသေတာမဟုတ်ဘူး။ အဲဒီ

အဝတ်အစားမျိုးနဲ့၊ မမြင်ချင်တော့တာ”

“သမီး၊ ဘာတွေပြောနေတာလဲ။ ဒုက္ခပါပဲ”

ဓာတ်ပုံမှန်ပေါင်ကို၊ ဖြုတ်ယူ ရင်ခွင်ပိုက်ရင်း . . .

“တပ်မတော်သားတွေက၊ ပြည်သူတွေကို၊

အလုပ်အကျွေးပြုခဲ့ကြတာ. . တဲ့။ တိုင်းပြည်

ချောက်ကမ်းပါးထဲကျမှာစိုးလို့၊ ကယ်တင်ထား

တာ. . တဲ့။ဘိုးဘိုးပြောတယ်။ ဘိုးဘိုးလိမ်ပြောတာ။

အလုပ်အကျွေးပြုတာတော့။ သမီးမမြင်

ဖူးဘူး။ အခု. . .၊ ဘာလက်[illegible]မှ မကိုင်ထားတဲ့၊

ပြည်သူတွေကို၊ သေနတ်နဲ့ ပစ်တာတော့ သေသေ

ချာချာ မြင်ဖူးတယ်။

ရက်စက်တယ်။တရုတ်လိုလို၊ ဂျပန်လိုလို

လူကြီးတစ်ယောက်ကိုလည်း၊ အနီးကပ် ပစ်သတ်

လိုက်တယ်”

ပြောပြီး၊ အဘိုးဖြစ်သူ ဦးစိမ်းခိုင်၏ ဓာတ်ပုံကို၊ မိခင်၏





အိပ်ခန်းထဲသို့ သွားပို့လိုက်သည်။

၂

“သမီးက၊ အဲဒီနေ့ကတည်းက၊ မေမေ့ကို

တဂျီဂျီလုပ်နေတာ။

စစ်သားတွေက၊ ဘာဖြစ်လို့၊ အဲဒီလို၊ လုပ်

ရတာလဲလို့၊ နေ့တိုင်းမေးနေတာ။ မေမေလုံးဝ

မဖြေနိုင်ဘူး”

“မေမေက၊ သမီးကို၊ မရိုက်ဘူးလား”. . ဟု သူ. . ဝင်မေး

၏၊

“ဟင့်အင်း။ မေမေက၊ သမီးကို၊ တစ်ခါမှ

မရိုက်ဖူးပါဘူး၊

သမီးကို၊ ပြောလို့မနိုင်ရင်၊ သူ့ဘာသာ၊

မျက်ရည်ကျနေတော့တာပဲ။

အဲဒီအခါကျတော့၊ သမီးက၊ မေမေ့ကို

ပြန်ချော့ရတာပေါ့”

“သမီး အဘိုး အဘွားတွေက,ရော. . ”

“ဘွားဘွားက၊ ဖေဖေနဲ့ ရှေ့ဆင့်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆင့်ပဲ၊ ဆုံးသွားတာတဲ့။

ဘိုးဘိုးက၊ နှစ်ထောင့်ခြောက်ခုနှစ်လောက်က,မှ ဆုံးတာ"

"ဩော်"

ညီညီလှိုင်က-

"ဒီလိုကွာ။ ဒီကလေးက၊ အဲဒီမြင်ကွင်းကို မြင်ပြီး၊ သူ အထင်ကြီးခဲ့တဲ့အဘိုးကိုတောင်၊ အထင်ကြီးချင်စိတ်မရှိချင်တော့ဘူး။

ဒါပေမဲ့- တိုင်းပြည် အခြေအနေက၊ ဘာကြောင့်၊ အဲဒီလိုဖြစ်ရတာလဲဆိုတာမျိုးကို၊ သူ . . သိချင်စိတ်များလာတယ်။ အဘိုးကို၊ အထင်မကြီးချင်တော့လောက်အောင်လည်း၊ သူ. . မမုန်းချင်ဘူး။

သူ့အဘိုးပြောပြခဲ့တဲ့၊ တပ်မတော်ရဲ့ စွမ်းဆောင်မှုနဲ့၊ သူ မျက်ဝါးထင်ထင် မြင်လိုက်ရတဲ့ တပ်မတော်ရဲ့လုပ်ရပ်၊ ဘာလို့ ကွဲပြားနေတာလဲဆိုတာမျိုး၊ သူ့အမေကို မေးတာတဲ့ကွာ။





မဝံ့သိတဲ့အတိုင်းပဲ၊ စိမ်းမြရည်က၊ သူ့အဖေရဲ့ လောင်းရိပ်အောက်မှာ၊ သူ့အဖေပြောတာက, လွဲပြီးဘာမှ သိခဲ့တာမဟုတ်တော့၊ ဂယနဏ ဘာပြောတတ်မှာလဲ။

အဲဒီအခြေအနေမျိုးမှာ၊ သမီးက၊ လူငယ်အချင်းချင်း မေးမြန်း။ လေ့လာ။

အခု။ တက္ကသိုလ်ကျောင်းသူကြီး . . ဖြစ်နေပြီ။ အရွယ်ရောက်လာလေ၊ သိချင်တာက, ပိုများလာလေ။

တစ်နေ့ . . ငါနဲ့ ရန်မျိုးအောင်နဲ့ အခမ်းအနား တစ်ခုအသွား။ မီးပွိုင့်မှာ၊ သူတို့ သားအမိနဲ့ တွေ့ကြရင်း။

သမီးမေးသမျှ၊ ငါနဲ့ရန်မျိုးအောင် ဒိုင်ခံဖြေကြရတော့တာပေါ့ကွာ"

ရန်မျိုးအောင်က . .

"ငါတို့ပြောတဲ့အကဲမှာ၊မင်းနာမည်ပါပါနေတယ်လေကွာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ . . . သမီးက၊ မင်းအကြောင်းကို ပိုသိချင်လာပြန်ရော။ ပြောပြရင်း ပြောပြရင်းနဲ့ မင်း ထောင်ကျနေတာကို၊ သိသွားတော့။

မင်း လွတ်မယ့်နေ့ကို၊ သူ. . အမျှော်ဆုံး ပေါ့ကွာ။

သမီးလို၊ အရွယ်တွေဖတ်ဖို့ ယူကျို(၁၈)ဆိုတဲ့၊ ဝတ္ထုတစ်အုပ်—ငါ့ရေးတယ်ကွ။

သူ့ကို၊ လက်ရေးမူ ပေးဖတ်လိုက်တာ။ ငိုပြန်ပါလေရောကွာ။

နောက်ပြီး၊ အဲဒီ့ စာအုပ်ထဲမှာ၊ မင်းနာမည် မပါလို့ . . . တဲ့။ ငါ့ကို အပြစ်တင်သေးတယ်။

ရှေ့ဆက်လုပ်မယ့်၊ မင်းရဲ့ ဆောင်ရွက်မှုတွေ အနှောင့်အယှက်ဖြစ်နေမှာစိုးလို့၊ နေမြတ်နောင် နာမည်ကို၊ တမင် မထည့်တာပါလို့၊ ငါ. . ရှင်းပြရတယ်။

နောက်တော့ . . ။ မင်းနဲ့တွေ့ဖို့ကို၊ နေ့တိုင်း ပူဆာတော့တာပဲ"





မြရည်နွယ်ကို၊ သူ ပြုံးလျက် တစ်ချက်ကြည့်သည်။ ပြီးမှ၊ အစ်ကို ကိုမြတ်ဆောင် ဘက်သို့၊ လှည့်က. . .

"အစ်ကို ထောင်ဝင်စာလာတွေ့တဲ့အခါ ရော။ မင်းတို့၊ လာတဲ့အခါရော . . .၊ငါ့ကို အဲဒီ့ အကြောင်းတွေ၊ ဘာမှ မပြောကြပါလား"

ကိုမြတ်ဆောင်က. .

"သူတို့၊ နှုတ်ပိတ်ခိုင်းထားကြတာ"

"သမီးကို မြင်မြင်ချင်း၊ မင်းကို အံ့ဩသွားစေချင်လို့ပါ"

ဟုညီညီလှိုင် ပြော၏။ ရန်မျိုးအောင်က . . .

"သမီးကို၊ မင်းကြည့်စမ်းနေမြတ်နောင်။ ကြည့်လေ စိမ်းမြရည်နဲ့ တူလေပဲ။နော်"

မထူးခြားသော ကိစ္စတစ်ခုကို၊ နားကြား မြင်တွေ့ရသူ ပမာ၊ သူ. . .,

အေးဆေးစွာသာ၊ ခေါင်းညိတ်၏၊

"ဦးနောင်"

"ပြောလေ သမီး"

မြရည်နွယ်က၊ ခေါင်းလေးငုံ့စောင်းကာ



www.burmeseclassic.com

www.burmeseclassic.com



"ဦးနောင်က၊ မမေ့အချစ်ဦးဆို . .
ဟုတ်လား"

ညီညီလှိုင်နှင့်ရန်မျိုးအောင်တို့နှစ်ယောက်ကို၊ သူ. . . ကြည့်၏။

"နေမြတ်နောင်။ မင်း ငါ့ကို မကြည့်နဲ့။
ရန်မျိုးအောင်ကိုပဲ ကြည့်။

သူ . . ။ ကလေးရှေ့မှာ၊ ဇာတ်ကြောင်းပြော
တာ. . ။ သူ. . ပြောတာ။

ငါက, ထောက်ခံရုံပဲ၊ ထောက်ခံတာ"

မြရည်နွယ်ကို၊ အားနာစွာ သူကြည့်၏။

"မမေက,လည်း၊ ဟုတ်တယ်. . . လို့ ပြော
ပါတယ်ဦးရဲ့"

နှုတ်ခမ်းတွန့်ရုံမျှ၊ သူပြုံးမိ၏။

ပ ပ ပ



(၁၅)

အစ်ကို ကိုမြတ်ဆောင်၏ ကားပေါ်တွင်၊ ညီညီလှိုင်နှင့် ရန်မျိုးအောင်တို့ လိုက်ပါသွားကြ၏။ သူက,တော့၊ မြရည်နွယ် မောင်းသည့် ကားပေါ်မှာ။

"အခု. . ။ နိုင်ငံ့အခြေအနေ အရပ်ရပ်ကို၊
သမီး၊ သမိုင်းအစဉ်လိုက်၊ သိနေပြီ ဦးနောင်။

သိအောင်ပြောပြတဲ့ ဦးညီကိုရော၊ ဦးမျိုး
ကိုရော၊ သိပ်ကျေးဇူးတင်တယ်။

ဦးနောင်တို့လို၊ ဘဝ ဒုက္ခ အရောက်ခံ။
နောက်ပြီး. . ။

အသက်ပေးသွားကြရတဲ့၊ ရဟန်းရှင်လူ
ကျောင်းသားပြည်သူ အားလုံးကို၊ ကျေးဇူးအတင်
ဆုံးပဲ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရဲ့ကိုယ်စား၊ သိပ်ကျေးဇူးတင်တာပဲ"

"ဦးနောင်က၊ နိုင်ငံရေး ပညာရှင်ကြီး မဟုတ်ပါဘူး။ မခံချင်စိတ်တစ်ခုတည်း ကိန်းအောင်းပြီး၊ တော်လှန်ချင်တဲ့၊ သာမန်နိုင်ငံသား တစ်ယောက်ပါ။

ဦးနောင်က၊ ရည်ရွယ်ချက် များများစားစား မရှိပါဘူး။ ဦးနောင်တို့ မြန်မာနိုင်ငံကို၊ စစ်အုပ်စု တစ်စုတစ်ဖွဲ့တည်းက၊ နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုး ပြောင်းပြီး၊ အုပ်ချုပ်နေတာထက်၊ အရပ်သား အစိုးရကိုသာ၊ ဦးဆောင်စေချင်တဲ့၊ ဆန္ဒတစ်ခု တည်းပဲ၊ ရှိပါတယ်။

သမီးနားလည်အောင် ပြောပြရရင်၊ မိုက်ကြေးခွဲပြီး အုပ်ချုပ်တာမျိုးမလုပ်ဘဲ၊ အရွေးခြယ် ခံပြီးမှ၊ အုပ်ချုပ်တာမျိုး၊ ဖြစ်စေချင်တယ်။

ပွင့်လင်းမြင်သာတဲ့၊ အရွေးခြယ်ခံကို ဆိုလိုတာပါ။ လိမ်ညာလှည့်ဖြားတဲ့ အရွေးခြယ်ခံမျိုး၊ မဖြစ်စေချင်ဘူး"





"သမီးတို့ လူငယ်တွေမှာလည်း၊ အဲဒီဆန္ဒမျိုး ပဲရှိတယ်။

စစ်အစိုးရ စစ်အစိုးရ ဆိုတာမျိုးရဲ့ အောက်မှာ၊ မနေချင်ဘူး"

ကားကို ကျွမ်းကျင်စွာ မောင်းနေသော မြရည်နွယ်ကို၊ တစ်ချက်ကြည့်သည်။ ပြီးမှ၊ ရှေ့တူရူကို ငေးရင်း . . .

"သမီး"

"ဟုတ်ကဲ့။ ပြောပါ ဦးနောင်"

" သမီး အဘိုးရဲ့၊ ဓာတ်ပုံ အခုဘယ်မှာ ချိတ်ထားတာလဲ"

"မေမေ့ အိပ်ခန်းထဲမှာပေါ့၊မေမေအိပ်တဲ့ ခေါင်းရင်းမှာ . ."

"သူ့နဂိုအတိုင်း၊ ပြန်ချိတ်ထားလိုက်ပါ။

စနစ်တစ်ခု၊ ဝါဒတစ်ခု၊ မူတစ်ခုရဲ့ အောက်မှာ၊ ပြားပြားဝပ်ခဲ့ကြတဲ့လူ၊ ဘယ်လိုလူကို မဆို၊ မူနဲ့ရောပြီး မမြင်ရဘူး သမီးရဲ့။ မူကို သတ်သတ်၊ လူကိုသတ်သတ် မြင်တတ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



မူကြောင့် မှားတဲ့လူရှိနေရင်၊ မူကို ပယ်ဖျက်လိုက်မှ၊ မှားတဲ့လူ မမှားတော့မှာပေါ့။

မူကြောင့် မှားတဲ့လူ. . .၊ အဲဒီလူကိုပဲ၊ မဲပြီးတိုက်။ သတ်။ ချေဖျက်။ လူပဲ သေမယ်။ မူ . . မသေဘူး။

မသေတဲ့ မူ ရှိနေသမျှ၊ အဲဒီနောက်က၊ မှားချင်တဲ့လူတွေ၊ ရှိနေကြဦးမှာပဲ။

အဲဒါကြောင့်၊ စနစ်လို့ခေါ်တဲ့၊ မူကိုပဲ၊ ပယ်သတ်ပါ သမီးရယ်။

လူကို၊ မမုန်းပါနဲ့၊ လူကို၊ မပယ်သတ်ပါနဲ့။ လူကို၊ မတိုက်ပါနဲ့။

အဲဒါကြောင့်-

မူကြောင့်၊ အဲဒီမူရဲ့ လူဖြစ်ခဲ့ရတဲ့ အဘိုးကို၊ မမုန်းပါနဲ့။

မူပြောင်းသွားရင်၊ လူရဲ့လုပ်ဆောင်ချက်လည်း ပြောင်းသွားရမှာပါ။ ဦးနောင်ပြောတာကို၊ နားလည်လက်ခံရင်၊ သမီးအဘိုးရဲ့ ခေတ်ပုံကို၊





သူ့နဂိုညွှန်ခန်း နံရံမှာပဲ ထားလိုက်ပါ ”

“ဟုတ်ကဲ့၊ စိတ်ချပါ. . ဦး”

မီးပွိုင့်တစ်ပွိုင့်တွင်၊ ညီညီလှိုင်တို့ ကားနှင့် ယှဉ်ရပ်၏။ ‘ဦးညီတို့ ဆိုင်က စောင့်” . . ဟုမြရည်နွယ် လှမ်းပြော၏။

၉

“ဘယ်သွားကြဦးမလို့လဲ သမီး”

“ဦးနောင်ကို၊ ကြိုဆိုညွှန်ခံပွဲ၊ သမီးလုပ်ပေးမလို့လေ”

“ဦးနောင်က၊ ဦးနောင်အမေကို တောင်၊ မျက်နှာမပြရသေးဘူးလေ”

“ဦးနောင်အိမ်ကို၊ သမီးလိုက်ပို့ နေတာလေ။ဘွားဘွားကိုလည်း၊ ဝင်ခေါ်မှာ။ ပြီးတော့ . . .”

ကားမောင်းရင်း၊ သူ့ကို တစ်ချက်လှည့်ကြည့်ကာ၊ ရှေ့သို့ မျက်နှာမူရင်း . . .

“မေမေ့ကို၊ ကျတော့၊ ဦးနောင်ခွင့်ပြုချက်ရမှ၊ ဝင်ခေါ်မှာ။



www.burmeseclassic.com

www.burmeseclassic.com



ဦးနောင်ခွင့်မပြုရင်၊ လာမခေါ်ဘူးလို့

မေမေ့ကို မှာခဲ့တယ်။

ဦးနောင်က၊ ခေါ်ခွင့်မပြုရင်လည်း၊ မေမေ

က, ဘယ်လိုမှ မထင်ပါဘူးတဲ့"

လေအေးစက် တပ်ထားသော ကားကို စီးနေရင်းမှ၊ စိတ်အိုက်သွားရ၏။ ဘာစကားမျှ မတုံ့ပြန်။ ဘာတုံ့ပြန်ရမှန်းလည်းမသိ။

စိမ်းမြရည် အပေါ်၊ စိတ်အနာကြီး နာခဲ့ရသည်မဟုတ်သကဲ့သို့၊ အသည်းဖွန်းဖွန်းကွဲမျှ လွမ်းဆွတ်ခဲ့ရသည်လည်း မဟုတ်။ (တွယ်ဆက်ရန်၊ အကြောင်းမညီသဖြင့်၊ တစ်ပါးသူနှင့် လက်ထပ်သွားသော ချစ်သူဟောင်းကို၊ အိမ်ထောင်သည်ဖြစ်သွားပြီဟု၊ သတိမမူဘဲ၊ ထောင်ထဲမှ၊ လွမ်းလွမ်းဆွတ်ဆွတ် သတိရခဲ့ခြင်းမျိုး မရှိ. . ဟု၊ ဆိုလိုသည်)။

ထို့ကြောင့်

နာနာကြဉ်းကြဉ်း၊ မျောက်မီးခဲကိုင်၊ တီကောင်ဆားထိသကဲ့သို့၊ မတွေ့ချင် မမြင်ချင်ဘူး. . .ဟု၊ ထွန့်ထွန့်လူးစရာ၊ အကြောင်းမရှိ။ သို့သော်၊ ကြိုတင် ဇာတ်တိုက်ထားခြင်း မရှိသည့်





ပြဇာတ်တစ်ပုဒ် အတွင်းသို့၊ ရုတ်တရက် ချက်ချင်းကြီး၊ ဝင်ရောက်ကပြရမည်ကဲ့သို့ ကြုံရသည်ကိုမူ၊ မည်သို့ ရင်ဆိုင်ရမည်မှန်းမသိ။

"ဦးနောင်ရဲ့ သူငယ်ချင်း ဒေါ်လေး

ဒေါ်ယဉ်ယဉ်ကြည်တို့၊ ဒေါ်လေး ဒေါ်ကြည်အေး

တို့၊ ဒေါ်လေး မကြည်ကြည်အေးတို့က,တော့၊

ဦးနောင်နဲ့ မေမေ့ကိစ္စမှာ၊ ဦးနောင် ရက်စက်

တယ်လို့၊ ထင်ခဲ့ကြပုံရတယ်"

"သမီးက၊ အဲဒါတွေပါ သိနေတာလား" . . ဟု၊ သူ . . မပြုံးမရယ်ဘဲ၊ မေးလိုက်၏။

မြရည်နွယ်က . . ရယ်မောလျက် . . .

"သမီးက သမိုင်းသိချင်လို့၊ မေးရင်း မြန်း

ရင်းနဲ့၊ လူ့အကြောင်းသိလာရတာလေ။

အဲဒီ . . လူ့အကြောင်းလေ့လာပြန်တော့၊

လူ့သမိုင်းပါလာတာပေါ့။ လူ့သမိုင်းဆိုတာက၊

အဖြစ်အပျက် အစုံပါတယ်လေ။

အဲဒီ အဖြစ်အပျက် စုံစုံလင်လင်ထဲမှာ၊ အချစ်

ဆိုတဲ့ အကြောင်းလည်း၊ ပါတာပေါ့ ဦးနောင်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ဦးနောင်ရဲ့ အချစ်ကိစ္စကိုလည်း၊ သိုးသန့်မှတ်သားထားဖို့၊ လေ့လာရတာပေါ့"

"ဘာကို လေ့လာတာလဲ"

"ဦးနောင်နဲ့ မေမေ့အကြောင်းကို၊ လေ့လာတာလေ။အားလုံးက၊ မပြောဘူး မပြောဘူးနဲ့၊ မေမေ အပါအဝင်၊ တစ်ယောက်တစ်ခွန်း၊ ပြောထွက်ရင်းက၊ အကြောင်းအရာ၊ အတော်စုံသွားတာ ဦးနောင်ရဲ့"

ပြောပြီး၊ ရယ်ပြန်သည်။

"သမီးက,တော့၊ ဘိုးဘိုးကို၊ ဦးနောင် ပြောဆိုရင်ဆိုင်တုံ့ပြန်ခဲ့တာတွေ၊ အားလုံးမှန်တယ်လို့၊ သတ်မှတ်တယ်။

အဓိက တရားခံက၊ မေမေ မပြတ်သားတာပဲ။ ဘိုးဘိုးက၊ အဓိက တရားခံမဟုတ်ဘူး။

ဇိဇာတ်လမ်းမှာ ဘိုးဘိုးက ဗီလိန်ဆိုပေမယ့်၊ မေမေ မပြတ်သားလို့၊ ကြောက်လို့ မဆုံစည်းကြတာ။သမီးက၊ အဲလိုပဲ မြင်တယ်။





အဲဒါကြောင့် .. အခု၊ ဒီည ဦးနောင်ကို ကြိုဆိုဧည့်ခံပွဲမှာ၊ ဦးနောင်ခွင့်ပြုချက်ရမှ ၊ မေမေ့ကို လာခေါ်မယ်. . လို့၊ မှာခဲ့တာ"

"ဘာလိုလို့နဲ့၊ ဦးနောင် တရားခံဖြစ်တော့မယ်သမီး"

တည်ကြည်စွာ သူပြောသည်။ ပြုံးနေသူကို ကြည့်ကာ စကားဆက်၏။

"အမေကို၊ အဲဒီ့လောက် အနိုင်ကျင့်နေရင်၊ ပညာဘယ်လောက်တတ်တတ်၊ စာဘယ်လောက်တော်တော်၊ သားသမီးဆိုးထဲမှာ၊ ပါနေပြီသမီး။

သားဆိုး သမီးဆိုးဆိုတာ၊ မိဘ,ကို ဒုက္ခပေးရုံတွင်မကဘူး။ သူ့,ကိုယ်သူလည်း၊ ဒုက္ခအကြီးကြီးပေးနေတာပဲ။

ဘာဖြစ်လို့လဲဆိုတော့။

မိဘအပေါ် မရှိမသေ၊ လုပ်တဲ့,အပြောအဆို၊ အပြုအမူ အားလုံးဟာ၊ သူ့, ဇရဲလမ်းကို၊ သူဖောက်နေတာနဲ့ အတူတူပဲ"



www.burmeseclassic.com

www.burmeseclassic.com



“သမီး . . ၊ မေမေ့ကိုချစ်ပါတယ်ဦးရယ်။ ဦး . . အခု ပြောလိုက်တဲ့ စကားမျိုး၊ သမီး မိဘ ဆီက၊ သမီး သိပ်ကြားချင်တာပဲ။

ဦး . . ပြောတဲ့အတွက်လည်း၊ဦးကို၊ သမီး သိပ်ကျေးဇူးတင်ပါတယ်”

“ဦး ကိုယ်တိုင်၊ အကြောင်းကြောင်း ကြောင့်၊ မိဘ အနားမှာ အနေနည်းခဲ့ပေမယ့်၊ သမီးရဲ့ အမေ၊ ဒေါ်စိမ်းမြရည်ဟာ၊မပြတ်သားဘူးဘဲ ပြော ပြော ကြောက်တတ်တယ်ပဲဆိုဆို၊ မိဘ စကားကို၊ မလွန်မသွေလိုက်နာခဲ့တဲ့၊ သမီးအလိမ္မာပဲလေ။ ဦးနောင် . . . အဲဒီလိုပဲ၊ မြင်တယ်။

ဒါ . . ဦးနောင်၊ ဒီအသက်အရွယ်ကျမှ၊ မြင်တတ်တာပါ။

ဦးနောင်က၊ ကိုယ့်ဝါဒနဲ့ကိုယ်၊ ကိုယ့်ကိုယ် ကိုယ် မှားတယ်မထင်ခဲ့သလို၊ ဒေါ်စိမ်းမြရည် ကိုလည်း၊ မှားတယ်လို့ မသတ်မှတ်ခဲ့ပါဘူး”

“တီ . . တီ . . . တီ . . ၊တီ . . . တီ . . ”





မြရည်နွယ်၏ တယ်လီဖုန်းမှ ၊ မြည်သံ။

“ဟုတ်ကဲ့ . . ဦးညီ။ ဟုတ် . . ”

“ဦးညီညီလှိုင်” . . . ဟု၊ ဆိုကာ၊ မြရည်နွယ်က၊ ဖုန်းလှမ်း ပေး၏။

“ဟေ့ကောင်။ ဒီမှာ . . ယမကာမိတ်ဆွေ၊ အရက်မိတ်ဆွေတွေ အကုန်လုံး၊ ရောက်နေပြီနော်။

မကြည်အေးတို့၊ ကြည်ကြည်အေးတို့၊ ယဉ်ယဉ်ကြည်တို့၊ ဇော်ဝင်းအောင်တို့လည်း ရောက်နေကြပြီ။

မင်း . . . အမေကို၊ ဝင်ခေါ်ပြီးရင်၊ သမီးရဲ့ အမေကိုပါ၊ မင်း . . ဝင်ခေါ်ခဲ့နော်”

စကားမပြန်ခင်၊ ဖုန်းချသွားလေ၏။

၂၂

“အဘိုးရဲ့ ခေတ်ပုံကို၊ အခုညတွင်းချင်း ဧည့်ခန်းနံရံမှာ၊ ပြောင်းချိတ်လိုက်နော်။ သမီး။ ပြီးရင်။ ရည်စူးပြီး ရှိခိုး တောင်းပန်လိုက်ပါ”

“ဟုတ်ကဲ့ပါ။ ဦးနောင်။ ဦးနောင်က၊



www.burmeseclassic.com

www.burmeseclassic.com



သဘောထားကြီးလိုက်တာနော်"

သူက၊ ဖတ်မှတ်ဖူးရာတွေကို၊ သတိပြုမိကာ . .

"စာရေးဆရာကြီး၊ ဒဂုန်တာရာ ပြောဖူးတယ်။ နိုင်ငံရေးဆိုတာ၊ ရန်သူကို မိတ်ဆွေဖွဲ့တာပဲ . . . တဲ့။ သမီး မှတ်သားဖူးတယ်မဟုတ်လား"

မြရည်နွယ်က၊ ခေါင်းညိတ်သည်။ သူ . . စကားဆက်သည်။

"နိုင်ငံရေးမှာ၊ ရန်သူဆိုတာ မရှိရဘူး သမီး။ အတိုက်အခံပဲရှိတယ်။ အတိုက်အခံဆိုတာ၊ တစ်ယောက်နဲ့ တစ်ယောက် ကဖျက်ယဖျက် လိုက်လုပ်နေတာမဟုတ်ဘူး။ တစ်ယောက်က ငါးဆယ်ဖိုးပဲ၊ အလုပ်လုပ်နိုင်ရင်၊ ကျန်တစ်ယောက်က၊ တစ်ရာဖိုး လုပ်နိုင်အောင်၊ ပြိုင်လုပ်ရတာပါ။

အဲဒါကို၊ နားမလည်ရင်၊ အတိုက်အခံကို၊ ရန်သူလို့ ထင်မှတ်တတ်တယ်။ အဲဒါကို မသိခင်တုန်းက၊ ဦးနောင်လည်း၊ သမီး ဘိုးဘိုးကို၊ ရန်သူလို၊ ဆက်ဆံမိခဲ့တယ်။ တကယ်က . . .

သမီး ဘိုးဘိုးနဲ့၊ ဦးနောင် ရန်သူတွေမှ





မဟုတ်တာ။ အမြင်မတူတဲ့၊ ဝါဒီနှစ်ယောက်ဆိုပါတော့။

ပြီးတော့၊ အခု . . . . ဘိုးဘိုးက၊ တမလွန်ရောက်သွားပြီပဲ။ သေသူကိုတောင်၊ မသေသေးသူက၊ မာတ်ပုံကြည့်ပြီး မုန်းနေတာမျိုးဟာ၊ မထားသင့်တဲ့ စိတ်နှလုံးမျိုးလို့၊ ကိုယ့်ကိုယ်ကို၊ ယူဆ,မိတယ်။

သူစိမ်းတောင်၊ ဒီလို စိတ်မွေးလိုက်ပြီလေ။ မြေးအရင်းဖြစ်တဲ့၊ သမီးက၊ ဒီထက်ပိုပြီး စိတ်ပြေရမှာပေါ့။ နော် . . သမီး"

"ဟုတ်ကဲ့။ ဦးနောင်"

"လောက, ဆိုတာ၊ အမြဲတမ်း ပြောင်းလဲနေတဲ့အဝန်းအဝိုင်းကြီးပဲလေ။

တစ်ချိန်တစ်ခါက၊ တိုင်းပြည်အတွက်၊ လက်နက်ဆွဲကိုင် တိုက်ပွဲဝင်ဖို့၊ တောခိုခဲ့တဲ့ သူရဲကောင်း၊ ဆိုတဲ့သူက,လည်း၊ အခုအချိန်မှာ၊ အမှားအယွင်းပြုမှုနိုင်သလို၊



www.burmeseclassic.com

www.burmeseclassic.com



အတိတ်က၊ အယူအဆမှားယွင်းခဲ့သူမျိုးက လည်း၊
ပစ္စုပ္ပန်မှာ၊ လူကောင်း လူတော် ဖြစ်နေနိုင်တယ်လေ့၊
အဲဒါကြောင့်၊ ဘယ်သူ့ကိုမဆို၊ အရင်
အတိုင်းပဲ..လို့၊ ဦးနှောင်... လှေနံ့မားထစ်၊
မသတ်မှတ်ထားပါဘူး"

စိမ်းမြရည်ကို၊ ဝင်ခေါ်ဖို့ မခေါ်ဖို့၊ စကား မစ,စချင်သောကြောင့်၊ အာရုံဝင်ရာ၊ စကားတွေကို၊ ပြောနေမိခြင်းဟု၊ ကိုယ့်ကိုယ်ကိုသိ၏။

အမေက၊ ဝတ်စားဆင်ယဉ်ပြင်ဆင်ပြီး အသင့်စောင့်နေခြင်းဖြစ်၏၊ ထို့အပြင် မြရည်နွယ်နှင့် အမေက သိကျွမ်းရင်းနှီးပြီးသား ဖြစ်နေကြသေး၏။ အချင်းအရာ အားလုံးတို့သည်၊ ကြိုတင်ပြင်ဆင်ပြီးသား ...ဟုသာ၊ သူနားလည်လိုက်၏။

အမေနှင့် မြရည်နွယ်တို့ကို၊ ခေတ္တစောင့်ဆိုင်းစေပြီး၊ သူ..ရေချိုးသန့်စင်လိုက်သည်။ စိမ်းမြရည်နှင့်သူ့ကို၊ ပြန်လည်ဆုံတွေ့စေလိုကြသည့်၊ အခင်းအကျင်းများလားဟု၊ ပူပန်စွာ၊





သူတွေးမိ၏။

**"ရေစက်"**

ခြေလှမ်းပြင်လျက်
ရင်ခွင်အကင်နာ
ထွက်ခွာရခက်။

အငြိအတွယ် ပြုသမျှကြောင့်
သတိနယ်စုမရပြန်တဲ့၊
(ယခုဘဝ)
အနုသယရဲ့
သမုဒယ ဒဏ်ချက်။ ။



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

"ဦးနောင်။ သမီး . . အိမ်ကို ခဏဝင်ချင်တယ်။ ဟိုလေ. . . ။ဘိုးဘိုးရဲ့၊ ခေတ်ပုံမှန်ပေါင်ကို၊ ဧည့်ခန်းမှာ၊ ပြောင်းချိတ်လိုက်ချင်လို့ပါ။ ဦးနောင်က၊ ညတွင်းချင်းပြောင်းချိတ်ဆိုတော့လေ . ."

"အပြန်ကျမှ ချိတ်ပါလား သမီးရယ်" . . . ဟု၊ စကားမကပ်ချင်တော့ပေ။ တစ်ဆက်တည်း၌၊ အတွေးထဲသို့၊ စိမ်းမြရည်ဝင်လာ၏။

စိမ်းမြရည်သည်. . , နာကြည်းမုန်းတီးစရာ၊ မျက်နှာချင်း





မဆိုင်ချင်စရာ၊ ခါးခါးသည်းသည်း အစိုင်အခဲမျိုး၊ ရင်ထဲမှာကိန်းအောင်းစေခဲ့သူမှ၊ မဟုတ်ဘဲဟု၊ ဖြေဆည်စရာ သူတွေး၏။ ခင်ပွန်းကြင်ဖော်သည်ပင်လျှင်၊ ကွယ်လွန်သွားရှာလေပြီပဲ. . ဟု၊ ကရုဏာအခြေပြုလျှက် သင့်မသင့်,လျော် မလျော်ကို၊ တစ်ဖန်တွက်ဆ,ရပြန်သည်။

မိသားစုဝင်များနှင့် သူငယ်ချင်း အပေါင်းအသင်းများစွာ၏ မျက်မှောက်တွင်၊ ဆုံတွေ့ရသည့် အသွင်သဏ္ဍာန်မို့၊ နှစ်ဦးနှစ်ဖက်၏ ဣန္ဒြေ,မလေ့၊ သိက္ခာတို့ကို၊ ဇောင်းပေးတွက်ချက်စရာမလိုလောက်ဘူး. . ဟု၊ ဖြေသိမ့် သုံးသပ်၏။

လူအားလုံး စုံညီရာသို့၊ လိုက်ပါဖို့,ရာကို၊ သူ့ခွင့်ပြုချက်ရမရ မျှော်စောင့်နေရရှာတာပါလား. . ဟု၊ စိမ်းမြရည် နေရာမှ၊ စာနာစွာ၊ သူတွေးသည်။

"သမီး မေမေကိုလည်း၊ ခေါ်ခဲ့လေ"

"ဟုတ်ကဲ့။ ဦးနောင်"

မြရည်နွယ် ကြည်နူးသွားသည်ကို၊ မြင်၏။

"မေမေ၊ သမီးတို့ မေမေ့ကို၊ လာခေါ်နေပြီ။ မေမေ အဆင်သင့်ပြင်ထားပေးနော်"



www.burmeseclassic.com

www.burmeseclassic.com



မိခင်ထံသို့ မြရည်နွယ် ဖုန်းဆက်၏။

လွန်ခဲ့သော နှစ်များစွာက၊ အရပ်ဒေသ မဟုတ်။ ခမ်းနားထည်ဝါသူတို့၊ စုဖွဲ့တည်ဆောက်နေထိုင်ကြရာ ရပ်ဝန်း။

"ဦးနှောင်ရော။ ဘွားဘွားရော၊အိမ်ထဲကို၊ ဝင်ပါဦးနော်"

"ဘွားဘွား ဒူး သိပ်မကောင်းလို့၊ မဆင်းတော့ပါဘူး မြေးလေးရယ်". . ဟု၊ အမေ ပြော၏။ သူကလည်း . . .

"နောက်နေ့မှ၊ ဦးနှောင်လာလည်ပါ့မယ်။ အခု . . မဝင်တော့ဘူး"

"တကယ် လာလည်ရမယ်နော်"

သူ. . ခေါင်းညိတ်ပြလိုက်၏။ အချိန်အနည်းငယ်စောင့်ဆိုင်းဖို့၊ ကမ္ဘာသုံး ဘာသာစကားဖြင့်၊ ခွင့်တောင်းပြီး၊ အိမ်အတွင်းသို့၊ မြရည်နွယ် အပြေးလေးဝင်သွား၏။

မျက်လုံးချင်းဆုံကြသည်၊အကြည့်ဆုံပြီး ရင်ခုန်ရမည့် အရွယ်တွေ မဟုတ်ကြ။ ပြုံးလျက်သာ နှုတ်ဆက်ဖြစ်ကြသည်။





ကာလတာရှည် နာရီ ရာသီတွေ အလီလီပြောင်းလဲနေခဲ့တာ၊ မြန်လွန်းလှချည်လားဟု၊ သူတွေး၏။ အချိန် နာရီမိနစ်စက္ကန့်တိုင်း၌၊ မပြောင်းလဲ မပျက်စီးစရာ၊ မပြောင်းလဲ မပျက်ယွင်းသောအရာ၊ ဘာမျှ မရှိဟု၊ သူ သိထားသည်။

သို့သော် . . . စွဲမှတ်ဖူးရာ၊ ပုံရိပ်ဟောင်း၏ ပြောင်းလဲနှုန်းကိုတော့၊ ပို၍ပင် နှေးကွေးသလိုလို၊ ဘာလိုလို။ စွဲမှတ်မှားယွင်းမှုတို့၏ ပဋိသန္ဓာရစကား များစွာ၌၊"အရင်အတိုင်းပဲ". . ဟူသော၊ ဝေါဟာရမျိုးပင်၊ တိုးဝင်ကာ နေရာယူနေတတ်ပါသေး၏။ သူ့ကိုယ်နှုတ်က ပင်လျှင်၊ အရင်အတိုင်းပဲ. . ဟု၊ စိတ် အတွင်းမှ၊ ပြောလိုက်မိလေသလား၊ သတိမထားမိ။

သူငယ်ချင်းအားလုံး ၊ လက်ခုပ်တီးကာ၊ ကြိုဆိုကြသည်။ သူ့တစ်ယောက်တည်းကို၊ နှုတ်ဆက်ကြိုဆိုသည်နှင့် မတူ။ သူနှင့်အတူ စိမ်းမြရည်ကိုပါ၊ ယှဉ်ဖက်နှုတ်ဆက်နေကြလေသယောင်။



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

"မင်းတို့ကို၊ ငါ စိတ်ဆိုးချင်လိုက်တာကွာ၊
ဘယ်လိုစိတ်ဆိုးရမှန်း မသိလို့"

ညီညီလှိုင်က၊ ရန်မျိုးအောင်ကို လက်ညှိုးညွှန်ကာ

"ဒီ စာရေးဆရာနဲ့ မြရည်နွယ်လေးနဲ့၊
ဇာတ်ကွက်ချကြတာနော်။ ငါက. . , သူတို့
ဇာတ်ညွှန်းအတိုင်း၊ ဖြည့်ဆည်းပေးရတာ"

သူက. . ,

"ဩော်. . ။ ဘော်လီဘော ပုတ်တတ်တဲ့





အကျင့်က၊ တော်တော်များများကို၊ ကူးစက်နေပြီ
ကိုး"

တာဝန်သိမှု တာဝန်ယူမှု မရှိဘဲ ဟိုလွဲချ သည်လွှဲချ၊ ပြုမူနေတတ်ကြသည့်၊ အချို့သော အာဏာပိုင်အဖွဲ့အစည်းတို့၏ အမူအကျင့်ကို၊ ရည်စူးပျက်ရယ်စကားဆို၏။

"နေမြတ်နောင်။ ငါ့,ဝန်ခံပါ့မယ်ကွာ။ တို့
နိုင်ငံက၊ ဘော်လီဘော ပုတ်နေကြတဲ့၊ အယုတ်
တမာတွေနဲ့တော့၊ ငါ့ကို၊ မနှိုင်းပါနဲ့"

"ငါ့သူငယ်ချင်းက၊ နာတတ်သားပဲ" . . ဟု၊ သူပြော၏။ "နာတတ်တာ မဟုတ်ဘူး။ ရှက်တတ်တာကွ" . . . ဟု၊ ညီညီလှိုင် စကားဖြည့်၏။ ပြီးမှ-

"ကောင်မ,လေး၊ မြရည်နွယ်က၊ သူ့အမေနဲ့
မင်းကို၊ ဖူးစာဖက်ပေးချင်နေတာ၊ ကြာပြီကွ။
သူနဲ့ငါတို့နဲ့ ခင်မင်နေကြတာ၊ လေးငါးနှစ်
မက,တော့ဘူး။
မင်းလွတ်တဲ့နေ့မှာ၊ အခုလိုလေးဖြစ်ရ
အောင်၊ သူ့ခများ၊ နေ့ရှိသရွေ့၊ ငါတို့ကို၊ ပူဆာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရှာတာကွ။

အသေးစိတ်တော့၊ မပြောပြတော့ဘူးကွာ။

မင်း . . ထောင်ပြောင်းမခံရအောင်။ မင်း ထောင်ကလွတ်မယ့်နေ့ အတိအကျသိရအောင်။ ထောင်ထဲမှာ၊ မင်း . . . အဆင်ပြေပြေနေရအောင်၊ သူပဲ . . . အရှုံယ်နဲ့မမျှ၊ ခြေတံ လက်တံ ဆန့်ပြီး သူ အပင်ပန်းခံခဲ့တာကွ။

နောက်ဆုံးကွာ။မင်း အမေကိုတောင်၊ သူ့အစီအစဉ်ထဲမှာ၊ မရမက၊ ထည့်ထားနိုင်အောင်၊ သူ့ . . လုပ်ခဲ့တာ"

"ငါ့ကို သူ့ရဲကောင်းကြီး တစ်ယောက်လိုမျိုး မင်းတို့၊ ပြေထားကြတာလား"

ရန်မျိုးအောင်က-

"အဲဒီလို၊ ငါတို့ ပြောမထားဘူး။ ဒါပေမဲ့ . . ၊မင်းအကြောင်း . . ,သူ့အမေနဲ့ မင်းနဲ့အကြောင်း . . . , မင်းနဲ့သူ့အဘိုးအကြောင်း . . အဲဒါတွေ အားလုံးကို၊ ခရာစေ့တွင်းချ ပြောပြထားဖြစ်တယ်။





တစ်ခုတော့၊ရှိတယ်။ ငါတို့က၊ တွန်းတွန်းထိုးထိုး၊ ပိုပိုသာသာ၊ ပြောပြတာမျိုး မဟုတ်ဘူး။ သူက, ကို . . နှိုက်နှိုက်ချွတ်ချွတ်၊ လာလာ မေးတာ။

ငါ့အထင်တော့ . . ၊ မင်းက . . သူ . . မမြင်ဘူးသေးတဲ့၊ သူရဲကောင်းဖြစ်သလို၊ သူ မြင်ဖူးချင်နေတဲ့၊ သူ့အမေရဲ့၊ နှလုံးသားရာဇဝင်ထဲက၊ သံယောဇဉ် အဓိပတိ ဥပရာဇာ မင်းသားကြီးလည်း ဖြစ်နေတယ်ကွ"

"ပေါက်ပေါက်ရှာရှာကွာ။သူ့အဖေကိုလည်း မင်းတို့ အားနာကြဦး"

ညီညီလှိုင်က -

"မြရည်နွယ် မမှတ်မိတဲ့ အရွယ်မှာ ၊ဆုံးသွားတာတဲ့ကွ။

ငါတို့က ၊ သူ့အရွယ်ရောက်မှ ၊ သိကျွမ်းကြလို့နော်။

မဟုတ်ရင် ၊ သူ့အဖေအရင်းဟာ ၊ မင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ၊ တစ်ခါတည်း ဇာတ်ကို အပြီး ပို့လိုက်ချင်တာ "

"တော်ပါတော့ ညီညီလှိုင်ရယ် ။ မနေ့ညကလည်း ငါ့မှာ၊ မျက်နှာတွေ ပူလိုက်တာမှ အရမ်း ။

မှုးမှုးရှူးရှူးနဲ့ နောက်တဲ့ပြောင်တဲ့ကောင်တွေကတစ်မျိုး ၊ တကယ်ပြန်ပေါင်းထုတ်တယ်ထင်ပြီး၊ဝမ်းသာစကား လာပြောတဲ့သူတွေက တစ်မျိုး၊ မသိချင်ယောင်ဆောင်ပြီး ။ အခုလို အတူတူတွေ့ရတာ၊ သိပ်ဝမ်းသာတာပဲ ဆိုတဲ့ ၊ အုပ်စုတွေက တစ်မျိုး ၊ ငါသေတောင်သေချင်တယ်"

ရန်မျိုးအောင်က -

"အေး ။ အဲဒီလူတွေအကုန်လုံး၊ အလှည့်ကျစနစ်နဲ့၊ မင်းတို့ နှစ်ယောက် ထိုင်နေတဲ့ နေရာကို၊ လာဖို့ဘယ်သူဇာတ်ညွှန်း ရေးတယ်ထင်သလဲ "

"ဘာလဲ ။ မြရည်နွယ်ပဲလား"

"အေး ။ ငါက . . ဟိုး ၊ လပေါင်းများစွာ





ကတည်းက၊ ကြိုဆိုညှော်ခံ ဂုဏ်ပြုပွဲထဲကို၊ မင်းနဲ့ စိမ်းမြရည်အတူ ရောက်လာနိုင်ဖို့ အထိပဲ၊ဇာတ်ညွှန်း ခွဲပေးထားတာ။

ကျန်တဲ့ရိုက်ညွှန်းက၊ မင်းရဲ့သမီး၊ မြရည်နွယ်၊ ရေးညွှန်းစီစဉ်ထားတာတွေချည်းပဲ"

"ငါ့သမီးမဟုတ်ဘူးလေ ၊ ရန်မျိုးအောင် ၊ စကားကို ဆင်ခြင်"

"မင်းသမီး မဟုတ်မှန်းတော့ လူတိုင်းသိတာပေါ့ ။ ဒါပေမဲ့-နင် ငါ့သမီးမဟုတ်ဘူးနော် . . လို့မင်း မြရည်နွယ်ကို၊ ပြောရဲလား။ ပြောရဲရင်၊ ပြောရက်ရင်၊ ပြောကြည့်လိုက်လေ။

တောင်မ,လေး တစ်ခါတည်း လဲသေသွားလိမ့်မယ်။ မင်းကို၊ သူ တော်တော်ချစ်တာကွ။ အဖေလိုကိုချစ်တာ"

"လူချင်းတောင်၊ တစ်ခါမှ မမြင်ဘူးခဲ့ဘဲနဲ့ ကွာ။ စကား၊ ကားလွန်းတယ်"

"လူငယ်တွေဟာ၊ သူတို့ ရင်ထဲက၊



www.burmeseclassic.com

www.burmeseclassic.com



သူရဲကောင်းတွေကို၊ သူတို့ မိဘထက် ပိုချစ်နေတတ်တယ်ကွ"

ရန်မျိုးအောင်၏ စကားအဆုံးတွင်၊ ညီညီလှိုင်ဘက်သို့လှည့်ကာ-

"ညီညီလှိုင်"

"ပြောပါကွာ"

"မင်းတော့ မသိဘူး။ တခြားသူတွေကိုလည်း၊ငါ မဆန်းစစ်ပါဘူး။

ငါ့ကိုယ်ငါဝန်ခံမယ်။ ငါသူရဲကောင်းကြီး မဟုတ်ဘူး။

စစ်အစိုးရကို၊ မလိုလားလွန်းလို့၊ လက်နက်ကိုင် လမ်းစဉ်က လွဲပြီး၊ တခြားနည်း အမျိုးမျိုးနဲ့၊ ငါ. . , ဆန့်ကျင်တော်လှန်ခဲ့တယ်ဆိုပေမယ့်၊ သူများကြောက်သလိုပဲ၊ ငါ ကြောက်ခဲ့တာနော်။

ကြောက်တဲ့ စိတ်ထက်၊ တော်လှန်ချင်တဲ့ စိတ်က၊ ပိုများနေလို့၊ နောက်မဆုတ်ဘဲ၊ လုပ်ရဲခဲ့တာ"

"အင်းလေ။ အဲဒါ ဘာဖြစ်လဲ"





"ဘယ်သူ့ရှေ့မှာ မဆို၊ ကြွက်သားကြီး ညှစ်ပြပြီး၊ ငါ, သူရဲကောင်းကြီး၊ မလုပ်ချင်ဘူးလေကွာ။

ကောင်မ,လေးကို၊ ပြောပြတဲ့၊ မင်းတို့ စကားတွေ၊ ပိုခဲ့ကြတယ်ထင်တယ်။

ကံဆိုးလို့။ ထောင်ကျခဲ့ရတာပါကွာ။ လူငယ်တွေရှေ့မှာ၊ မင်းတို့၊ ငါ့ကို သိပ်အမွှန်းမတင်မိပါစေနဲ့။

ဘယ်လောက်အထိ ကံဆိုးခဲ့သလဲဆိုရင်၊ လက်နက်မကိုင်ချင်လို့၊ မြို့ထဲပြထဲမှာနေပြီး၊ ဆန္ဒပြတော်လှန်ခဲ့ပါလျက်။

လက်နက်ကိုင် အဖွဲ့အစည်းနဲ့၊ ဆက်သွယ်တယ်ဆိုတဲ့၊ စွဲချက်ကြောင့်,ငါ ထောင်ကျခဲ့တာကွ။

တကယ်တော့ . . ငါက လေးခွတောင်၊ ကောင်းကောင်း ပစ်တတ်ခဲ့တာမဟုတ်ဘူး။ အဲဒါကြောင့်၊ ငါ . . ဘာမှ မဟုတ်ဘူးဆိုတာ ကောင်မ,လေးသိမှ ဖြစ်မယ်"

ရန်မျိုးအောင်က. . .



www.burmeseclassic.com

www.burmeseclassic.com



" မင်း . . ပြောသလို၊ ဘာမှမဟုတ်ဘူး ဆိုရင်တောင်။ နေမြတ်နောင်ဆိုတာ၊ သူ့အမေ စိမ်းမြရည်နဲ့၊ ချစ်သူဟောင်း ဆိုတာတော့။ နှလုံးသားရဲ့ ရှေးဟောင်းပြက္ခဒိန်ရက်စွဲတွေထဲက၊ သက္ကရာဇ်ဖြိုလို့မရတဲ့၊ တကယ့် သမိုင်းအမှန်ပဲ လေကွာ"

ညီညီလှိုင်က-

"ငါ. . တစ်ခုပြောဦးမယ်။ ကြောက်တယ် ဆိုတဲ့ ကိစ္စပြောမလို့။

မင်းတို့ ငါတို့ဟာ၊ ကြောက်တတ်ခဲ့ကြတယ် ဆိုပေမယ့်၊ ကြောက်ကြောက်နဲ့ပဲ ကိုယ်လုပ်ချင်တာ၊ လုပ်ခဲ့ကြတာမဟုတ်လား"

သူခေါင်းညိတ်၏။

"အေး။ အဲဒီလို၊ လုပ်တယ်ဆိုတာ၊ လူပီသ, တာပဲကွ။

ကြောက်တယ်။ ကြောက်လို့လုပ်ချင်တာကို၊ သေသည်အထိ၊ မလုပ်ဖူးလိုက်ဘူးဆိုရင်၊ အဲဒါ လူ





မပီသ,တာပဲ။

မင်းရော . . ၊ငါရော။ စစ်အာဏာရှင်ကို၊ တော်လှန်ခဲ့ကြတဲ့ လူထုအားလုံးရော။ လူပီသ, ခဲ့ကြတယ်ကွ။

မင်း ကိုယ်မင်း။သိမ်ငယ်အောင် နှိမ်ချချင်ချ။

အာဏာရှင်ကို ဖိဆန်ခဲ့ကြတဲ့၊ ပြည်သူလူထု ရဲ့ ထည်ဝါမှုကိုတော့၊ ငါ. . လုံးဝ၊ မနှိမ်ချနိုင်ဘူး။

နောက်ဆုံး . . ။ သိပ်ကြောက်တတ်လို့၊ အိမ်အပြင် မထွက်ဘဲ၊ အိမ်ထဲက၊ လက်ခုပ်တီး၊ နေတဲ့၊ လူတစ်ယောက်ရဲ့, လက်ခုပ်သံတစ်သံက အစ၊အဲဒါ. . ကြီးကျယ် ခမ်းနားတဲ့၊ လူထုရဲ့ အသံပဲ။

အဲဒါ. . ဘယ်အရာကို၊ လိုလားပါတယ် ဆိုတာ၊ လက်ခုပ်သံပေးပြီး ဖော်ပြနေကြတဲ့၊ နိုင်ငံသားတိုင်းရဲ့၊ လူပီသ,မှုပဲ"

"မြရည်နွယ်က၊ ငါ့အပေါ်၊ မရှိတဲ့အရေ အသွေးကို၊ ပုံကြီးချဲ့ပြီး၊အထင်ကြီးနေတာမျိုး၊ မဖြစ် စေချင်တာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ညီညီလှိုင်က၊ မဲ့ပြုံးပြုံးကာ -

"မင်း. . .တွေ့ပါများရင် သိလာလိမ့်မယ်။

မြရည်နွယ်က၊ သူ့အမေနဲ့ တစ်စက်မှ မတူဘူး"

"တူပါတယ်ကွ။ တော်တော်တူတာ"

"ရုပ်ကို၊ ပြောတာမဟုတ်ဘူး။ စိတ်, စိတ်။

စိတ်ဓာတ်မတူဘူးလို့ ပြောတာ။ သူ့အမေ

လို၊မြုံစိစိမဟုတ်ဘူး။ အရာရာကို၊ ဆန်းစစ်တတ်

တယ်။တော်ရုံလူလောက်ကို၊ အထင်မကြီးတတ်ဘူး

ကွ"

ရန်မျိုးအောင်က-

"အဲဒီ့စိတ်ထားက။ ဒီကောင့်စိတ်ထား

အတိုင်းပဲနော်။ တော်တော်တူတယ်။

ဟုတ်တယ်။

"သူ့အမေနဲ့ ရုပ်တူတယ်၊ မင်းနဲ့ စိတ်ဓာတ်

တူတယ်"

သူ့ကို၊ လက်ညှိုး တည့်တည့်ထိုးကာ၊ ပြော၏။ သူက . . .

"သူ့အဖေနဲ့တူတာလေး၊တစ်ခုလောက်





ဖြစ်ဖြစ် ရှာကြံပြီး၊ ထည့်ပြောပါလားကွာ"

"သူ့အဖေ့ကို၊ ငါတို့မှ၊ မသိတာ"

ညီညီလှိုင်က . . စိမ်းမြရည်နဲ့ မင်းနဲ့၊ ချစ်ခင်တွယ်တာ ခဲ့ကြတုန်းက၊ စည်းကမ်းတကျ ရှိခဲ့တာပါနော်။ နေမြတ်နောင်" . . ဟု၊ မျက်နှာတည်လျက်၊ အရွှန်းစကားဆို၏။

သူ. . "တက်" ခေါက်လေ၏။

ရန်မျိုးအောင်ရော ညီညီလှိုင်ကပါ၊ ဝိုင်း၍ ရယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အပါအဝင်၊ နိုင်ငံရေးနှင့် သက်ဆိုင်သော၊ အခမ်းအနားများစွာသို့၊ သူတက်ရောက်သည့် အခါတိုင်း၊ မြရည်နွယ်လိုက်ပါလာစမြဲ။ တစ်ခါတစ်ခါ တချို့သော အမှတ်တရ အခမ်းအနားများကို၊ သူ မသိကြားသေးခင် အချိန်မျိုး၌ပင်၊ မြရည်နွယ်က၊ ကြိုတင်သိကြားကာ၊ သူ့ကို အသိပေးသည်။ "သမီးလည်း လိုက်မယ်နော်'. . ဟု၊ တစာစာ တောင်းဆိုလေ့ရှိသေး၏၊

၈၈

တစ်နေ့မှ

မေ့မရ

မနေ့က, လိုပါပဲ ။ ။





. . . ဟူသော ကဗျာငယ် တစ်ပုဒ်ကို၊ ရန်မျိုးအောင် ရေးခိုင်းသဖြင့်၊ သူ. . ရေးလိုက်၏။ ထိုကဗျာကို၊ ရှစ်လေးလုံး နှစ်ပတ်လည်ငွေရတု အထိမ်းအမှတ် မဂ္ဂဇင်းတွင်၊ ရေးသားသည့်၊ "သွေးနဲ့ရေးတဲ့ သမိုင်း" ဝတ္ထုထဲမှာ၊ ရန်မျိုးအောင် ထည့်ရေးသည်။

ထိုရှစ်လေးလုံး(ငွေရတုအထိမ်းအမှတ်)နှစ်ပတ်လည် အခမ်းအနားကြီး၏ တင်ဆက်မှုများကို၊ ကြည့်မြင်ပြီး၊ မြရည်နွယ် မျက်ရည်ပိုးပိုးပေါက်ပေါက် ကျလေသည်။

စိမ်းမြရည်နှင့်မြရည်နွယ်တို့၏ အိမ်ဝင်းကျယ်ကြီးထဲတွင်၊ မြရည်နွယ်နှင့်သူ၊ စကားတွေအများကြီး၊ ပြောဖြစ်၏။

"သမီး။ ကျောင်းစာကိုလည်း၊ မလစ်ဟင်း စေနဲ့နော်"

"ဟုတ်ကဲ့ ဦးနောင်"

" လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည် ဖြစ်စေ၊ ဒီမိုကရေစီဆိုတဲ့၊ အနှစ်သာရကို၊ ဖော် ဆောင်တဲ့ အလုပ်ကို၊ အစိုးရက၊ လုပ်ပြနေရပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအခြေအနေလေးရောက်ဖို့၊ အသက်တွေ သွေးတွေ ဘဝတွေ၊ အများကြီး ရင်းနှီးခဲ့ကြရတယ်။

ပြောဆိုရေးသားခွင့်၊ သေးသေးလေးပဲ၊ ရသည်ဖြစ်စေ၊ အဲဒီ သေးသေးလေးရဖို့၊ အသက်ပေါင်းများစွာ၊ ဘဝပေါင်းများစွာ၊ ရင်းနှီးပေးဆပ်ခဲ့ကြရတယ်ဆိုတာကို၊ သိရှိ စာနာတတ်သူတိုင်း၊ အဲဒီ. . . သေးသေးလေးကိုတောင်၊ တန်ဖိုး အကြီးကြီး ထားရမယ်"

"စိတ်ချပါဦးနော်"

ထိုစဉ်၊ စိမ်းမြရည်၊ အနားသို့ လာထိုင်၏။ "ထမင်းစားသွား" . . . ဟု၊ စိမ်းမြရည် ပြောသည်။ "မစားတော့ဘူးလေ၊ ဒီမှာ သမီးနဲ့ စကားပြောနေရလို့၊ ဗိုက်ဝ,နေပါပြီ" . . ဟု၊ သူ. . ပြော၏။

"ပြင်ခိုင်းထားပြီးပြီ။ နည်းနည်းဖြစ်ဖြစ်စားသွားပါ" . . ဟု၊ စိမ်းမြရည်၊ ပြုံးလျက်ပြော၏။ ပြီးနောက် သမီးဖြစ်သူကို၊ မေးဆတ်ပြလျက်-

"ထမင်းမစား စားအောင်၊ သမီးကိုပဲ၊ ပူဆာ





ခိုင်းလိုက်တော့မယ်နော်၊ စိမ်းစကားကိုနားမထောင်ဘူးဆိုရင်"

"သမီးကိုလည်း၊ မပူဆာခိုင်းပါနဲ့တော့၊ စိမ်းစကားကိုလည်း၊ မငြင်းတော့ပါဘူး" . . ဟု၊ သူပြောလိုက်၏။ မြရည်နွယ်က၊ "ဘာဟင်းချက် ထားလဲ၊ သမီးသွားကြည့်လိုက်ဦးမယ်" . . ဟု၊ ပြောပြီး မြက်ခင်းနုတွေကို၊ ဖြတ်ကျော်ပြေးလွှားသွားလေ၏။

၅၁

"စိမ်းက၊ သမီးကို၊ တော်တော် အလိုလိုက်ထားတာပဲ"

"အလို လိုက်နေရတယ်လို့တောင်၊ မထင်မိပါဘူး ကိုနောင်ရယ်၊ ဖ,တဆိုးလေးလည်းဖြစ်တယ်၊ စိမ်းကိုယ်တိုင်လည်း ၊ ချစ်တယ်။ ပြီးတော့ . . . စိမ်းအချုပ်အချယ်ခံခဲ့ရသလိုမျိုး၊ သမီးကို၊ မဖြစ်စေချင်တဲ့၊ စာနာစိတ်လည်း ထားမိတယ်လေ။ ဒါပေမဲ့ သမီးက၊ သိပ်လိမ္မာပါတယ်။ ကိုယ်ပိုင်အသိတရားလည်း ရှိတယ်"

ပြောရင်းပြုံးလျက် -



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့၊ သမီးက၊ မကြောက်တတ်ဘူး။

ပြောရရင်၊စိမ်းထက် ပိုတော်တယ်ဆိုပါတော့"

"မကြောက်တတ်ဘူးဆိုတဲ့နေရာမှာ၊ ကောင်းမှုကို လုပ်ဖို့၊ မကြောက်တတ်တာမျိုးပဲ ဖြစ်ပါစေ . . စိမ်း။

ကောင်းကောင်း မကောင်းကောင်း၊ မှန်မှန် မမှန်မှန်၊ ကိုယ်လုပ်ချင်တာ၊ ကိုယ်လုပ်ရဲတယ်ဆိုတဲ့၊ မကြောက်စိတ်က၊ မွန်မြတ်တဲ့ ရဲရင့်မှုမျိုးမဟုတ်ဘူး"

စိမ်းမြရည်က. .

"အဲဒါမျိုးတော့၊ စိမ်း မပြောတတ်ဘူး။ ကိုနောင်ပဲ ၊ သမီးကို စိမ်းကိုယ်စား ပြောပြပေးပါ။ နော်"

"ကြုံတဲ့အခါတိုင်း၊ ပြောပေးပါ့မယ်။ ဒါပေမဲ့ သမီးက၊ ထက်မြက် လိမ္မာပြီးသားပါ" . . ဟု၊ ပြောလိုက်၏။

"ဩော်၊ ဒါနဲ့၊ . . . ဟို . . . ၊စိမ်းကို စိတ်မဆိုးနဲ့နော်၊စိမ်း,မေးတတ်သလိုမေးတာ၊ ကိုနောင် နိုင်ငံရေးကိစ္စတွေ လုပ်ဦးမှာလား"





သူ. . ခေါင်းခါပြီး. .

"ထဲထဲဝင်ဝင်မလုပ်တော့ပါဘူး။

ဟိုတုန်းက,လို၊ ဘယ်သူမှ ခေါင်းမထောင်ရဲတဲ့၊ခေတ်,မဟုတ်တော့ဘူး။ဆန္ဒပြခွင့်ဆိုတာမျိုးတွေ၊ အထိုက်အလျောက်ရနေကြပြီလေ။

အစိုးရကို၊ဝေဖန်လိုက်တာနဲ့၊ ဘဝပျက်သွားရ လောက်တဲ့အထိ၊ အာဏာရှင်ဆန်တဲ့၊ အပြုအမူမျိုး၊ ရှိနေဦးမယ်ဆိုရင်တော့၊ ကိုနောင်၊ တစ်ခုခု ဆက်လုပ်ဖြစ်မှာပဲ၊

အခုက၊ ကိုနောင့်ထက်၊ ပိုပြီး. . . ထင်ရှားတဲ့ တော်တတ်တဲ့သူတွေ၊ သူ့အဖွဲ့.နဲ့သူ၊ ရှိနေကြပြီဆိုတော့၊ ကိုနောင့်အနေနဲ့၊ ဈေးသွားဈေးလာပဲ၊ လုပ်ချင်တော့တယ်။

ကိုယ့်ထက် ပိုပြီး အရာရောက်တဲ့၊ ခေါင်းဆောင်ကို၊ အကူအညီပေးရုံလောက်ပဲ၊ ကိုနောင် တတ်နိုင်တာပါ"

"ကိုညီညီလှိုင်တို့ ကိုရန်မျိုးအောင်တို့က



www.burmeseclassic.com

www.burmeseclassic.com



ရော”

“သူတို့လည်း၊ အဲဒီလိုပါပဲ။ ပရဟိတ အလုပ် တွေပဲ၊ ရုံဖန်ရံခါ၊ လုပ်နေကြတော့တယ်”

သူ့ကို၊ စိမ်းမြရည်က ၊ ပြုံးလျက်ကြည့်ကာ-

“စိမ်း စိတ်မပူရတော့ဘူးပေါ့နော်”

“စိတ်ဆိုတာ၊ပူကောင်းတဲ့အရာမဟုတ်ဘူး စိမ်း။ ကိုယ်တတ်သလောက်,မှတ်သလောက်, နားလည်သလောက်ဗဟုသုတနဲ့၊ အေးမြတည် ကြည်အောင်၊ စောင့်ထိန်းရမယ့်အရာပါ”

“အဲဒီလို၊ ဗဟုသုတမျိုးလည်း၊ စိမ်းမှာ အားနည်းပါတယ် ကိုနောင်။

စိတ်ထဲပူလာရင်၊ ငိုတတ်တာကလွဲလို့၊ စိမ်း မှာ တခြားနည်းမရှိခဲ့ပါဘူး။

မျက်ရည်ဝေ့ကို၊ သူ. . မြင်၏။

၅

“ဦးနောင်၊ ထမင်းတစ်ပန်းကန်တည်းစား တယ်။ စားမကောင်းဘူးလားဟင်”





“ကောင်းပါတယ် သမီးရယ်။ မစားနိုင်တော့ လို့ပါ”

“နေမျှား မကောင်းဘူးလား”. . ဟု၊ စိမ်းမြရည်မေး၏။ “ကောင်းပါတယ်၊ နည်းနည်းစားလိုက်တာနဲ့၊ ဗိုက်ဝ,သွားတာပါ။ အဲဒီလို၊ အစားနည်းတာ၊ ကြာပြီ။ အစားနည်းတော့၊ စားစရိတ် သက်သာတာပေါ့”. . . ဟု၊ ရယ်ရွှင်ဖွယ်ပြောလိုက်၏။

“အစားနည်းတာ၊ မကောင်းဘူး ဦးနောင်ရဲ့၊ သမီးတို့အိမ်မှာ၊ နေ့တိုင်းလာစားလေ။ သမီးချက် ကျွေးမယ်၊

မမေက . . . တနယ်ာတစ်ရက်ပဲ၊ အိမ်မှာ ရှိတာဆိုတော့။ မမေက,တနလ်ာနေ့ချက်ကျွေး”

စိမ်းမြရည်နှင့်သူ့ကို၊ တစ်လှည့်စီကြည့်ကာ၊ မြရည်နွယ် ပြော၏။ “သမီးဦးနောင်၊ အိမ်မှာလာမစားရင်၊ သမီးကဦးနောင် အိမ်ကို၊ချိုင့်နဲ့ သွားပို့ပေါ့။ အဲဒါမှ၊ မစားဘူးငြင်းရင်။ အဲဒါ. . . တကယ် မစားချင်လို့ ဖြစ်မယ်”ဟု ၊ပြောပြီး၊ ရှက်စနိုးအမူအယာကို၊ ကွယ်ကာလျက်၊ စိမ်းမြရည်ထိုင်ရာမှ၊ ထ,၏။ အိမ်ဝန်ထမ်းက ၊ ထမင်းပန်းကန်တွေကို၊ ယူငင်သိမ်းဆည်းသည်။ ထမင်းစားခန်း

www.burmeseclassic.com



အပြင်သို့ စိမ်းမြရည်ရောက်လုလုတွင်၊ စားလက်စ, ထမင်းပန်းကန်တွင်၊ ဇွန်းခက်ရင်းကို ဖွဖွချကာ၊ သူ့အနီးသို့ မြရည်နွယ် လာရပ်၏။

မိခင်ဖြစ်သူ ထမင်းစားခန်းအတွင်း မရှိတော့သည့်အခါကျမှ၊ လေသံတိုးတိုးဖြင့်-

"ဦးနောင်။ ဦးနောင်ကိုယ်စား၊ မေမေ့ကို၊ ရည်စားစကား ပြောပေးရမလား။ ဒါမှမဟုတ်၊ ဦးနောင်၊ ပြောခိုင်းသလိုလို ဘာလိုလိုနဲ့၊ သမီး ဘာသာပြောလိုက်ရမလားဟင်"

စောင်းငဲ့မော်ကြည့်လျက်၊ သူက . . .

"လူကြီးတွေကို၊ အနေခက်အောင် မလုပ်ရဘူးလေ"

"အနေခက်အောင် လုပ်တာမဟုတ်ဘူး။ သံယောဇဉ်ကိုယ်စီကို၊ ဖုံးဖိထားကြရလို့၊ အနေခက်နေကြတာ၊ သမီးသိတယ်။

အဲဒါကြောင့်၊ အနေမခက်တော့အောင်၊ စိတ်လွတ်လက်လွတ်၊ ရင်ဖွင့်ကြရအောင်၊ သမီး ဆောင်ရွက်ပေးမှာ"





"ကဲပါ သမီးရယ်၊ ထမင်းစားရင်း တန်းလန်း ကြီး။ ပြီးအောင်စားလိုက်ဦး။ စားပြီးမှ ပြော။ . . . လာ . . ထိုင်"

မူလ ထိုင်နေရာ စားပွဲအနီးသို့ မြရည်နွယ်ကို၊ သူပို့ဆောင်လိုက်၏။ အိမ်အကူဝန်ထမ်းက၊ ခပ်လှမ်းလှမ်းတွင်၊ ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

## နိုင်ငံရေးနှင့်စာပေ

တခါက စာရေးသူ- စာဖတ်သူ တွေ့ဆုံပွဲတွင် တယောက်သော သူကမေးလိုက်သည် "စာပေဆိုတာ နိုင်ငံရေးဘဲ၊စာပေပြုစုတယ်ဆိုတာ နိုင်ငံရေးဆောင်ရွက်မှုဘဲလို့ တရုတ်ဧည့်သည်တော် စာရေးဆရာကြီး တယောက်က ဆိုသွားပါတယ်။ အဲဒါဘယ်လိုသဘောရပါသလဲ"

ကျွန်တော်ဖြေပါသည်။

"တရုတ်စာရေးဆရာကြီး ပြောတာမှန်ပါတယ်။ ပါတီနိုင်ငံရေး အပေါ်မှာရှိတဲ့ အမျိုးသားရေး၊ ကိုယ့်နိုင်ငံအရေးကို ပါဝင်တဲ့ နိုင်ငံရေးကြီး ရှိပါတယ်။ စာပေဆိုတာ အမှန်တရားကို စူးစမ်းရှာဖွေမှုပါဘဲ။ အမှန်တရားဆိုတာဟာ မသမာမှုကို ဆန့်ကျင်တဲ့ သမာမှုကိုဆိုလိုပါတယ်။ အဲဒီတရားကို သရုပ်ဖော်ရတဲ့ ဟာကို စာပေလို့ဘဲ ခေါ်ရပါ့မယ်။အဲဒီတော့ စာပေသမားတွေဟာ ပါတီနိုင်ငံရေးသမားတွေ အထက်ကရှိတဲ့ တကယ့်





နိုင်ငံရေးသမားတွေဘဲလို့ ဆိုနိုင်ပါတယ်။

နိုင်ငံရေးနှင့် စာပေဆက်သွယ်မှုကို ဖေါ်ပြရာ၌ နိုင်ငံရေးဆိုသောစကားကို တောင်းစွာနားလည်ဘို့ လိုပေလိမ့်မည်။ နိုင်ငံရေးသမားတို့က စာပေကို ဝါဒဖြန့်ဖြူးရေးတွင် အသုံးပြုလေ့ရှိသောကြောင့် နိုင်ငံရေးသမားကို အထူးသတိပြုရပေမည်။ နိုင်ငံရေးသမားက အသုံးပြုသော စာပေသည် ဝတ္ထုကဗျာ ပြဇာတ်ဟူသော ရသစာပေပုံစံ စာစုပေစုပင် ဖြစ်စေကာမူ တန်ဖိုးပျက်သည်ဟုဆိုရပေလိမ့်မည်။

သို့ဆိုလျှင် စာပေ၌ နိုင်ငံရေး သဘောတရား မဝင်ရတော့ဘူးလားဟု မေးနိုင်ပါ၏။ မဝင်ရမဟုတ်ပါ။ ဝင်ရပေမည်မှုချပင်။ နိုင်ငံရေးဆိုသောစကား၏ ကျယ်ပြန့်သော အနက်အဓိပ္ပါယ်ကို သတိပြုအပ်လှ၏။ လူ့အရေးသည် နိုင်ငံရေးဖြစ်၏။ လူ့အရေးကို သရုပ်ဖေါ်ရသော စာရေးဆရာအဖို့ နိုင်ငံရေးနှင့် ကင်းကွာ၍ အဘယ်မှာဖြစ်နိုင်ပါမည်နည်း။

စာပေသည် လူမျိုးတမျိုးတည်းနှင့်လည်း သက်ဆိုင်၏။ တချိန်တည်း၌ပင် လူသားဟူသမျှနှင့်လည်း သက်ဆိုင်ရပေမည်။ နိုင်ငံရေးဆိုသော စကား၌ ပါတီနိုင်ငံရေး၊ အုပ်စုနိုင်ငံရေးဟူသည့် ကျဉ်းမြောင်းသော အဓိပ္ပါယ်လည်းရှိ၏။ လူသားတို့၏အရေးသည် ပါတီနိုင်ငံရေး၊ အုပ်စုနိုင်ငံရေးထက် ကြီးမားကျယ်ပြန့်လှပေသည်။ လောက၌ တရားမှု မတရားမှုဟူ၍ရှိရာ ထိုအင်အားစုနှစ်ခုသည် အမြဲပင် တိုက်ခိုက်နေသည်တွင် စာရေးဆရာသည် တရားမှုအင်အားစု၏ ခေါင်းဆောင်ဖြစ်ရပေမည်။ ထိုတရားမှု မတရားမှုအရေး၊ ထိုအရေးတို့ကို အကြုံးဝင်စေသည့် နိုင်ငံရေးလည်းရှိပေသည်။ ထိုနိုင်ငံရေးမျိုးနှင့် စာပေသည် ခွဲခွာ၍



www.burmeseclassic.com

www.burmeseclassic.com



မရအောင် ဆက်စပ်လျက်ရှိသည်။

လူတမျိုးတည်းနှင့် သက်ဆိုင်၏။ သို့သော် ထိုလူတမျိုးတွည်း၏ အရေးကိစ္စတို့သည် ကာလဒေသသာခြားမည်။ သဘောတရားအားဖြင့် ကမ္ဘာသူ ကမ္ဘာသားတို့၏ အရေးကိစ္စများပင် ဖြစ်ပေသည်။ စာရေးဆရာသည် ထိုအရေးကိစ္စတို့ကို သရုပ်ဖော်ရပေလိမ့်မည်။

ဥပမာဆိုပါမည်။တယောက်ကောင်းစားရေးအတွက် အများအကျိုးပျက်စီးနစ်နာခြင်းခံရသည်။ လူတစုကောင်းစားရေးအတွက် အများပြည်သူတို့ ဆင်းရဲကြရသည်။ ထိုစနစ်ကို နိုင်ငံရေးစကားဖြင့် ဖက်ဆစ်စနစ်ဟု ခေါ်သည်။ စာရေးဆရာသည် မတရားမှုကို တိုက်ခိုက်ရပေလိမ့်မည်။ ထို့ကြောင့် ထိုစနစ်မျိုး၏ အပြစ်တို့ကို သရုပ်ဖော်၍ ရေးသားရပေလိမ့်မည်။ ထိုစနစ်မျိုးသည် မိမိတိုင်းပြည်၌ပင်ရှိစေ၊ အခြားအခြားသော တိုင်းပြည်များ၌ရှိစေ၊ လူ့လောက၌ မည်သည့်နေရာဒေသ၌ရှိစေကာမူလည်း တိုက်ဖျက်အပ်သော စနစ်မျိုးဖြစ်သည်။ လူသားတို့၏ အန္တရာယ်ဖြစ်သည်။ ထို့ကြောင့် စာရေးဆရာသည် ဖက်ဆစ်ဆန့်ကျင်ရေးပါတီအဖြစ် ကလောင်ဖြင့် တိုက်ခိုက်ရန် မလိုပဲ လူသားတို့၏ ခေါင်းဆောင်တဦးအနေနှင့် တိုက်ခိုက်ရပေလိမ့်မည်။

ပါတီနိုင်ငံရေးသည် ပြည်သူလူထု ကောင်းစားရေးဟူသော ဦးတည်ချက်ကို ပြစေကာမူ တိုင်းပြည်အာဏာကို ရရှိရေး၌ အဓိကပြုသည်။ ဖက်ဆစ်ပါတီကို တိုက်ခိုက်သော နိုင်ငံရေးပါတီသည် ဖက်ဆစ်ပါတီကို ချိုးနှိမ်ပြီးလျှင် တိုင်းပြည်၏ အာဏာကို သိမ်းယူဖို့ ပထမဦးစွာကြိုးပမ်းသည်။ အာဏာရလာသောအခါ ထိုပါတီ၌ပင် ဖက်ဆစ်စိတ်ထား





မျိုး ဝင်လာနိုင်ဘွယ်ရှိ၏။ စာရေးဆရာသည် ဖက်ဆစ်ပါတီတိုမတိုက်၊ ဖက်ဆစ်စိတ်ထား ဖက်ဆစ်အပြုအမူကို မတရားသော အင်အားစုအနေနှင့် တိုက်သည်။ သူနှင့် လမ်းစဉ်ချင်းတူသည်ဆိုသော နိုင်ငံရေးပါတီထဲတွင် ဖက်ဆစ်စိတ်ထားနှင့် ဖက်ဆစ်အပြုအမူတို့ကို တွေ့လျှင် တိုက်မည်အမှန်ပင်။

လူမှုရေး၌ အကျိုးဝင်သော နိုင်ငံရေးတွင် တရားသော အင်အားစု၊ မတရားသော အင်အားစုတို့သည်ရှိ၏။ စာရေးဆရာသည် တရားသော အင်အားစုဘက်တနေ၍ မတရားသော အင်အားစုကို အမြဲတန်း တိုက်ခိုက်ပေသည်။ ထို့ကြောင့် တကယ့်စာရေးဆရာသည် လူထု၏ တကယ့်ခေါင်းဆောင်ဖြစ်သည်။ သူ့၌ရိုးသားပွင့်လင်းမှုနှင့် အမှန်တရားအပေါ်တွင် သစ္စာရှိမှုအပြင် အဂတိကင်းမှုတို့သည်ရှိ၏။ တကယ့်စာရေးဆရာသည် တကယ့်နိုင်ငံရေးသမားပင်ဖြစ်ပေသည်။

နိုင်ငံရေးဆိုလျှင် ပါတီနိုင်ငံရေးကိုသာ ပြေး၍ တွေးမိကြသည်။ ယင်းသည်ကား ခမ္ဘာတာပင်တည်း။ ပါတီနိုင်ငံရေးမှ အမျိုးသားနိုင်ငံရေးသို့ ကူးပြောင်းသော ခေတ်သို့ ရောက်ခါမှ စာပေနှင့် နိုင်ငံရေးသည် ရောစပ်တွဲယှဉ်နိုင်ဘွယ်ရှိပေတော့သည်။

"စာပေတွင် နိုင်ငံရေးသည်၊ ပွဲကနေတုန်း ဖေါက်လိုက်သော သေနတ်သံနှင့်တူ၏။ ထိုအသံမှာကျယ်သည်၊ နားမသက်သာဖွယ်ဖြစ်သည်။ သို့သော် ထိုအသံကိုဂရုမစိုက်ဘဲ နေနိုင်သူဟူ၍ မရှိနိုင်ပေ"

ဤသို့လျှင် ပြင်သစ် စာရေးဆရာကြီး စတင်ဗ်လ်ကဆိုသည်။

နိုင်ငံရေး ဝတ္ထု၌ နိုင်ငံရေး ကြွေးကြော်သံများနှင့် နိုင်ငံရေး



www.burmeseclassic.com

www.burmeseclassic.com



သမား လက်သုံးစကားများ ဝင်နှောက်လျက် ဖတ်သူကသတိမပြုဘဲမနေနိုင်။ ကျော်၍မသွား၊ လုံး၍ ဖတ်မသွားဘဲ အထူးဂရုစိုက်ပေမည်မုချပင်။ ယင်းသို့သော နိုင်ငံရေးလေသံများဖြင့် ပြည့်နှက်လျက်ရှိသော ဝတ္ထုမှာ စင်စစ်အားဖြင့် နိုင်ငံရေးဝတ္ထုမဟုတ်။ ဝါဒဖြန့်ဝတ္ထုမျှသာဖြစ်သည်။ ဝတ္ထုအသွင်ရှိသော်လည်း အရေခြုံနိုင်ငံရေး စာတမ်းမျှသာဖြစ်သည်။ ရသစာပေတွင်နိုင်ငံရေးဝတ္ထုများရှိနိုင်ပါ၏။ သို့သော် နိုင်ငံရေးစာတမ်းအဖြစ် လျှောကျမသွားအောင်ရေးတတ်ဖို့ စွမ်းရည်လိုပေသည်။ ခက်ခဲလှချေ၏။ ရသစာပေ၌ လူမှုရေးဝတ္ထုများသည် အလွန်များလှသည်။ လူမှုရေးအဆောက်အအုံတွင် လူတွေကြုံတွေ့ တွေးလုပ်သမျှကို သရုပ်ဖော်သော လူမှုရေးဝတ္ထုများအပြင် လူမှုရေး အဆောက်အအုံ၌ လူတန်းစားခွဲခြားမှု၊ မသမာမှုများကြီးစိုးမှု၊ ထိုမသမာမှုများကို တိုက်ခိုက်ရှုန်းကန်မှုစသည်တို့ကို သရုပ်ဖော်သော နိုင်ငံရေးဝတ္ထုများလည်းရှိ၏။ သို့သော် ထိုဝတ္ထုများကိုမူ နိုင်ငံရေးဝတ္ထုဟု မထင်ကြပဲ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ဒီမိုကရေစီစသည့် ဝါဒရေးရာများ ရောပြွမ်း၍ လမ်းစဉ်ပုံစံများ ချမှတ်ပေးသော ဝတ္ထုများကိုသာ နိုင်ငံရေးဝတ္ထုအစစ်မဟုတ်၊ ဝတ္ထုယောင်ဆောင်ထားသော နိုင်ငံရေးဝတ္ထုအစစ်မဟုတ်၊ ဝတ္ထုယောင်ဆောင်ထားသော နိုင်ငံရေးစာတမ်း များသာဖြစ်သည်ဟုဆိုရချေမည်။

ဝါဒရေးရာသည် အကြမ်းဖျင်းသဘောတရားကိုသာ ဖော်ပြနိုင်၍ လူတို့သုံးသပ်မှုအပေါ်ကိုသာ မူတည်ရပေမည်။ ဝါဒများကို ဝတ္ထုထဲတွင် အတုံးလိုက် အတစ်လိုက် ထည့်လျှင် တရားဟောစာဖြစ်နေချေမည်။ ဇာတ်လိုက်ကို ဝါဒရေးရာဟောပြောခိုင်းလျှင်လည်း ဝါဒရေးရာကို





သက်သက်မဲ့ ထိုးသွင်းရာရောက်မည်။ စာရေးဆရာကဝင်၍ တရားဟောသည်နှင့်တူမည်မုချပင်။ ယင်းသို့ တရားဟောသော စာမျိုးသည် ရသစာပေ အရာမမြောက်နိုင်။ ရသစာပေသည် လူ၏ စရိုက်(အပြုအမူ အပြောအဆို)ကို လူ့သဘာဝအခြေခံ ဖော်ထုတ်ရသော စာပေဖြစ်သည့်အလျောက် ဝါဒရေးရာ သဘောတရားသည် ရသနယ်ထဲတွင် မဝင်ဆန့်နိုင်ပေ။

ဝတ္ထုသည် ရုန်းကန်မှု၊ ပဋိပက္ခတို့ကို အရင်းတည်၍ ရေးရသော စာပေမျိုးဖြစ်သည်။ ပဋိပက္ခမှု အမျိုးမျိုးရှိသည့်အနက် တိုင်းပြည် အခြေအနေကို ပဋိပက္ခမှုပြုသည့်အခြင်းအရာသည် ဝတ္ထုဖြစ်ပေါ်ဘွယ် အကြောင်းအရင်း တရပ်ဖြစ်သည်။ ဥပမာနိုင်ငံ အုပ်ချုပ်ရေးစနစ်က ဆိုးရွား၍ မသမာမှုများ ထွန်းကားလျက် မသမာမှုများ ကောင်းစားနေသည်ကို ဇာတ်လိုက်က မိမိ၏ စွမ်းအားရှိသမျှ တိုက်ခိုက်တော်လှန် ရုန်းကန်သည်။ ပဋိပက္ခမှုသည် ပင်လျှင် ဇာတ်လမ်းအဖြစ်သို့ ရောက်သွားပေတော့သည်။ တဖန် နိုင်ငံအုပ်ချုပ်ပုံစံက မှုမှန်၏။ သို့သော် ထိုစနစ်ကို အလွဲသုံးစားနေသူများ ထိုစနစ်ကို သစ္စာဖေါက်နေသူများကို ဇာတ်လိုက်က တိုက်ခိုက်သည။ ယင်းသို့သော ပဋိပက္ခမှု သည်လည်း ဇာတ်လမ်းဖြစ်နိုင်သည်။ ထိုဇာတ်လမ်းမျိုးရှိသည့် ဝတ္ထုများကို နိုင်ငံရေးဝတ္ထုဟု ခေါ်ရပေမည်။

နိုင်ငံရေးဟုဆိုလျှင် ဝါဒရေးရာမပါ၍ မဖြစ်နိုင်ဟုဆိုပေမည်။ ဝါဒရေးရာပါရမည်ဆိုစေကာမူ ဝါဒကို နိုင်ငံရေးကြွေးကြော်သံများနှင့် ဗန်းစကားများဖြင့် ဝတ္ထုတွင် ဖော်ပြခြင်းသည် အနုပညာပျက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါဒကို လူ့စရိုက်လူ့သဘာဝတို့ဖြင့် သရုပ်ဖော်ပေးရမည်။

ဝါဒကို သရုပ်ဖော်သည်ဆိုရာ၌ ရှေ့ကပြဆိုခဲ့သည့်အတိုင်းပင် ဝါဒများတွင် တရားမျှတမှုကို ကိုးကွယ်သော ဝါဒနှင့်တရားမျှတမှု ကင်းမဲ့သော ဝါဒဟူ၍ အကျယ်အားဖြင့် ခွဲခြားနိုင်ရန်လိုအပ်သည်။ တရားမျှတမှုကို ကိုးကွယ်သော ဝါဒကို မည်သို့ပင် အမည်တပ်ထားစေကာမူ စာရေးဆရာသည် ဝါဒကိုသာ လက်ဝယ်ပြုရပေမည်။ ဝါဒကို အမည်တပ်၍ ဝါဒသဘောတရားကို အတုံးလိုက် အတစ်လိုက် ပေးခြင်းသည် အနုပညာ ကြိုးပမ်းမှု မဖြစ်နိုင်ချေ။ ရသစာပေတွင် တရားဟောစကားများဖြင့် လွှမ်းမိုးခြင်းကို မဆိုထားဘိ၊ အရိပ်အရောင်မျှပင် ထည့်သွင်းပေးအပ်ခြင်းကို မလိုလားသည့်အလျောက်(ဆိုကြပါစို့) ဆိုရှယ်လစ်ဝါဒအကြောင်းကို ပါတီကြေညာစာတမ်းမှ ဆွဲထုတ်သော သဘောတရားများကို မထည့်သွင်းပဲ ဆိုရှယ်လစ်ဝါဒကပေးသော စိတ်ထားကို အရင်းခံသည့် ပြုမူလှုပ်ရှားမှုတို့ကိုသာ ဖော်ပြအပ်လှပေသည်။

ဥပမာ အမျိုးသားစီးပွားရေးနှင့်ပတ်သက်၍ သရုပ်ဖော်လိုလျှင် ကျေးရွာများ၌ရှိသော လက်ရှိစီးပွားရေး အခြေအနေကို ရွာသူရွာသားတို့၏ အပြုအမူအပြောအဆိုတို့ဖြင့် ဖော်ပြပြီးလျှင်၊ ကြက်၊ ဝက်စသည်တို့ကို မွေးမြူလိုသော ဇာတ်လိုက်၏ ကြိုးပမ်းမှု၊ ရုန်းကန်မှုတို့ကို အပြုအမူ အပြောအဆိုတို့ဖြင့် ဖော်ပြနိုင်သည်။ ဇာတ်အင်အား၊ ဖွဲ့သတ္တိ ဆင်ခြင်မှု၊ စိတ်ရှည်မှု၊ ရွှင်လန်းသော ဘဝအဖြစ် စသည်တို့ကို အကြောင်း၊ အားလျော်စွာ ဖော်ပြကာ မိရိုးဖလာ အတွေးအခေါ်များကို တိုက်ခိုက်ရ





ပုံ၊ ထိုအတွေးအခေါ်များ ပတ်ခြုံနေသည့် ဘဝအခြေအနေ၊ ရုန်းကန်ရပုံတို့ကို အလျဉ်းသင့်သလို၊ ဖော်ထုတ်၍ ပြရပေလိမ့်မည်။

တဖြည်းဖြည်း ပြောင်းလဲလျက်ရှိသော အခြေအနေတို့က ပေးသော (ပေးနိုင်ဘွယ်အကြောင်းလမ်းရှိသော) ပြုမူဆောင်ရွက်ချက်များကိုသာဖော်ပြရပေမည်။ ယင်းသို့ဖော်ပြရာ၌ စိတ်ကူးလွန်ကာ မဖြစ်နိုင်သော အဖြစ်မျိုး၊ မဖြစ်နိုင်သေးသော အဖြစ်မျိုးသို့ မရောက်မိအောင် အထူးထိန်းသိမ်း၍ရေးရပေလိမ့်မည်။ ဝါဒကို သရုပ်ဖော်ရခြင်းမှာ အလွန်ခဲခက်သော အလုပ်ဖြစ်သည်။ ဝါဒဖြန့်စာတမ်း အဖြစ်သို့ လျှောမကျစေအောင် ထိန်းချုပ်တတ်ရပေမည်။ အနုပညာသဘောသက်ရောက်မှုကို အထူးသတိပြု၍ ခံယူရမည်။

တရုတ်နိုင်ငံ၊ ဆိုဗီယက်နိုင်ငံများတွင် လွန်ခဲ့သည့်နှစ်များကပေါ်ထွက်လာသော ဝတ္ထုစသည့် ရသစာပေဟုခေါ်ခဲ့သော စာပေအချို့ကို သူတို့စာရေးဆရာကြီးများ၊ စာပေပညာရှိကြီးများကပင်မဟန်လှသေးဟုဆိုကြသည်။ ပါတီဆောင်ရွက်မှု၊ ပါတီအတွင်းရေးမှူးစီမံမှုတို့ကိုသာ ဖော်ပြပြီးလျှင် ပါတီကလုပ်သမျှ အကောင်း၊ ပါတီအတွင်းရေးမှူးကပြောသမျှ အမှန်ဟူသော အစွဲကို အခြေတည်၍ ရေးထားသဖြင့် သရုပ်ပျက်သည်။ ရသမမြောက်တော့ချေ။ ယခုဆိုဗီယက်စာရေးဆရာတို့သည် "လူ့ဝါဒ(**Humanism**)ကို ပြန်လည်ဖော်ထုတ်လာကြသည်။ လူ၏စိတ်နေ စိတ်ထား၊ စိတ်ဓါတ်၊ စိတ်အာရုံတို့ကို ပဓါနပြုမှသည် ရသစာပေပြုစုရာ၌ အရေးပါလှကြောင်း ဝန်ခံပြောဆိုပြလေပြီ။ နိုင်ငံရေးဝတ္ထုအစစ်ဖြစ်သော လူမှုရေးအခြေခံ၍ ခေတ်ကိုရောင်ပြန်ဟပ်သော ဝတ္ထုမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်၍ ရေးလာကြလေပြီ။ ဝါဒဖြန့်ဝတ္ထုမျိုး ဆိတ်သုဉ်းလျက်ရှိချေပြီ။

၁၉၅၇-ခုနှစ် နိုဗလ်ကမ္ဘာ့စာပေဆု ချီးမြှင့်ခြင်းခံရသော ပြင်သစ် စာရေးဆရာကြီး၊ အဲလ်ဘတ်ကမူးက ဆုလက်ခံရာတွင် ပြောသောစကား၌ စာရေးဆရာ၌ တာဝန်ကြီး ၂-ရပ်ရှိကြောင်းဆိုလေသည်။ ထိုတာဝန်ကြီးများမှာ"အမှန်တရားထဲတွင် အမှုထမ်းခြင်းနှင့် လွတ်လပ်မှုထဲတွင် အမှုထမ်းခြင်း"ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စာရေးဆရာ၏ အလုပ်သည် တတ်နိုင်သမျှ လူအများဆုံး စုပေါင်းပေးရန် ဖြစ်သည်။ စာရေးဆရာသည် လူချင်းသွေးကွဲ၍ တကွဲတပြားစီဖြစ်စေသည့် တရားမမျှတမှုနှင့် ကျေးကျွန်စံနစ်ကို လက်မခံနိုင်။ ကျွန်ုပ်တို့၌ ပုဂ္ဂိုလ်အနေအားဖြင့် ချွတ်ယွင်းချက် ၊ချို့တဲ့မှုများစွာရှိစေကာမူ ၊ကျွန်ုပ်တို့၏၊ မွန်မြတ်သော လုပ်ငန်းသည် ခက်ခဲကြီးလေးလှသော တာဝန်ကြီး ၂-ခု၌ ၊ အမြစ် တွယ်လျက်ရှိသည်။ယင်းတို့သည်ကား၊လိမ်လည်ညာဝါးမှုကို ငြင်းပယ် ခြင်းနှင့် အတိုက်အခံကို ခုခံခြင်းတို့ပင်ဖြစ်ပေသည်။

၁၉၅၈-ခုနှစ်တွင် နိုဗဲလ်ကမ္ဘာ့စာပေဆုကို ဆွတ်ခူးခဲ့သော ၊ ရုရှ စာရေးဆရာကြီး ဘောရစ်ပတ်စတားနက်က "စာရေးဆရာသည် ကွန်မြူနစ်ထဲ၌သော်လည်းကောင်း၊ အရင်းရှင်ထဲ၌သော်လည်းကောင်း၊ အမှုထမ်းရန်မဟုတ်။ သူ၏တာဝန်မှာ ဘဝ၏အသံကို နားစွင့်၍ အကောင်းအမှန်အလှတို့ကို ရှုရန်သာဖြစ်သည်"ဟု ဆိုလေသည်။

စာရေးဆရာသည် နိုင်ငံရေးသမားများ၏ ဆောင်ရွက်မှု ထက်ပို၍ မြင့်မြတ်သော(ကမ္ဘာ့သူကမ္ဘာ့သား)လူသားတို့၏ အရေးကို





ဆောင်ရွက်ရသည့် ပုဂ္ဂိုလ်ဖြစ်သဖြင့် ပါတီတခုခုကိုဝင်၍ ထိုပါတီ၏ ဩဇာခံအဖြစ်နှင့် နေ၍ မရနိုင်။ သူသည် နိုင်ငံရေးကို ဆောင်ရွက်၏။ သို့သော် ပါတီအကျိုးကိုမဆောင်၊ ပါတီ၏နောက်လိုက်မဟုတ်။ သူသည် အဲလ်ဘတ်ကမူးဆိုသည့် အတိုင်းပင် အမှန်တရား၏ အမှုထမ်းပင်ဖြစ်သည်။ ပါတီစည်းကမ်းချက်အရ ပါတီက လုပ်သမျှကို ထောက်ခံရမည်ဟူသော ချုပ်ချယ်မှုကို မလိုလားဘဲ မည်သူပင်ဖြစ်စေ အမှန်ကိုပင်လျှင် ထောက်ခံမည်။ မတရားလျှင် မည်သူကိုမျှ မထောက်ထားပဲ ကန့်ကွက်မည်ဟူသော လွတ်လပ်မှုစိတ်ဓါတ်ကို လက်ဝယ်ထားပေသည်။

လူ့အဖွဲ့အစည်း၏ ပြုလုပ်ဆောင်ရွက်မှုတို့သည် နိုင်ငံရေးပင်ဖြစ်၏။ ထို့ကြောင့် လူ၌ နိုင်ငံရေးမကင်းနိုင်။ လူသားတို့၏ ဖြစ်ကြောင်းစဉ်ကို သရုပ်ဖေါ်သော စာ၌ နိုင်ငံရေးပါရပေမည်။ သို့ရာတွင် ရသစာပေ၌ပါသော နိုင်ငံရေးသည် သန့်စင်မွန်မြတ်လှပေသည်။

စာရေးဆရာကြီး၊ဆရာတက်တိုး၏ " . . . . နှင့်စာပေ" ဟူသော၊ စာအုပ်ထဲမှ၊ "နိုင်ငံရေးနှင့်စာပေ"ဟူသည့်၊ ဆောင်းပါးကို၊ ရန်မျိုးအောင် က၊ မြရည်နွယ်ကို၊ အသံထွက်ဖတ်ပြနေခြင်းဖြစ်၏။ ဆောင်းပါး အဆုံးသတ်ခါနီးတွင်၊ ညီညီလှိုင် ရောက်လာသည်။ ပြီးမှ၊ သူ့အနီးမှာထိုင်ကာ . . .

"ဒီကောင်၊ သမီးကို၊ ဘာတွေပို့ချနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



. . . ၊ မေး၏။

ညီညီလှိုင် အမေးကို၊ သူ မဖြေခင်၊ ရန်မျိုးအောင်က၊ ဖတ်ပြပြီး သော စာအုပ်ကို၊ ရှိသေစွာ ဖုံးပိတ်ပြီး -

"ရသ, စာပေတွေ၊ လူ အဖတ်နည်းတာ၊ စာရေးဆရာတွေက၊ ကိုယ့်စာ ကိုယ်မရေးဘဲ၊ နိုင်ငံရေးထဲဝင်ဝင်ပါနေ. . လို့ပါ . . ဆိုတဲ့၊ မလောက်လေး မလောက်စား၊ ထင်မြင်ချက် လေးတစ်ခုကို၊ သမီး မြရည်နွယ်က၊ တစ်နေရာက ကြားခဲ့ရလို့ . . . တဲ့။

အဲဒီ ထင်မြင်ချက်ကို၊ သူကန့်ကွက်ချင်လို့ . . . တဲ့။သူ့ ဦးနှောင်ဆီမှာ၊ လာ. . အကူအညီ တောင်းတာ။ သူ့ဦးနှောင်က၊ ငါ့ဆီ ဖုန်းဆက်ခိုင်း လိုက်တယ်လေ။

ဖုန်းထဲက ပြောပြနေရင်၊ ငါ့ အာဘော် ပါသွားမှာစိုးလို့၊ ငါ. . လေးစားရတဲ့ ဆရာကြီးရဲ့ စာအုပ်ကို ယူလာပြီး၊ ဒီအတိုင်း ဖတ်ပြလိုက်တာ ပဲ"





"သမီးက၊ ဘာဖြစ်လို့၊ ကန့်ကွက်ချင်ရတာလဲ။ ပြောတဲ့ သူက သူ. . သိသလောက်၊ သူ့ဘာသာပြောပါစေ။ ဘယ်သူ ဘာပြောပြော၊ စစ်မှန်ရင်၊ တင်ကျန်ခဲ့မှာပဲ သမီးရဲ့၊ တကူးတက၊ ကန့်ကွက်မနေပါနဲ့" . . ဟု၊ ညီညီလှိုင်က၊ မြရည်နွယ်ကို၊ ပြောပြ၏။

"ကျောင်းသား၊ ပညာရေးသပိတ်တပ်ဦး၊ လက်ပံတန်းမှာ၊ ပိတ်မိနေတယ်လေ။ အဲဒီ နေရာကို၊ စာနာစိတ်ရှိတဲ့ လူတိုင်း၊ သွားပြီး အားပေးကူညီနေကြတာ၊ အားလုံးအသိပဲ။

ခေတ်အဆက်ဆက်၊ နိုင်ငံရေးကိစ္စတိုင်းမှာ၊ ကဗျာဆရာတွေ. . စာရေး ဆရာတွေလည်း၊ အများနည်းတူ ပါဝင်ခဲ့ကြတာ ၊ သမီးလို အသက် အရွယ်နဲ့တောင် မှတ်သားကြားနာဖူးပါလျက်နဲ့။

စာရေးဆရာတွေ၊ ကိုယ့်စာကိုယ်မရေးလို့၊ ရသ,စာပေတွေ၊ လူအဖတ်နည်းသွားတယ်. . . ဆိုတာမျိုးကြီး၊ သုံးသပ်တာကျတော့၊ သမိုင်း အဆစ် အဖြုတ်ခံထားရတဲ့၊ ဦးနှောက်မျိုးပဲ။

အဲဒီလို အဆင့်မျိုးကို ၊သွားကန့်ကွက်ဖို့ ရယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ ဦးမျိုးတို့၊ ဦးညီတို့၊ ဦးနောင်တို့လို၊ လူကြီးတွေနဲ့ သုံးသပ်ချက်ကို၊ ပိုပြီး သိချင်တာ”

ရန်မျိုးအောင်က . . .

“ငါကလည်း၊ လူလည်းပဲ၊ ဆရာကြီး ဆောင်းပါးကိုပဲ၊ ဖတ်ပြလိုက်တာပေါ့။ . . .”

မြရည်နွယ်က. .

“ဦးနောင်၊ ဒီတစ်ခေါက်လက်ပံတန်း သွားရင်၊ သမီးလည်း လိုက်ပါရစေ”

“မလိုက်စေချင်ဘူး သမီးရယ်။ ဦးနောင်တို့ သွားတာက၊ထင်ရှားတဲ့၊ ကျောင်းသားခေါင်းဆောင် တွေ၊ အဲဒီကို၊ မရောက်ဖြစ်ကြဘူးထင်လို့၊ သွားတာ ပါ။

အားပေး အားမြှောက်သွားလုပ်တာလည်း၊ မဟုတ်ဘူး၊ အန္တရာယ်ကြုံကြမှာစိုးလို့၊ အခြေအနေ သွားကြည့်ကြတာပါ။

ဒီမိုကရေစီ ဖော်ဆောင်နေပါတယ်ဆိုတဲ့၊ စစ်သားလူထွက် အစိုးရက၊ ဒီမိုကရေစီ နည်းလမ်း





ကျကျ၊ ဆောင်ရွက်ဖြေရှင်းပါ့မလားလို့၊ စိတ်ပူပြီး၊ သတင်းသွားမေးရုံပါ။

လိုအပ်တာတွေ ဘာတွေအတွက်၊ လူကြုံနဲ့ လှူလိုက်တဲ့ အလှူငွေလေး ဘာလေး သွားပေး တာပေါ့”

မြရည်နွယ်က၊ အားရဝမ်းသာဖြင့်-

“ဟာ၊ သမီးလည်း၊ အလှူငွေ သွားပေးမယ် လေ။ ဦးနောင်တို့နဲ့ မလိုက်ရရင်၊ ကိုယ့်ဘာသာ သွားပေးမယ်’

သူ. . . သက်ပြင်းချလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

ညီညီလှိုင်နှင့်ရန်မျိုးအောင်တို့ကိုပါ၊ သူအဖော်ခေါ်ခဲ့သည်။ ကားမောင်းသူက မြရည်နွယ်။

မြရည်နွယ်ကို တစ်ယောက်တည်း အိမ်ပြန်ခွင့် မပြုချင်တော့သဖြင့်၊ သူတို့အားလုံး အိမ်အလည်လိုက်မည်ဟု ဥပါယ်တမျဉ်ဆိုရသည်။ မြရည်နွယ်က၊ကားကို ငြိမ်စွာမောင်းရင်း . . .

"ဦးနောင်၊ သမီးတို့အစိုးရအဆက်ဆက်က၊ လူထုအုံကြွမှု တစ်ခုခုဖြစ်တိုင်း၊ ကွန်မြူနစ်တွေ၊ ကြိုးကိုင်တယ်တို့ ၊ ကွန်မြူနစ်တွေ . . တို့၊ အဲဒီလို ဘာဖြစ်လို့၊ ဝါဒဖြန့်ရတာလဲဟင်"

"ကွန်မြူနစ်ကို ကြောက်လို့နေမှာပေါ့" . . ဟုသူဖြေ၏။

"ကွန်မြူနစ်ဆိုတဲ့လူတွေကရော ၊ အဲဒီလို ကြိုးကိုင်တဲ့အလုပ်ပဲ လုပ်နိုင်တာလား။

ဟိုလေ . . ၊ သမီးမေးချင်တာက၊ အခုဆို . .





နှစ်ထောင့်ဆယ့်ငါးခုနှစ် ရွေးကောက်ပွဲ . . ဘာ . . ညာ။

အဲ့ဒါမျိုးမှာ . . ၊ ဝင်ပြိုင်ဖို့ ၊ ကွန်မြူနစ်ပါတီဆိုပြီး၊ တရားဝင်၊ ပါတီမထောင်ဘူးလား။ ထောင်ခွင့်မရှိဘူးလား။နောက်ပြီး . . မြန်မာပြည်က ၊ ကွန်မြူနစ်ဟောင်းတချို့က၊ဝါဒမတူတဲ့ ၊ အမေရိကန်နိုင်ငံမှာ၊သွားနေကြတယ်ဆို။

ကွန်မြူနစ်ဖြစ်ပြီး ၊ ဝါဒမတူတဲ့နိုင်ငံမှာသွားနေကြတာ၊ အဲ့ဒါရော၊ မှန်ရဲ့လား။အမှန်ပဲလား။

နောက်ပြီး ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကရော၊လက်နက်မကိုင်ဘဲ တရားဝင် ပါတီထောင်ပြီး ၊ ရွေးကောက်ပွဲဝင်ပြိုင်လို့မရဘူးလား။ လက်နက်ပဲ ကိုင်ချင်နေကြတာလား။

အစိုးရဘက်က,ရော ၊ အဲဒီ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့၊ စစ်မတိုက်ဘဲ၊ တန်းတူညီမျှတဲ့၊ အပေးအယူတွေ၊ ဘာဖြစ်လို့၊ မလုပ်နိုင်တာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



''မိုးရိုင်းလို့
မြေရိုင်းတယ်
မြေရိုင်းလို့
ပန်းရိုင်းတယ်
ရေရိုင်း၊ မြေရိုင်း
မချိမတိုင်းကို အလှဆင်ဖို့
ငါတို့ အတူ လက်တွဲကာ
ရဲရဲရင့်ရင့် ဖူးပွင့်လိုက်မည်
အို . . . တောရိုင်းနှင်းဆီ"

သူ့အနောက်တည့်တည့်တွင် ထိုင်သော၊ ညီညီလှိုင်က၊ မိုးသီးဇွန်၏"တောရိုင်းနှင်းဆီ" ကဗျာ ဒုတိယအပိုဒ်ကို၊ ရွတ်တရက် ရွတ်ဆိုလိုက်လေ၏။

ညီညီလှိုင့် နံဘေးရှိ၊ ရန်မျိုးအောင်က,လည်း၊ အားကျမခံ၊ မိုးသီးဇွန်၏"သွေးမော်ကွန်း"ကဗျာကို၊ ရွတ်လေသည်။

"သမိုင်းသစ်ရေး
ငါတို့သွေးကို
ထုံးဖြူဆေးသုံး





ဖျောက်ဖျက်ဖုံးလည်း
မဆုံးကမ္ဘာ တည်လိမ့်မည်"

ကဗျာရွတ်သံ ပြီးဆုံးသောအခါ၊ မြရည်နွယ်က,

"ထုံးဖြူဆေးသုံးဆိုတာ၊ ဘာကိုပြောတာလဲ ဦးနောင်"

"ကဗျာရေးတဲ့သူက၊ သူ့ နိမိတ်ပုံနဲ့သူ၊ သူအဓိပ္ပာယ်နဲ့သူ၊ ရေးထားတာကို၊ ဦးနောင် အထင်နဲ့၊ သုံးသပ်ဖို့ မကောင်းဘူး။

ဒါပေမဲ့. . . သမိုင်း မမေ့ခင်ကာလ, ၁၉၈၈ . . အလွန်၊ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးအပြီး၊ စစ်တပ်အာဏာသိမ်းတော့။ တစ်နိုင်ငံလုံး၊ အိမ်ရဲ့ ဝင်းထရံ၊ သစ်ပင်၊ ဓာတ်တိုင်၊ ရေတိုင်ကီပါမကျန်၊ စစ်အစိုးရက၊ ထုံးသုတ်ခိုင်းဖူးတယ်။ အဲဒါကို၊ ရည်ရွယ်တာ နေမှာပေါ့"

"ဪ. . ။အင်း. . ။ ထုံးသုတ်ခိုင်းတယ်ဆိုတာ၊ သမီးကြားဖူးတယ်။

ရှစ်လေးလုံးအပါအဝင်၊ လူထုအုံကြွမှုနဲ့



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းသွေးစက်တွေကို၊ ထုံးသုတ် ဖုံးအုပ်လို့ မရဘူးဟေ့ဆိုတဲ့၊ အမိပွါယ်ဖြစ်မယ်နော် ဦးနောင်"

"ဟုတ်မှာပေါ့"

"တစ်နိုင်ငံလုံးကို၊ ထောင်ချပစ်မယ်ဆိုတဲ့၊ အဓိပ္ပါယ်နဲ့၊ ထောင်နဲ့ နံတူတဲ့၊ ထုံးနဲ့၊အိမ်တိုင်း၊ ဒေသတိုင်း၊မသုတ်မနေရသုတ်ခိုင်းပြီး၊ ယကြာချေတာလေ။တစ်နိုင်ငံလုံး ထောင်ထဲရောက်သွား သံလိုမျိုး၊ထုံးထဲရောက်သွားတဲ့ ၊ ခေတ်ကို ဆင်တာ"

"ဟုတ်ပါ့မလားကွာ။ တိုင်းပြည်ဦးဆောင်မယ့်လူတွေက၊ အဲဒီလိုပေါ်တောတော အလုပ်၊ လုပ်ပါ့မလား"

သူ. . နောက်ကြည့်မှန်မှ တစ်ဆင့်၊ ရန်မျိုးအောင်ကို လှမ်းကြည့်ကာ မေး၏။"ဒါ့ထက်တောင်ပေါ်သေး . . ဒါ့ထက်တောင်ပေါ်သေး". . ဟု၊ ညီညီလှိုင် ဝင်ပြော၏။ရန်မျိုးအောင်က . .

"ကိုး နဝင်း ဖြစ်ချင်လွန်းလို့၊ ဝိုင်းမြှင့် ဆိုပြီး၊ လမ်းလေးဆုံ အဝိုင်းတွေကို၊ မြှင့်ပစ်လိုက်တာလေ။





အင်္ဂါသမီးကို အုပ်ထားချင်ဖိထားချင်လို့၊ အင်္ဂါနံပါတဲ့အုပ်၊ ဆွမ်းအုပ်ကိုပဲ၊ မြှင့်မယ့် အဓိပ္ပါယ်နဲ့၊ မြှင့်ထားတဲ့အဝိုင်းရဲ့၊အလယ်တည့်တည့်မှာ၊ ဆွမ်းအုပ်ပုံကြီးလုပ်ထားတာလေ။

ကြက်ဆူပင်ကိစ္စဆို၊ တစ်နိုင်ငံလုံးသိပြီးသားမို့၊ ထည့်မပြောတော့ဘူး။

ရွှေဝါရောင် တော်လှန်ရေး ပြီးတော့လည်း၊ သံဃာအရောင်၊ လိမ္မော်ရောင်၊ သင်္ကန်းရောင် ဆေးတွေကို၊ ဆိုက်ကယ်တွေမှာ သုတ်ပြီး ခွစီးကြသေးတယ်။

စစ်တပ်နဲ့ နံတူတဲ့၊ စေတီပြင်တယ်လေ။ ကက်ကင်းဖြစ်အောင်၊ တန်ဆောင်းပြင်တယ်လေ။

စစ်တပ်နဲ့ နံတူတဲ့၊ စွယ်တော်စေတီနားမှာ၊ စွယ်တော်ပင်တွေ စိုက်တယ်လေ။

ရွှေတိဂုံစေတီရင်ပြင်ပေါ်မှာတောင်၊ သီဟိုဠ်က သရက်ဆိုပြီး သံတိုင်ကြီးတွေ ကာပြီး၊ စိုက်ထားဖူးသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



သီဟိုဠ်က သရက်ဆိုတော့ ဘယ်အရှူးရဲ့
ခတ်တွန့်တူ လာလုပ်သလဲ မသိပါဘူး။
အခု ပြောတာတွေ အကုန်လုံး၊ ငါ. . .
ရမ်းပြောတာ မဟုတ်ဘူးလို့၊ မင်း မထင်နဲ့။
ဟားဟားဟား"

"မင်းနဲ့ ကိုဗဟိန်းအောင်နဲ့၊ တောင်ငူထောင်မှာ ဆိုခဲ့ကြတဲ့၊ တောရိုင်းနှင်းဆီသီချင်း။ သမီးကို၊ ဆိုပြလိုက်စမ်းပါဦး". . ဟု၊ ညီညီလှိုင်ကို၊ သူ. . လှည့်ကြည်တောင်းဆို၏။

"အေး၊ ဆိုပြမယ်". . ဟု၊ ညီညီလှိုင်ပြောပြီး နှုတ်ပြင်စဉ်၊ ရန်မျိုးအောင်က-

"အဲဒါ ကိုမိုးသီးဇွန်ကဗျာကို ဆိုကြတာ
မဟုတ်လား"

"ဟုတ်တယ်။ ကိုဗဟိန်းအောင်တဖြစ်လဲ၊
ကိုဇော်သက်ထွေးက၊ စာသားစီတာပေါ့ကွာ။ ငါက. .
သံစဉ်ထည့်တာ"

ပြောပြီး၊ ညီညီလှိုင်က၊ ပါးစပ်တီးလုံးဖြင့်၊ သီချင်းကို စ၊ တင်၏။





"ဂန္ဓဝင်ဆန်သော ခြေလှမ်းများဖြင့်၊ သူဖြတ်သန်းခဲ့သည် ၊ သင်ဖန်တီးသော ရာဇဝင်ဟာ လင်းလက်ထိန်ညီး . . . .

ရာဇဝင်ဟာ တသိမ့်သိမ့်တုန် ကျန်ရစ်ခဲ့ပြီ xxx အို xxx အို xxx တောရိုင်းနှင်းဆီ xxx

မြို့ပြကို ရဲတင်းစွာ စွန့်လွှတ်လို့ သွားခဲ့ပြီ xxလေxxသမိုင်းကြောက်ကို ၊ရဲရင့်စွာ၊ စွန့်လွှတ်လို့ ထွက်ခဲ့ပြီလေ xx

သင်သယ်ဆောင်ရာ xx သံလွင်ခက်ဟာ xxခရီးအဆုံးသို့ရောက်လုပြီ xx အို xx တောရိုင်းနှင်းဆီ xxx အို၊ တောရိုင်းနှင်းဆီ xxx အို xx တောရိုင်းနှင်းဆီ xx

မရှိမတိုင်း အလှဆင်ပါတော့ xxx အို xxx ခတောရိုင်းနှင်းဆီ xx ရဲရဲဝံ့ဝံ့ လှမ်းလာခဲ့တော့

အို . . တောရိုင်းနှင်းဆီ
အို . . တောရိုင်းနှင်းဆီ
အို . . တောရိုင်းနှင်းဆီ"



www.burmeseclassic.com

www.burmeseclassic.com



ညီညီလှိုင်၏၊ ပါးစပ်တီးလုံး အဆုံးသတ်သည့်အခါ၊

မြရည်နွယ်က - "ခုနက၊ သမီးမေးထားတာကို၊ ဦးနောင်တို့ မဖြေကြဘူးနော်။ ကွန်မြူနစ်ပါတီဆိုတာကြီးက၊ ကြီးပဲ ကိုင်တတ်သလား. . . ဆိုတာလေ။

ကွန်မြူနစ်ပါတီက,ရော . . တိုင်းရင်းသား လက်နက်ကိုင်တွေက, ရော၊ ရွေးကောက်ပွဲဝင်လို့ မရကြဘူးလားဆိုတာလေ. . .။ မဖြေချင်လို့၊ စကားလမ်းကြောင်းလွှဲနေကြတာ၊ သမီးသိတယ် နော်"

နေမြတ်နောင်က-

"မဖြေချင်လို့ မဟုတ်ပါဘူးသမီးရယ်။ ရှုပ်ထွေးလွန်းလို့၊ မဖြေတာပါ။

ဒီမိုကရေစီဆိုတာ၊ အလုံးစုံငြိမ်းချမ်းတဲ့ အခြေအနေမျိုးမှာ၊ ဖော်ဆောင်ရတာ၊ ပိုပြီး ခရီး ရောက်တယ်ဆိုတာ၊ သိကြပါလျက်နဲ့၊ ငြိမ်းချမ်းရေး ကိုတောင် မဖော်ဆောင်နိုင်ကြသေးတဲ့ အခြေ အနေမှာ၊ သမီးကို ရှင်းပြဖို့၊ တော်တော်ခက်တယ်။





ဦးနောင်တို့က၊ သမီးသိချင်သလောက်၊ မသိဘူး။ ဦးနောင်တို့ သိတဲ့ နိုင်ငံရေးက၊ လူသား ကို၊ လူသားဆန်ဆန်ပဲ အုပ်ချုပ်စေချင်တဲ့ ဆန္ဒ တစ်ခုတည်းပဲ။ ဘယ်သူကပဲ ဖြစ်ဖြစ်၊ ဘယ်သူ့ ကိုပဲဖြစ်ဖြစ်။ လက်နက်အားကိုးနဲ့ ဗိုလ်ကျ စိုးမိုး၊ အုပ်ချုပ်တာကို၊ မနှစ်သက်တဲ့ နိုင်ငံရေးပဲ။

စစ်တပ်ကြီးက၊ နေရာတကာ၊ ကားကား ကားကားနဲ့၊ ဝင်ဝင်ပါနေရလောက်အောင်၊ တို့နိုင်ငံ စရိုက်ဆိုးနေ၊ ကြမ်းနေကြပြီလားလို့၊တွေးတွေးပြီး၊ စိတ်မကောင်း ဖြစ်နေတတ်တဲ့၊ နိုင်ငံရေး သဘော ထားလေး။ ဒါလေးပဲ၊ ဦးနောင်တို့ သိတာပါ"

မြရည်နွယ်က၊ ကားကို အရှိန်နှေးစေကာ-

"သမီး အထင်တော့၊ အတ္တကိုယ်စီနဲ့၊ ပုံဖော် နေကြရင်၊ အလုံးစုံငြိမ်းချမ်းဖို့၊ မလွယ်ဘူး။

ဒါ. . ငါ့ဒေသ၊ ဒါငါ့ဟာ၊ ဒါ. . ငါ့လူမျိုး၊ ဒါ. . ငါ့အခွင့်အရေး. . ဆိုတာမျိုးတွေ၊ များနေ မှာ စိုးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ . . အချစ်ကြောင့်ပဲ"

ရန်မျိုးအောင်က၊ ကျယ်လောင်သော အသံဖြင့်၊ စကားဝင်ဖြတ်၏။ "ဘာတိုလဲ ဦးမျိုးရဲ့" . . ဟု၊ မြရည်နွယ်က၊ နောက်ကြည့်မှန်မှ တစ်ချက်ကြည့်ကာ၊ လှမ်းမေးလေ၏။

"အတိုက်အခံတွေ ဖြစ်နေကြတာ၊ မငြိမ်းချမ်းကြတာ၊ စစ်တွေဖြစ်နေကြတာ၊ ကမ္ဘာတစ်ဝှမ်း။အဲဒါတွေအားလုံးရဲ့၊ အရင်းအမြစ်က၊ အတ္တစိတ်နဲ့ချစ်တဲ့ အချစ်ကြောင့် . . . လို့၊ ပြောပြတာ"

မြရည်နွယ်က၊ ပြုံးလျက်,

"ဒါဆို။ အချစ်က အတ္တတစ်ခုပေါ့။ အဲဒီလိုကြီးလား"

"အင်း။ ဟုတ်တယ်။ အချစ်ကြောင့်၊ ငိုကြ၊ ရှိုက်ကြ၊တိုက်ကြ၊ ခိုက်ကြ၊ ဒဏ်ရာတွေ ဗလပွ။

အမယ်. . . အဲဒါလေးတွေနဲ့မှပဲ၊ နေသာထိုင်သာ၊ရှိနေကြသလိုလို။တကယ်တော့၊ အချစ်ဆိုတဲ့ကောင်က ၊ တစ် လောက,လုံးကို ၊ ပုံစံ





အမျိုးမျိုးဖြစ်အောင်၊ မွှေနှောက်နေတာ။ အဲဒီ

အမွှေအနှောက်ထဲမှာ၊အတ္တလေးပါ၊အဖော်

ခေါ်လာတော့၊ လောင်လိုက် ကြတာလေ။

မီးတွေ . . အနံ့အပြား"

ရန်မျိုးအောင်က၊ "အချစ်ဆိုတဲ့ ကိုယ်တော်ချော" ခေါင်းစဉ် ဖြင့်, ကဗျာတစ်ပုဒ် ရွတ်ပြပြန်၏။

" . . , "အချစ်ဆိုတဲ့ ကိုယ်တော်ချော"

ချစ်မက်စရာ အမျှင်အတန်းထဲမှာ

ဝင်ငြွေးဆိုတာ တကယ်ပါခဲ့တာမှန်ရင်

မျက်ရည်မိုးသွန်းဖြိုးပါလေရော။

နေရောင်ပါးပါးလေးနဲ့မှ သက်တံလေးက

ပိုလှတယ်။ ။ . . "

ကဗျာအဆုံးတွင်၊ ခဏရပ်သည်။ ပြီးမှ၊ စကားဆက်၏။

"ဒါ . . ငါ့လူမျိုး၊ ဒါ . . ငါ့နိုင်ငံတော်၊ ဒါ, ငါ . . ငါ့ဇာတိမြေ . . ဆိုတဲ့၊ ဆန္ဒဇောတွေမပါဘဲ၊ ချစ်လို့မရသလိုလို။ အချစ်က, လှည်စားထားတာပဲ တယ် . . သမီးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမှ၊ မအော်မဟစ်တတ်ရင်ဘဲ၊ လူမျိုး၊ ဇာတ်ကို၊မချစ်တတ်သယောင်ယောင်။ ထင်ယောင်ထင်မှားဖြစ်အောင်၊ အချစ်မှာ အတ္တ ဝင်ပူးထားတတ်တယ်။အဲဒီ အပူးအကပ်တွေနဲ့၊ ဖွဲ့စည်းတည်ဆောက်မယ့်။ ဘယ်လူ့အဖွဲ့အစည်းမဆို။ အလုံးစုံ မငြိမ်းချမ်းနိုင်ဘူး။ ချစ်သူရည်စား၊ လင်မယား၊ မိသားစု၊ဆွေမျိုးမိတ်သင်္ဂဟ၊ဘယ်လူ့အဖွဲ့အစည်းမှာမဆို၊ အတ္တနဲ့ ချစ်ရင်. . မီးက,တော့ အနည်းနဲ့ အများလောင်နေမှာပဲ။

ခန္ဓာကိုယ်ကြီး မီးဟုန်းဟုန်းထ,တောက်မှ၊ လောင်တယ် ထင်နေကြတာလေ။ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျနေကြတာ၊ ဆန္ဒဇောတွေ ပြင်းထန်နေကြတာ၊ အားလုံး၊ အဲဒါမီးလောင်နေကြတာပဲ"

ချစ်တဲ့စိတ်နဲ့ လောင်နေကြတော့ လောင်မှန်းကို မသိကြဘူး။

သမီးအသက်အရွယ်လောက်ကို၊ အဲဒီ





သဘောတရားမျိုးတွေနဲ့၊ ချဉ်းကပ်ဖြေရှင်းပြမှ၊ မလွယ်ကူလွန်းလို့၊ ဦးမျိုးတို့ သုံးယောက်၊ စကားလွှဲနေကြတာ သမီးရေ . . ."

"သိသားပဲ". . ဟု၊ မြရည်နွယ် ပြုံးလျက်ပြော၏။

"တော်လိုက်တာ". . ဟု၊ ညီညီလှိုင် လှမ်းနောက်သည်။

ဩ

အိမ်ဝင်းတံခါးကို အိမ်အကူလုပ်သားက တွန်းဖွင့်အပေးတွင်၊အိမ်၏ ဆင်ဝင်အောက်၌၊ ရပ်စောင့်နေသော၊ စိမ်းမြရည်ကို၊ တွေ့ကြရ၏။

ဩဩဩ



www.burmeseclassic.com

www.burmeseclassic.com

(၂၀)

ပညာရေးသပိတ်တပ်ဦးရှိရာ၊ လက်ပံ တန်းမြို့သို့ တစ်ယောက်တည်း မသွားစေချင်ရင်၊ လိုက်ပို့ကြရမယ် . . ဟု၊ မြရည်နွယ်၊ အကြပ်ကိုင်သဖြင့်၊ ညီညီလှိုင် ရန်မျိုးအောင် နှင့်အတူ၊ စိမ်းမြရည်ကိုပါ အပါခေါ်လျက်၊ မြရည်နွယ်ကို၊ လိုက်ပို့ ကြ၏။

ဆန္ဒပြ သပိတ်မှောက်ကျောင်းသား၊ ကျောင်းသူများကို၊ ရဲဝန်ထမ်းအမြောက်အများက ပိတ်ဆို့ထားသည်။ ထိုရဲဝန်ထမ်းများကို၊ ဒေသ,နေ ပြည်သူအများက၊ ထပ်မံဝန်းရံထားကြ၏။

ကျောင်းသား ကျောင်းသူများရှိရာသို့ ဝင်ရောက်ဖို့ရာ၊ ရန်မျိုးအောင်က၊ 10-D က၊ ကိုအေးသိန်း[(စာရေးဆရာ မောင်ညိုအေး-ပန်းတော)]ကို ၊ဖုန်းဖြင့် ဆက်သွယ် အကူအညီ တောင်းသည်။ မောင်ညိုအေး(ပန်းတော)က. . . , ဦးဆောင်သူ ကျောင်းသား၊ ကျောင်းသူများနှင့် သူတို့ကို၊မိတ်ဆက်ပေးသည်။ စိမ်းမြရည်နှင့် မြရည်နွယ်တို့က၊ ကျောင်းသူ မဖြိုးဖြိုးအောင်ကို၊





အလှူငွေပေးအပ်၏။

တဲ့ကဲ့တောက်နေပူထဲရှိ၊ ရဲရဲတောက် ခွပ်ဒေါင်း အလံတော်များ၊ထိုအလံတော်အောက်ရှိကျောင်းသားကျောင်းသူများ၊ထိုကျောင်းသား ကျောင်းသူတို့၏ ဟောပြောမှုများ၊ ယင်းဒေသ၏ ပြည်သူလူထုက၊ ကျောင်းသား ကျောင်းသူတို့ကို၊ စောင့်ရှောက် ကာကွယ်ပေးမှုများအား၊စိမ်းမြရည်ခမျာ မျက်စိသူငယ် နားသူငယ်နှင့် ကြည့်ငေးနေရှာ၏။

ထိုလက်ပံတန်းမှ အပြန် နေ့ရက်များတွင်၊ မြရည်နွယ်ကို၊ မျက်စိအောက်က အပျောက်မခံဖို့၊ စိမ်းမြရည်က၊ သူနှင့်ညီညီလှိုင်တို့ကို၊ အကူအညီတောင်းသည်။ သူက . . . "နှစ်ဆယ့်လေးနာရီ စောင့်ကြည့်နေလို့မှ မရတာ။ သမီးဆီကို၊ကိုနောင် မကြာ မကြာ ဖုန်းဆက်နေပါ့မယ်။ စိမ်းက,လည်း၊ ဆိုင်ကို အကြောင်းပြပြီး၊ သမီးကို၊ ပိုလ်ချုပ်ဈေးခေါ် သွားလိုက်ပေါ့"ဟု၊ ပြော၏။

"မင်း၊ စိမ်းမြရည်တို့အိမ်မှာ၊ သွားနေလိုက်ပါသားကွာ" . . ဟု၊ ညီညီလှိုင် နောက်ပြောင်၏။ စိမ်းမြရည်က ပြုံးလျက်။ "အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လိုသာဆို၊ သမီးက၊ အိမ်ထဲက အိမ်အပြင် ထွက်မှာတောင် မဟုတ်တော့ဘူး။ကိုနောင့်ဘေးမှာ တွယ်ကပ်နေမှာ. . .”ဟု၊ အရှက်ကွယ်လိုက်၊ ပြော၏။

၂၁

“စိမ်းမြရည်က၊မင်းကို ရည်စားစကား ပြောမယ့်အချိန်အထိ၊ မင်းစောင့်နေတာလား နေမြတ်နောင်”

“မင်းတို့ကလည်းကွာ။ဒါပဲလာလာနောက်နေကြ တယ် ”

ရန်မျိုးအောင်စကားကို၊ အကြောင်းပြုပြီး၊ ညီညီလှိုင်ကိုပါ၊ အမြစ်ဖို့ စာရင်းထဲသို့၊ သူ ဆွဲထည့်လိုက်၏။ညီညီလှိုင်က . . .,

“ငါ . . ဘာမှ မပြောဘူး။ မင်းဘာသာ၊ ကြိုက်သလို၊ ရင်ဆိုင်။စိမ်းမြရည်ကို ၊ ဘယ်လိုမှ ကရုဏာ မသက် ရင်တောင် ၊ သူ့ သမီးလေး ကိုတော့၊မင်း,. . သနား စေချင်တယ်”

“ငါ. . ၊ သမီးအပေါ် ဂရုတစိုက်နေသားပဲ။ တစ်ခါတစ်လေဆို၊ သမီးဖုန်းဆက်ရင်၊ ငါ, ချက်ချင်း သွားမိတယ်။ ငါ့အမေကိုတောင်၊ ငါပြောခဲ့ဖို့ မေ့တာ။





ဒီထက်ပိုပြီး၊ ငါဘယ်သူ့ကိုမှ၊ ဂရုတစိုက် မရှိခဲ့ဖူးပါဘူးကွာ”

ရန်မျိုးအောင်က-

“မြရည်နှယ်က၊ မင်းကို အဖေတော်ချင် နေတာကွ။ ဘုမသိ ဘ,မသိ၊ အဖေတော်ချင်တာ မျိုး၊ မဟုတ်ဘူး ။

မင်းအပေါ် ချစ်ချင်ခင်ခင် လေးလေးစား စားနဲ့၊ တကယ့်သံယောဇဉ်နဲ့ တွယ်တာနေတာကွ။ အဖေတော်ချင်လို့၊ သူ့အမေကို၊ မင်းလက်ထဲ၊ ဘာ မပြော ညာမပြော ထိုးအပ်ရအောင်က,လည်း၊ သူ့ အမေစိမ်းမြရည်က၊ စက်ရုပ်မဟုတ်ဘူးကွ။

ချစ်ခင်တွယ်တာမှု လိုအပ်နေတဲ့ နှလုံးသား နှစ်ခုကို၊ မင်း . . မသိချင်ယောင် ဆောင် နေတာ၊ တုတ်နဲ့ မရိုက် ဓားနဲ့မခုတ်ဘဲ၊ ရက်စက်နေသလို ဘဲ”

“ငါက၊ အဲဒီလောက်အထိ၊ ကြမ်းတမ်း နေလို့လား ရန်မျိုးအောင်”



www.burmeseclassic.com

www.burmeseclassic.com



ရန်မျိုးအောင်က. . . ခနဲ့တဲ့တဲ့ ပြုံးရင်း

"သံယောဇဉ်ကို၊ ဥပေက္ခာပြုတာ။ ပုထုဇဉ် လောက,မှာတော့၊ အကြီးမားဆုံး ရက်စက် ကြမ်းတမ်းမှုပဲကွ"

သူ. . . မျက်နှာထား၊ ညှိုးနွမ်းသွား၏။ ပြီးမှ-

"အေးငါကွာ။ ငါ. . စိမ်းကိုရော၊ သမီးကို ရော၊ ပို့ပြီး ဂရုစိုက်ပါ့မယ်"

"ဟော့ကောင်၊ နေမြတ်နောင်"

ညီညီလှိုင်၏ ခေါ်သံ။

"ဟေ"

"ငါတို့က။စိမ်းမြရည်ကို။မင်းလက်ထပ်ဖို့ ပြောနေတာကွ။ ရှင်းပြီလား။ နားလည်ပြီလား။ သဘောပေါက်ပြီ လား"

သူ. . စကားမဟ။

"ဘာလဲ။ မင်းက . . လူပျို။ လူလွတ်။ စိမ်းမြရည်က၊ ကလေးတစ်ယောက်အမေ။ မုဆိုးမ။နာတယ် သာတယ် တွက်နေတာလား"





သူ. . ထိုင်ရာမှ ထ,ကာ. . .

"စိမ်းကိုရော၊ သမီးကိုရော။ ငါ. ., သိပ် ချစ်တာကွ။ အဲဒါတောင်၊ မခန့်မှန်းတတ်တာ၊ မင်းတို့ တော်တော်ညံ့တာပဲ"

ပြောပြီး၊ အိမ်ထဲသို့ ဝင်သွား၏။

ပညာရေးကျောင်းသား သပိတ်တပ်ဦးကို၊ ထောက်ခံဆန္ဒပြပွဲတွေ၊ နိုင်ငံ၏ နေရာအနှံ့ ပြုလုပ်ကြသည်။ ၂၀၁၅ ခုနှစ်၊ မတ်လ (၄)ရက်၊ (၅)ရက် ဆန္ဒပြပွဲတွေမှာ၊ မြရည်နွယ် ပါဝင်နေလေ၏၊ မတ်လ(၅)ရက်နေ့၊ ရန်ကုန်မြို့တော်ခန်းမရှေ့၊ လူရိုက်ပွဲတွင်၊ မြရည်နွယ် ပွန်းပဲ့ဒဏ်ရာ ရခဲ့သည်။ (ထိုမြင်ကွင်းကို ကြည့်မြင်လျက်၊ ညီညီလှိုင်က၊ "တော်ကီလှိုင်" ကလောင်အမည်ဖြင့်၊ *"ခေါင်းပြတ် ဒီမိုကရေစီ"*. . . ဟူသော၊ ဆောင်းပါးတစ်ပုဒ်၊ ရေးသားခဲ့၏)

မတ်လ (၁၀)ရက် မနက်ပိုင်းတွင်၊ လှည်းတန်းဈေးအနီး၌၊ဆန္ဒပြဦးမည်ဟု၊ကြားသိသဖြင့်၊ မြရည်နွယ်ကို ဖုန်းအဆက်တွင်၊ ဖုန်းပိတ်ထား၏။စိမ်းမြရည်နှင့် ဖုန်းအဆက်အသွယ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းမြရည်ကို စိတ်မပူပါရန်၊ မှာကြားပြီး၊ လှည်းတန်းသို့ သူ အမြန်ထွက်ခဲ့၏၊ခေတ္တခဏ ဟောပြောဆန္ဒပြအပြီးတွင်၊ မြရည်နွယ်ကို သူတွေ့၏။

"သမီး၊ဘာလို့ ဖုန်းပိတ်ထားတာလဲ"

"ဦးနောင် တားမှာစိုးလို့"

"ဦးနောင်၊ သမီးကို တားဖို့ အစီအစဉ် မရှိဘူး သမီး။ သမီး အနားမှာ နေပေးဖို့ပဲ၊ အစီအစဉ်ရှိတယ်"

"ဦးနောင်၊ တကယ်ပြောတာလား"

သူ. . ခေါင်းညိတ်၏။ ပြီးနောက်၊ စိမ်းမြရည်ထံသို့၊ ဖုန်းဆက်လိုက်သည်။

"စိမ်း။ သမီးနဲ့ ကိုနောင်နဲ့တွေ့နေပြီ။ စိတ် မပူနဲ့တော့နော်"

"ရော့ . . မေမေနဲ့ စကားပြောလိုက်ဦး". . ဟု၊ဆိုကာ၊ မြရည်နွယ်ကို၊ ဖုန်းပေးလိုက်၏။

". . . ဟလို၊ မေ့၊ သမီး ဦးနောင်နဲ့ပဲ ရှိမယ်နော်။. . ."





"ဟုတ်၊ ဟုတ်ကဲ့"

ပြောပြီး၊ သူ့လက်ထဲသို့၊ ဖုန်းပြန်ပေး၏။

"ဟလို"

"ကိုနောင်"

"ပြောလေ . . စိမ်း"

"စိမ်း၊ နှစ်ယောက်စလုံးအတွက်၊ စိတ်မပူ ချင်ဘူးနော်"

သူ . . . ပြုံးလျက် -

" ဩော် . . စိမ်းရယ်၊ ကိုနောင် လူကြီး ဖြစ်နေပါပြီ။သမီးကိုပဲ၊ ထိန်းမှာပါ။ စိတ်ချ၊ နှစ်ယောက် စလုံးအတွက်ဘာမှ၊ မပူနဲ့"

"လက်ပံတန်း တပ်ဦးကို၊ ရန်ကုန်အထိ လမ်းဖွင့်ပေးတော့မယ်လို့၊ ကြားတယ် ဦးနောင်"

"ဟုတ်ပါ့မလား သမီးရယ်။ ဟိုတစ်နေ့က၊ တောင်၊ မြို့တော်ခန်းမ,ရှေ့မှာ၊စစ်သားလူထွက် အစိုးရက၊ လက်စွမ်းပြလိုက်ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



နေဦး။ ရန်မျိုးအောင်တို့ ညီညီလှိုင်တို့ဆီ၊ လှမ်းမေးကြည့်လိုက်ဦးမယ်"

"....."

"...........

..........."

ဂြ

"အေး။ ငါတို့လည်း ကြားတယ်။ ငါတို့တောင်၊ အဲဒီကို သွားကြမလို့၊ လမ်းဖွင့်ပေးလိုက်တယ်ဆိုရင်တော့၊ ပျော်စရာပေါ့ကွာ။ကလေးတွေအပေါ်၊ နိုင်ငံ့လူကြီးတွေက၊ သဘော ထားကြီးပေးလိုက်ရာ၊ ရောက်တာပေါ့"

"ဒါပေါ့။ ငါက,တော့၊ စိတ်ပူတယ်။ စစ်စကားနဲ့ပြောရရင်၊ ဘယ်စစ်တပ်ဖြစ်ဖြစ်၊ ရန်သူ့တပ်ဦးကို၊ ချိုးပစ်မှာ အမှန်ပဲ။

ကလေးတွေကို၊ ရန်သူလို သဘောထားတဲ့၊ စစ်အစိုးရ စရိုက်ရှိသေးတယ်ဆိုရင်တော့၊ သပိတ်တပ်ဦးကို။ ချိုးပစ်ကြမှာပဲ။

ကလေးတွေကို၊ သားသမီးလို၊ သဘောထား





တဲ့၊ တကယ့်အရပ်သား အစိုးရဆိုရင်တော့၊လူငယ်တွေကို၊ ဦးချိုးမှာမဟုတ်ဘူး"

"ငါတို့တွေ၊ ဒီက. . ကျော်လင်းရဲ့ ကားနဲ့ သွားကြမယ်။ မြရည်နွယ်မှာ, ကားပါလာရင်၊ မင်းသူနဲ့ လိုက်ခဲ့ပေါ့"

"အေး . အေး။ ဒါပဲ ဒါပဲ"

ဂြ

"သတင်း အမှန်ပဲလား ဦးနောင်"

"သူတို့လည်း ကြားတယ် . . တဲ့"

ညီညီလှိုင်တို့တတွေ၊ လက်ပံတန်းသို့ သွားမည့်အကြောင်း၊ မြရည်နွယ်ကို၊ သူ. . အသိမပေးချင်။

အိမ်ပြန်ကြဖို့ သူ. . စကားစ,သည်။

"မပြန်ချင်သေးဘူး ဦးနောင်။ ဒီနားတဝိုက်မှာ၊ ဒီနေ့ နေရာအနှံ့၊ ဆန္ဒပြကြဦးမှာ"

"အိမ်ပြန်ပြီးမှ၊ နောက်တစ်ခေါက် ထပ်ထွက်ပေါ့ သမီးရယ်"

မြရည်နွယ်၊ ပိတ်ထားသော ဖုန်းကို ပြန်ဖွင့်လိုက်ပြီး. .



www.burmeseclassic.com

www.burmeseclassic.com



"ဦးညီ တို့ကို၊ ခေါ်လိုက်မယ်လေ။ လက်ပံတန်းကို သွားကြမယ်"

သူ. . အလိမ်ပေါ်တော့မည်။ ထို့ကြောင့်၊

"သူတို့လည်း၊ တခြားကားနဲ့ သွားနေလောက်ပြီ။ ဦးနောင်နဲ့ သမီးနဲ့ လိုက်သွားကြတာပေါ့။ ကားက ဘယ်မှာရပ်ထားခဲ့တာလဲ"

"အဓိပတိလမ်းထိပ်က၊ ကွက်လပ်မှာ"

"ဟိုရောက်ရင်၊ တပ်ဦးထဲ၊ သမီး မဝင်ရဘူးနော်။ ဦးနောင် စိတ်ထဲမှာ၊ လေးတေးတေး ဖြစ်နေတယ်"

"အထဲကို၊ မဝင်ပါဘူး ဦးနောင်ရဲ့။ လမ်းဖွင့်ပေးလိုက်ရင်၊ အဲဒီတပ်ဦးနောက်က, သမီးတို့ကားနဲ့၊ အတူတူ၊ လိုက်ခဲ့ကြမယ်လေ"

နေပြင်းလွန်းလှ၏။

စိတ်ထဲတွင်၊ ဟိုက်လာသကဲ့သို့၊ ခံစားရသည်။



## (၂၂)

ချောင်းကူးတံတားထိပ်တွင်၊ ရဲများ ပိတ်ဆို့ လိုက်လေပြီ။ မည်သူမျှ၊ ဖြတ်သန်းသွားလာခွင့် မရကြတော့ချေ။ သပိတ်မှောက်ကျောင်းသားတပ်ဦးကို၊ ကြမ်းတမ်းခက်ထန်ရိုင်းပျစွာ ရိုက်နှက် ဖြိုခွင်းလိုက်ပြီ . . . ဟု၊ ကြားသိလိုက်ရ၏။

မြရည်နွယ်က၊ ထိုချောင်းကူးတံတားအနီးမှ၊ မခွာ။ တံတားတစ်ဖက်သို့၊ သွား၍ ရမည့်နည်းကို၊ ရှာကြံနေပြန်၏။ ချောင်းထဲမှ၊ လှေဖြင့် ဖြတ်ကူးဖို့၊ စီစဉ်သည်။

ညီညီလှိုင်အပါအဝင်၊ အားလုံး၏ ဖျောင်းဖျစကား၊ ဒေသခံ တို့၏ ဖျောင်းဖျစကားကြောင့်၊ အစီအစဉ် အထမမြောက်။

မြရည်နွယ်က၊ "တက်" တစ်ချက်ကို၊ "တောက်ခနဲ" မြည်



www.burmeseclassic.com

www.burmeseclassic.com



အောင် ၊ခေါက်လိုက်၏။ ပြီးနောက်၊

"အဲဒီ ကျောင်းသား စစ်ကြောင်း၊ ရန်ကုန်
အထိ ရောက်အောင် ချီတက်လိုက်တာနဲ့၊ အစိုးရ
တစ်ဖွဲ့လုံး ပြိုပျက်သွားမှာစိုးလို့လား"

မြရည်နွယ်၏၊ လက်မောင်းကို ကိုင်ဆွဲလျက်၊ တံတားထိပ်မှ၊ ကားရပ်ထားရာသို့၊ သူ့ခေါ်ဆောင်ခဲ့သည်။ အာဏာရ ဥပဒေဘက်တော်သားများ၏ ကြမ်းကြုတ်သည့် အပြုအမူကို၊ သိရှိ ခံစားလျက်၊ အာဏာဟူသည့် ဝေါဟာရကို၊ ပိုမို စက်ဆုပ်ရွံရှာခဲ့ရပြီ။

⚐

"ဦးနောင်။ ဘာဖြစ်လို့လဲဟင်။
ဘာဖြစ်လို့လဲ"

မြရည်နွယ်က၊ ကားကို လမ်းဘေးတွင် ထိုးရပ်လိုက်၏။ သူ အားယူလျက်၊ စကားသံပြုလိုက်သည်။

"နေပြင်းလွန်းလို့၊ သွေးပေါင်ကျသွားတာ
နေမှာပါ သမီးရယ်။ အဲဒါကြောင့်. . . မျက်လုံး
မှိတ်ထားတာပါ။ ဦးနောင် ဘာမှ၊ မဖြစ်ပါဘူး။
စိတ်မပူနဲ့၊ ဆက်မောင်းပါ။ ကားကို ဆက်မောင်း"





"ဦးညီတို့ကို၊ ဖုန်းဆက်လိုက်ရမလား". . ဟု၊ မြရည်နွယ် မေး၏။ သူ. . လက်ကာလိုက်သည်။

"မဆက်နဲ့။ ဦးနောင် ခဏ မှေးလိုက်ရင်၊
သက်သာသွားမှာပါ"

မြရည်နွယ်က၊ ကား၏ လေအေးစက်ကို၊ အရှိန်ပိုမြှင့်ပေးသည်။

⚐

စိမ်းမြရည်နှင့် မြရည်နွယ်တို့၏ အိမ်၊ သီးသန့် အိပ်ခန်းတွင် သူ့ကို လဲလျောင်းစေကြသည်။ ဆရာဝန်ပင့်ဖို့၊ ပြင်ဆင်နေကြသည်ကို၊ သိကြားရသဖြင့်-

"စိမ်း"

"ပြောလေ၊ ကိုနောင် ပြော"

" ဆရာဝန်မလိုပါဘူး။ ခဏနားလိုက်ရင်၊သက်သာ
နေကျပါ။သမီးက အစိုးရိမ်လွန်ပြီး၊ ဒီကို၊ ခေါ်လာတာ၊
ကိုနောင် ဒီမှာဆိုတာ၊ အိမ်ကိုတောင်၊ မပြော ရသေးဘူး"

"ဒီအတိုင်းနားရုံနဲ့၊ မသက်သာမှာ စိုးလို့ပါ
ကိုနောင်ရယ်။ တတ်ကျွမ်းတဲ့ ဆရာဝန်နဲ့ဆို၊ မြန်



www.burmeseclassic.com

www.burmeseclassic.com



မြန်သက်သာတာပေါ့"

"အခု သက်သာနေပါပြီ။ သမီး ခေါ်လာလို့သာ။ ဒီအိမ်အထိ လိုက်လာတာပါ။ နေပူပြင်းထဲမှာ၊ အနေများသွားလို့၊ သွေးပေါင်ကျရုံတွင်ပါ။ မပူနဲ့နော် . . . စိမ်း"

စိမ်းမြရည်က၊ မျက်ရည်ဝဲရုံ ဝဲ၏။ မြရည်နွယ်က၊ မျက်ရည်ကျသည်။

"အဲဒါ. . သမီးကြောင့်၊ ဖြစ်တာ။ သမီးကြောင့် . . ."

ငိုနေပြန်၏။

"သမီး"

လှဲနေရာ သူ့အနီးသို့၊ မြရည်နွယ်လာထိုင်၏။

" ဦးနောင်၊ ပင်ပန်းသွားလို့၊ ဖြစ်တာပါဆို။ သမီးကြောင့်မဟုတ်ဘူး။ ဦးနောင်ရဲ့၊ အသက်အရွယ်ကြောင့် ဖြစ်တာ။ မငိုနဲ့တော့။ မျက်ရည်သုတ်လိုက်တော့ . ."

စိမ်းမြရည်ကပါ၊ အနီးတွင်၊ ထိုင်လိုက်၏။





သမီးဖြစ်သူ၏ မျက်ရည်ကို၊ ကူသုတ်ပေးသည်။

"ဦးနောင်၊ သမီးကို၊ အရေးကြီးတာတွေ၊ ပြောပြထားချင်တယ်"

"ဟုတ်ကဲ့"

"သမီးကျောင်းမပြီးသေးဘူးနော်"

ခေါင်းညိတ်၏။

"ကျောင်းကိစ္စ မပြီးမချင်း၊ ဘယ်နိုင်ငံရေးကိစ္စမှာမှ၊ သမီးမပါပါနဲ့ဦး။ အခု. . ဝင်ပါခဲ့ကြတဲ့၊ သမီးသူငယ်ချင်းတွေကို၊ ဒီအတိုင်း ပစ်ထားလိုက်ဖို့၊ ဦးနောင် ဆိုလိုချင်တာ မဟုတ်ဘူးနော်။

ကျောင်းပြီးအောင်လုပ်။ ဘွဲ့ရအောင်ယူ။ တော်အောင်တတ်အောင်၊ သိအောင် မြင်အောင်၊ အဖက်ဖက်က ကြိုးစားပြီး၊ အုပ်ချုပ်တဲ့ လူတန်းစားထက်၊ အသိဉာဏ်ပညာအင်အားရော၊အတတ်ပညာ အစွမ်းရော အစစအရာရာ သာတဲ့အထိ၊ ကိုယ့်ကိုယ်ကိုယ် ပြည့်စုံအောင် ကြိုးစား။ ပြီးမှ၊ သမီးချစ်တဲ့ တိုင်းပြည်ရဲ့ လိုအပ်ချက်ကို၊ ရှာဖို့



www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့ ဖြည့်ပါ။

ဦးနောင်ဆိုလိုချင်တာက၊ မခံချင်စိတ် တစ်ခုတည်းနဲ့၊ ဘယ်သူ့ကိုမှ မယှဉ်ပြိုင်ပါနဲ့။ ကိုယ့်မှာက၊ မခံချင်စိတ် တစ်ခုတည်း။ တစ်ဖက် အဖွဲ့အစည်းက၊ ဗျူဟာပေါင်းများစွာ။

သမီး နားရှင်းအောင် ဥပမာပြောရရင်၊ မခံချင်စိတ်နဲ့၊ ဓားဆွဲလာတဲ့လူကို၊ စနစ်တကျ တီထွင်ထားတဲ့၊ သေနတ်နဲ့ ပစ်သတ်ဖို့၊ လက်ညှိုး တစ်ချောင်းပဲကွေးလိုက်ရတာပါ။

အဲဒီတော့၊ မခံချင်စိတ်ကို၊ အခြေခံထားပြီး၊ တခြားအစွမ်းအစတွေ၊ မပြည့်စုံမချင်း၊ ဘာကိုမှ၊ မတိုက်ခိုက်စေချင်သေးဘူး"

ပြောရင်း၊ စကားရပ်ကာ၊ မြရည်နွယ်ကို သေသေချာချာ ကြည့်လိုက်၏။ နားစိုက်ထောင်နေသည်ဟု သေချာမှ၊ စကားဆက်သည်။

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်, အစိပ်လောက်က၊ နိုင်ငံ့အတွက်၊ ပြည်သူလူထုအတွက်၊ ဘဝ





အပျက်ခံပြီး၊ တော်လှန်ရေးလုပ်ဖို့ လက်နက်ကိုင် ခဲ့ကြတဲ့၊ သူတွေကို။ အဲဒီ ကာလ,တွေတုန်းက၊ ပြည်သူလူထု လက်ခံခဲ့ကြပေမယ့်၊ အခု. . အဲဒီ ဘဝ,အပျက်ခံခဲ့ကြရသူတွေကိုတောင်၊ ပြည်သူ လူထုက၊ လက်မခံတော့တဲ့၊ အဖြစ်ဆိုးမျိုးတွေ၊ ရင်ဆိုင်ကြုံတွေ့ကြရတယ်။ ဒါဟာ. . .

ကိုယ်တိုင်ရဲ့၊ ဟာကွက် ပျော့ ကွက်ကြောင့်၊ဒီလို ဖြစ်ကြရသလို၊တစ်ဖက် အဖွဲ့အစည်းရဲ့၊သပ်လျှိုမှု၊ ကျုံးသွင်းမှု၊ ပရိယာယ်ကြွယ်ဝမှု၊ ပက်စက်တဲ့ ဗျူဟာခင်းမှု၊ တစ်ခုခု ကြောင့်လည်း၊ ဖြစ်နိုင်တာ ပဲ။ဟိုးဟုန်းက။ ဝန်ကြီးချုပ် ဦးနုကိုတောင်၊ ဘုရားဒကာကြီးဦးနု. . လို့၊ ကင်ပွန်းတပ်ခဲ့ကြ သလို၊ ပရိယာယ်ဆင်ချင်သူတွေ၊ အငိုက်ဖမ်းနိုင်တဲ့ အခါကျတော့၊ တိုင်းပြည်ကို လက်ညှိုးထိုး ရောင်း စားနေသော ဦးနု. . ဆိုပြီး၊ ခေါင်းစဉ်ပြောင်းတပ် ကြပြန်ရော။ဒါကို၊ တချို့က၊ နိုင်ငံရေး မ႑ယာလို့၊ ထင်ကြတယ်။တကယ်က ၊ အဲဒါ နိုင်ငံရေး မ႑ယာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးနိုင်ငံရေးကို၊မသမာတဲ့နည်းဗျူဟာနဲ့ လုပ်ဆောင်တတ်ကြသူတွေရဲ့ မာယာပဲ။

နိုင်ငံရေးမှာရော၊နိုင်ငံ့အရေးမှာရော၊ ဘာမာယာမှမရှိဘူး။ အဲဒီအရေးကို လုပ်နေတဲ့၊ မသမာသူဘက်မှာသာ၊ မာယာကရှိနေတတ်တာ။

အဲဒီ့ သဘောသဘာဝ,တွေကို၊ ဘာမှ၊ မသိနိုင်သေးတဲ့ သမီးတို့ အရွယ်တွေအားလုံးကို၊ နိုင်ငံရေးမသမာသူတွေရဲ့၊ သားကောင်လေးတွေ၊ ဖြစ်သွားကြရမှာဦးနောင်စိုးရိမ်တယ်။ ဒါကြောင့်၊ ကိုယ်လျှောက်မယ့်လမ်းနဲ့ သက် ဆိုင်တဲ့ ပညာရပ်ကို၊ အလုံးစုံမသိမတတ်သေး ခင်၊ မခံချင်စိတ်တစ်ခုတည်းနဲ့၊ ခရီးမစစေချင်ဘူးသမီး"

မြရည်နွယ်သည် ကျောက်ရုပ်ပမာ ငြိမ်သက်သွား၏။ ပြောပြသူမှာလည်း နွမ်းလျမောဟိုက်သွားရသည်။ မနွမ်းမမောသူကဲ့သို့၊ တမင်ဟန်ပြုကာ နေပြရ၏။ စိမ်းမြရည်က-

"ကိုနောင်။ မောနေပါ့မယ်"

"ကိုနောင့်စေတနာကို၊သမီးနားလည်ရင်၊ ကိုနောင်၊ မောရကျိုးနပ်ပါတယ်"

"သမီး နားလည်ပါတယ် ဦးနောင်" . . ဟု၊ မြရည်နွယ်ပြော၏၊ မြရည်နွယ်၏ ပွန်းပဲ့ဒဏ်ရာလေးကို၊ ပွတ်သပ်ပေးရင်း၊

"အကျဉ်းချုပ်ပြောရရင်၊ သူတစ်ပါး ရေနစ်နေတာကို၊ ကယ်ချင်ရင်၊ ကိုယ်, ကိုယ်တိုင်၊ ရေကူးကျွမ်းကျင်အောင်၊ အရင်လုပ်ထားစေချင်တာမျိုးပေါ့ သမီးရယ်"

"စိတ်ချပါ ဦးနောင်ရယ်။ သမီး သဘောပေါက်ပါတယ်။ ဦးနောင်ဖြစ်စေချင်တဲ့အတိုင်း၊ သမီးလုပ်ပါ့မယ်။ အခု. . ဦးနောင်အိပ်လိုက်တော့။ . . . အရမ်းမောနေမယ်". . ဟု၊ ပြောပြီး၊ မြရည်နွယ်တ၊ သူ့ကို အနားယူစေ၏။ စိမ်းမြရည်က၊ သူ့နဖူးကို၊ လက်ဖြင့်စမ်းသည်။

၉ ၉ ၉





ငြိမ်းချမ်းရေးအလယ်လမ်း စာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

"မင်းတို့နှစ်ယောက်ကို သေဖော်သေဘက်
သူငယ်ချင်းတွေမို့၊ ငါ ဖွင့်ပြောပြပြီး အကူအညီ
တောင်းတာပဲ"

ညီညီလှိုင်၊ ရန်မျိုးအောင်နှင့် အစ်ကိုဖြစ်သူ ကိုမြတ်ဆောင်တို့၊ သုံးဦးစလုံး၊ မျက်နှာမကောင်းကြ။ "ကင်ဆာ"..ဟူသော၊ စကားသံကို၊ သူ, တီးတိုး ပြော၏။ မိခင်ကြီး မသိကြားစေလို၍

"ငါ့ အစ်ကိုက လွဲပြီး၊ ငါ ဘယ်သူ့မှ
အသိပေးမထားဘူး ။ မင်းတို့နှစ်ယောက်လည်း၊
ငါ့အစ်ကိုလို၊ နှုတ်လုံပေးပါ"

ရန်မျိုးအောင်က-

"သမီးကို၊ အသိမပေးချင်ရင်တောင်၊ စိမ်း
မြရည်ကိုတော့၊ အသိမပေးသင့်ဘူးလား သူငယ်ချင်း။
သူ့ခမျာ၊ မင်းရဲ့ သံယောဇဉ် စကားကို၊
မျှော်လင့်နေမှာ အမှန်ပဲလေ"





"သံယောဇဉ်စကား မျှော်နေသူကို၊
အို-နာ-သေ စကား၊ ငါ ဘယ်ပြောရက်ပါ့မလဲ ။
ငါ..စိမ်းကို၊ လက်ထပ်ခွင့်တောင်းဖို့ နှုတ်
ပြင်နေတဲ့ အချိန်မှာ၊ ဒီကိစ္စ သိရတာပဲ။
ငါ, သိပ် တုန်လှုပ်ခဲ့တယ် သူငယ်ချင်း။
အားလုံးနဲ့ မခွဲနိုင်တဲ့ စိတ်၊ ငါ့ကိုငါ, မစွန့်ခွာဝံ့တဲ့
စိတ်တွေကို၊ ပယ်သတ်ဖို့၊ ငါ့မှာ အချိန်သိပ်မရ
တော့ဘူး"

"မြည်ပ,မှာ၊ သွားကုကြမယ်လေကွာ"..ဟု၊ ညီညီလှိုင်ပြော၏။

"ငါ..အားလုံး ဆောင်ရွက်ပြီးသွားပါပြီ။
အနှေးဆုံး တစ်နှစ်၊ အမြန်ဆုံး ခြောက်လ၊ ဂရု
တစိုက်နေရင်၊ ခြောက်လ, ကျော်မယ်ပေါ့ကွာ။
ငါတစ်ခု စိုးရိမ်နေသေးတာက၊ နှစ်ထောင့်
ဆယ့်ငါး၊ ရွေးကောက်ပွဲကို၊ မမီလိုက်မှာစိုးတယ်။
များလွန်းတဲ့ ဘဝတကျော့တွေထဲမှာ၊ အဲဒီ
မက်မောမှုက,လည်း၊ ငါ့ဆီမှာရှိနေသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ဆယ့်ရှစ်နှစ်လောက်တုန်းက၊
မ-ဆ-လ၊ အစိုးရရဲ့ လွှတ်တော်ကိုယ်စားလှယ်ကို၊
ငါ, ကန့်ကွက်မဲ ထည့်ခဲ့ပါလျက်နဲ့၊ ငါ, ကန့်ကွက်
မဲ အရေးမသာခဲ့ဘူး။ ထောင့်ကိုးရာ ကိုးဆယ်၊
ပါတီစုံရွေးကောက်ပွဲ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့
ချုပ်ပါတီ၊ သောင်ပြိုကမ်းပြို ၊ အနိုင်ရခဲ့တုန်းက,
လည်း၊ ငါရော . . မင်းရော. . ၊ ထောင်ထဲမှာ။
ဆိုတော့၊မသေခင် ၊ ငါ မဲပေးသွားချင်မိတယ်"

"ပေးရမှာပါကွာ" . . ဟု၊ရန်မျိုးအောင် ၊ ပြော၏။

"ငါ သေပြီးမှ ၊ ငါရေးပေးထားတဲ့စာကို၊ စိမ်းနဲ့သမီးနဲ့ လက်ထဲကိုထည့်ပေးပါကွာ။ ဒီကြားထဲ နေမကောင်းဖြစ်တာကို ၊ သူတို့ သိမှာပဲ၊ အစာအိမ်ရောဂါဆိုတာလောက်ပဲ ၊ အသိပေးထားစေချင်တယ်။

ယဉ်ယဉ်ကြည်တို့က အစ ၊အကုန်လုံးကို ၊ မပြောမိပါစေနဲ့၊ စောစောသိ စောစောစိတ်ဆင်းရဲကြလိမ့်မယ်၊ သေမှ အသိပေးပါကွာ။ . . ."

အိတ်ပိတ်စာ နှစ်စောင်ကို၊ ရန်မျိုးအောင်သို့၊ သူ. .





လှမ်းပေးသည်။ တူမ, ဝမ်းကွဲတစ်ယောက်ကို၊ တွဲခိုလျက်၊ မိခင်ကြီး ဒေါ်ဆောင်း ၊ သူ့အခန်းထဲသို့၊ ဝင်လာ၏။

"သားငယ်၊ နေမကောင်းလို့ဆို"

သူ. . ပြုံးပြလျက်

"နေပူ အရမ်းမိသွားတာပါ။ သွေးပေါင်
ကျသွားလို့"

"သိပ် အပင်ပန်းမခံနဲ့လေ သားရဲ့။ ဂရုစိုက်။
ကျန်းမာရေးကို ဂရုစိုက်"

"ဟုတ်ကဲ့ပါ အမေ"

"မနေ့ညက ၊ မြေးလေးတို့ အိမ်မှာ၊ အိပ်
ပျော်သွားတယ်ဆို"

"ဟုတ်တယ် အမေ။ အဲဒီမှာ၊ ခဏနားရင်း၊
အိပ်ပျော်သွားတာ"

မိခင်က၊ အနားတွင်၊ ဝင်ထိုင်၏၊ သူက၊ ကိုယ်နေဟန်ထားမားမတ်အောင်၊ ပြုံပြုံနေထိုင် လိုက်သည်။ ပြီးမှ၊ ညီညီလှိုင်နှင့် ရန်မျိုးအောင်တို့ဘက်သို့၊ မျက်နှာ မူကာ-

"ရန်မျိုးအောင်က,တော့၊ ဘယ်ပါတီမှ မဝင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးခဲ့ပေမယ့်၊ ညီညီလှိုင်နဲ့ ငါနဲ့က၊ လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီဝင်ဟောင်းတွေပဲ။

ဒါပေမယ့်၊ ဒီ, နှစ်ထောင့်ဆယ့်ငါး ရွေးကောက်ပွဲမှာတော့၊ အရပ်သား အစိုးရ၊ ပီပီပြင်ပြင် ဖွဲ့နိုင်ဖို့ဆိုရင်၊ ငါတို့အားလုံး၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကိုပဲ ဝန်းရံသင့်တယ်။

ငါတို့အားလုံး ဆိုတာက၊ အရပ်သား အစိုးရ ဖော်ဆောင်တဲ့၊ ဒီမိုကရေစီကို အမှန်တကယ် လိုလားသူ အားလုံးကို ဆိုလိုတာ"

"ငါတို့လည်း၊ အဲဒီလိုပဲ ဆုံးဖြတ်ထားပါတယ်" . . ဟု၊ ညီညီလှိုင်ပြော၏။မိခင်ကြီးက. . .

"အမေလည်း၊ အဲဒီ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကိုပဲ၊ မဲပေးဦးမယ်"

"ပေးရမှာပေါ့ အမေရဲ့. . ."ဟု၊ ရန်မျိုးအောင် ပြော၏။ သူတို့၏ စကားဝိုင်းကို၊ နိုင်ငံရေး စကားဝိုင်းဟု၊ မိခင်ဖြစ်သူ ထင်မြင်သွားလေသည်။





စိမ်းမြရည်နှင့် မြရည်နွယ်တို့၊ သူထံကို၊ နေ့စဉ်လာကြ၏။ ရက်ပိုင်းမျှဖြင့်၊ သူ. . ပြန်လည်လန်းဆန်းလောင်၊ နေထိုင်ပြခဲ့သည်။

အပင်ပန်းခံနိုင်မည်ဟု၊ ယူဆ,သည့် အခါတိုင်း၊ စိမ်းမြရည်နှင့် မြရည်နွယ်တို့ အိမ်ကို၊ သူ . . အလည်အပတ် သွား၏။

အားအင်ပြည့်ဝအောင် အထူးဂရုတစိုက်နေထိုင်သည်။

သေခြင်းကို၊ ရင်ဆိုင်နိုင်စွမ်းမည့်၊ ဘာသာတရား၏ နည်းစနစ်ကို၊ အထူးလေ့လာကျင့်ဆောင်သည်။ ဒုက္ခဝေဒနာ၏ ဖြစ်မှုပျက်မှု။ သုခဝေဒနာ၏ ဖြစ်မှုပျက်မှု ဥပေက္ခာဝေဒနာ၏ လွတ်မြောက်နိုင်စွမ်းရှိမှုတို့ကို၊ အထူးရှုမှတ်ကာ၊ အဆင့်မြင့် ဉာဏ်စွမ်းအားဖြင့်၊ သုံးသပ်နိုင်အောင်၊ ဆင်ခြင်နှလုံးသွင်း၏။

ကျွန်းမာစဉ်လည်း အ,သုဘ

မကျွန်းမာစဉ်လည်း အ,သုဘ . . ဟု၊ အရာရာအပေါ်လည်းကောင်း၊ ကိုယ့်ကိုယ်ကိုလည်းကောင်း၊ မသိ,သိအောင်၊ ဝါယမ, စိုက်၏။

ထိုအခါ. . . ရောဂါဝေဒနာသည်၊ ခန္ဓာ(၅)ပါးရှိသည့် အနက်၊ရုပ်ခန္ဓာကိုသာ၊ နှိပ်စက်နိုင်လေတော့၏။(စိတ်ဟုခေါ်



www.burmeseclassic.com

www.burmeseclassic.com



သော) နာမ်ခန္ဓာကို၊ နှိပ်စက်နိုင်အား၊ နည်းပါးသွားချေ၏။

မလွှတ်မြောက်နိုင်သော ဆင်းရဲဒုက္ခ အဝန်းအဝိုင်း အတွင်း၌ ခံနိုင်စွမ်းရှိသည့် စိတ်သည်သာလျှင်၊ ဘုရင်တစ်ဆူဖြစ်၏။ ခံနိုင်ရည်ကြီးခြင်းသည်ပင်လျှင်၊ အောင်နိုင်ခြင်းဟု၊ခံယူမှတ်ပိုက်ထားရသည်။





<u>"ဖြတ်လျှောက်"</u>

အချစ်ရဲ့
တောင်ပံ ခတ်သံ တဖျပ်ဖျပ်။
မရှိတော့တဲ့ ခြေရာ လမ်းတဆုံး
လှည့်ကြည့် လည်ပြန်ငေးမော ကျန်ရစ်။
အပြစ်တင်စရာဆိုလို့
မငိုအောင်ထိန်းမတ်ထားရတဲ့
ဟန်ဆောင် အကောင်းဆုံး နှလုံးသား ဟာပြ။
ဒီဇာတ်ဝင်ခန်းမှာ
သူက ဖြတ်လျှောက်သွားရုံသက်သက်။
ကိုယ်တို့ တတွေမှာ
မေ့ဖျောက်မရကြတာ
ဝဠ်နာ
ကံနာ ။ ။



www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

၂၀၁၅ -ရွေးကောက်ပွဲ၏ မဲစာရင်းစစ်ဆေးရာ လုပ်ငန်းများ၊ လှုံ့ဆော်မှုများ၊ ပညာပေးမှုများ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏မဲဆွယ်စည်းရုံးမှု လုပ်ငန်းများတွင်၊ ညီညီလှိုင်၊ ကျော်လင်းလင်း၊ ရန်မျိုးအောင်၊ မယဉ်ကြည်၊ ယဉ်ယဉ်ကြည်၊ မကြည်အေး၊ သီဟ၊ လှမော်အောင်၊ ကိုသန်းထွန်း . . စသော၊ သူငယ်ချင်းများနှင့်အတူ၊ သူ. . စွမ်းဆောင်ပါဝင် အားဖြည့်ပေးခဲ့သည်။

အားနည်းသည့်အခါ၊ ကားပေါ်မှ နားနားနေနေ၊ အားအင်ပြည့်ဝသည့်အခါ၊ ကိုယ်ထိလက်ရောက်၊ ဆောင်ရွက်ခဲ့၏။ ထိုသို့ သွားလာဆောင်ရွက်စဉ်တိုင်း၌၊ မြရည်နွယ်က၊ ကားဖြင့်လိုက်ပို့သည်။ စိမ်းမြရည်က၊ အားလပ်သည့်အခါတွင်၊ အတူလိုက်ပါခဲ့၏။

ရောဂါသည်းလွန်းသည့်အခါကျမှ၊ သူ ဆေးရုံတက်သည်။





စိမ်းမြရည်တို့သားအမိကို၊ အသိမပေး၊ ကိုယ့်ကို အကြောင်းပြုကာ၊ ဒုက္ခမပွားများစေလို၊

'ကြိုတင်မဲပေးလို့ရတာပဲ သူငယ်ချင်းရယ်" . . . ဟု၊ မဲရုံအတွင်းသို့ တွဲပို့ရင်း၊ ညီညီလှိုင်ပြောသည်၊ ရွှေလျား လှောက်လှမ်းနိုင်စွမ်း၊ နည်းပါးနေလျက်က- လေသံဖျော့လျော့စွာဖြင့်၊ သူက--

"ငါ့လက်နဲ့ငါ၊ မဲပုံးထဲကို၊ မဲထည့်ချင်တယ်၊
ငါ့ခြေထောက်နဲ့ငါ၊ မဲရုံထဲကို၊ ဝင်ချင်တယ်လေ"

မဲပေးပြီးသောအခါ၊ လက်သန်းတွင် ပေစွဲနေသော မင်ကိုပြလျက်-

"ဟောဒီ လက်သန်းလေးနဲ့၊ ငါတို့ မလိုလားသူတွေကို၊ တောက်ထုတ်ပစ်လိုက်တယ်ကွာ"

"မင်း. . .အိမ်မှာပဲ နေခဲ့ပါလား". . ဟု၊ ရန်မျိုးအောင်ပြော၏၊ သူ ခေါင်းခါသည်၊

"မြို့နယ် . . ရပ်ကွက်အသီးသီးက၊ မဲပေး
နေတဲ့ ပြည်သူလူထုတွေကို၊ မင်းတို့နဲ့အတူ၊ ငါ၊
လိုက်ကြည့်ပါရစေကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ. . ကားပေါ်မှာပဲ နေပါ့မယ်။ ကားပေါ်က,နေ၊ အုံးအုံးထ,နေတဲ့ ပြည်သူလူထုကို၊ ငါ. . လိုက်ကြည့်ချင်လို့ပါ"

"အေးပါကွာ။ ငါတို့၊ ဟိုဝင်. . . ဒီဝင်. . လုပ်သလို။ မင်းလည်း လိုက်လုပ်မှာစိုးလို့ပါ။ ကားပေါ်မှာပဲ၊ ထိုင်နေရုံဆိုရင်၊ မင်း. . ပင်ပန်းမှာ မဟုတ်ပါဘူး။ အဆင်ပြေမှာပါ။

မြရည်နွယ်လာလိမ့်မယ်။ မင်းလိုက်မယ်ဆိုရင်၊ သူ လိုက်ပို့မှာ . . . တဲ့"

သူငယ်ချင်းများ၏ ဖေးတွဲခြင်းကို ခံယူလျက်၊ မဲရုံပရဝုဏ်အတွင်းမှ၊ ဖြည်းညင်းစွာ၊ လှမ်းထွက်ခဲ့သည်။

ဆန္ဒမဲ ပေးပြီးကြောင်း အမှတ်အသားဖြစ်သည့် ၊"မင်" ပေနေသော လက်သန်းလေးကို၊ မြရည်နွယ် ထောင် ပြ၏။ စိမ်းမြရည်က,လည်း လက်သန်းလေးကို ထောင်ပြသည်။ ကားပေါ်တွင်၊ လက်သန်း သုံးချောင်း ချိတ်ဆက်လိုက်ကြ၏။





ညမိုးစုန်းစုန်းချုပ်သည်အထိ၊ သူတို့တစ်ဖွဲ့ အိမ်မပြန်နိုင်ကြသေး၊

မြို့နယ်ဒေသအသီးသီး၏ အနီးစပ်ဆုံးမဲအရေအတွက်ကို၊ ညီညီလှိုင်က ဖုန်းဆက်စုံစမ်းပေးသည်၊

ညီညီလှိုင်၊ ရန်မျိုးအောင်၊ ကျော်လင်းလင်း၊ မကြည် ဧ၊ ယဉ်ယဉ်ကြည်၊ ကြည်ကြည်အေး၊ မြတ်မြတ်မွန်၊ မျိုးကေသီ၊ သီဟ၊ နေသူနိုင်၊ လူမော်အောင် စသော၊ သူငယ်ချင်းများစွာနှင့် အတူ၊ မဲရုံအသီးသီးသို့၊ လှည့်လည်ကြည့်ရှုခဲ့လေ၏၊

ကျော်လင်းလင်း၏ ဇနီးဖြစ်သူ၊ သန္တာဝင်းက၊ ပြည်သူလူထုလိုလားသူတို့၊ အောင်နိုင်ရေးကို၊ ရည်စူးလျက်၊ အိမ်ဘုရားခန်းတွင် မေတ္တာပို့ ပုတီးစိပ်နေကြောင်း၊ ကြားသိရ၏၊ သူ. . သာမုခေါ်သေးသည်။

ညဦးနက်သန်းခေါင်တွင် ပြည်သူလူထု၊ တစ်ရပ်လုံးနှင့် သူတို့လိုလားသော အခြေအနေကို၊ ခန့်မှန်းနိုင်ကြပြီ၊

"တစ်နိုင်ငံလုံးနီးပါး၊ အနိုင်ရပြီ သူငယ်ချင်း". .တဲ့၊ ညီညီလှိုင်က၊ . . . သူထိုင်နေရာ၊ ကားတံခါးဝမှာ လာပြော၏



www.burmeseclassic.com

www.burmeseclassic.com



"သောင်ပြိုကမ်းပြိုပဲ" . . ဟု၊ သူ . . ပြုံးလျက်၊ ပြောသည်။

"ကျေးဇူးတင်လိုက်တာ။ မြန်မာနိုင်ငံသူ
နိုင်ငံသား အားလုံးကို ကျေးဇူးတင်လိုက်တာ"

ပြောရင်း . . . ၊ သူ့ငြိမ်သက်သွား၏။နောက်ထပ်စကား ၊ ထပ်မကြားရသဖြင့်၊ ညီညီလှိုင် မျက်လုံးဝိုင်းသွားသည်။

"နေမြတ်နောင် ။ နေမြတ်နောင် ။ ဟာ
. . နေမြတ်နောင်"

အနီးရှိ၊ မြရည်နွယ်က . . "ဦးနောင်၊ ဦးနောင် ။မေမေ့၊ လုပ်ပါဦး။ ဦးနောင် ဘာဖြစ်သွားပြီလဲ မသိဘူး ဦးနောင်"

ကားနောက် ခန်းမှ၊ စိမ်းမြရည်၏ အသံ။

"ကိုနောင်"

မည်သူ့ခေါ်သံကိုမှ ၊ သူမကြားရတော့ချေ။

သောင်ပြိုကမ်းပြို . . ဟူသော အသံကိုသာ၊ ကြားသိသွားလေ၏။

ယနေ့၏ မည်သည့် အချိန်က၊ ရေးထားမှန်း မသိသော၊ ကဗျာစာရွက်ငယ်တစ်ရွက်ကို၊ သူ့ လက်ချောင်းများ အကြားတွင်





၊တွယ်ကပ်လျက် ၊ တွေ့ရ၏။

*ဒီပနီ*

*မှန်တာလုပ်၍*
*ရှုံးချင်ရှုံးစေ ၊ မတွေဝေဘူး*
*သမိုင်း သက်သေ ထူလိမ့်မည် ။ ။*

*(နေမြတ်နောင်)*



www.burmeseclassic.com

www.burmeseclassic.com

(၂၅)

၂၀၀၅ - ခုနှစ် ၊ နိုဝင်ဘာလ (၉)ရက် ၊ ညဥ့် (၁၂)နာရီ (၁၂)မိနစ်တွင် ၊ နေမြတ်နောင် ကွယ်လွန်သည်။

စိမ်းကို၊ ကိုနောင် သိပ်,ချစ်ခဲ့ပါတယ်။
အခုလည်း၊ သိပ်ချစ်တယ် . . . လို့ပြောပြီး၊
လက်ထပ်ခွင့်တောင်းမယ်လို့၊ ဆုံးဖြတ်ပြီးကာမှ၊
ကင်ဆာရောဂါသည်လို့၊ ကိုယ့်ကိုယ်ကို သိလိုက်
ရပြီး၊ နှုတ်ကို စောင့်စည်းလိုက်ရတာပါ။

ရောဂါကြီးမှန်းသိသိချည်းနဲ့ စိမ်းကို
လက်ထပ်ဖို့ဆိုတာ၊ စိမ်းကိုရော. . သမီးကိုရော
. . ချစ်ရာမရောက်ဘဲ၊ အို -နာ -သေ ဝန်ထုပ်
ဝန်ပိုးကြီး၊ ပေးလိုက်သလို၊ ဖြစ်မှာစိုးလို့၊ ချစ်တဲ့
စိတ်ကို မျိုချခဲ့ရတာပါ. . စိမ်း။





ကိုနောင့်ရဲ့ အို-နာ-သေ ဒုက္ခကြီး၊ စိမ်းကို
မပေးအပ်ခဲ့တာ၊ စိမ်းကို၊ သိပ်, ချစ်လို့ပါ။ သမီး
ကိုလည်း၊ သိပ်ချစ်လို့ပါ။

ချစ်တဲ့

ကိုနောင်

သမီး။

ဦးနောင်၊တစ်ခွန်းတည်းပဲ မှာခဲ့မယ်။
မခံချင်စိတ် တစ်ခုတည်းနဲ့ ၊
ဘယ်အရာကိုမှ ၊ မယှဉ်ပြိုင်ပါနဲ့ ။ . . .

သမီးကို

ချစ်တဲ့ - ဦးနောင်

နေမြတ်နောင်၏ အုတ်ဂူတွင် ၊ ခေါင်းမှိုလျက် ၊ မြရည်နွယ် ငိုနေလေသည်။ စာရွက်ခေါက်လေးကို ၊ ကိုင်တွယ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး။ ဦးနောင်နားမှာ ၊ နေခဲ့ဦးနော် ။
မေမေတို့ ၊ ဟိုး . . နားမှာ ရှိမယ်"

မြရည်နွယ်၊ ခေါင်းလှုပ်ရုံသာ ၊ ညိတ်ပြ၏။ အုတ်ဂူနံရံတွင် ၊ ခွပ်ဒေါင်းတစ်ကောင်။

"ကိုနောင်က၊ စိမ်းနဲ့ ပတ်သက်ပြီး၊
ကိုညီညီလှိုင်နဲ့ ကိုရန်မျိုးအောင်တို့ကို၊ ဘာပြော
ဖူးသေးလဲဟင်"

"ထွေထွေထူးထူး၊ ဘာမှ . . . မပြောဖူး
ဘူး"

ညီညီလှိုင်၏ အဖြေ။

"သမီးကိစ္စနဲ့ ပတ်သက်တာမျိုးရော . . "

"ဟင့်အင်း။ ဘာများရှိလို့လဲ။ ပြောစရာ"

"ဒါဆို၊ ကျွန်မ, ပြောပြစရာရှိတယ်"

မြရည်နွယ်ရှိရာ၊ ခပ်ဝေးဝေး. . သို့ စိမ်းမြရည်၊ ငဲ့ကြည့်လိုက်သေး၏။





". . . . မင်းမှတ်ထား။ ဆယ်နှစ် အနှစ်
နှစ်ဆယ်။ အနှစ်သုံးဆယ်။ ဇယားချပြီးသား
စစ်အစိုးရကွ။ မင်းတို့လောက်ကို၊ဂရုမစိုက်
ဘူး။

ဒီအစိုးရ ပြုတ်သွားအောင်၊ လိုပ်နိုင်
ရင်၊ ငါ့ဇက်ဖြတ်ခံတယ်သိလား"

နေမြတ်နောင် မတ်တတ်ရပ်လိုက်၏။ စိမ်းမြရည်၏ မိခင်က၊ မျက်လုံးအဝိုင်းသား။

"ကိုနောင်"

စိမ်းမြရည်၏ ခေါ်သံကို သတိမမူတော့။

"အဲဒီ စစ်အစိုးရကိုပဲ၊ ကျွန်တော်တို့
ပြုတ်အောင် တိုက်မယ်။ ဒါပေမဲ့ . .
ဦးလေးတို့လို၊ ကျွန်တော်တို့ သေနတ်မကိုင် ဘူး။
ပြည်သူ့နှလုံးသားနဲ့၊ ရအောင်တိုက်
မယ်။ ဦးလေးဇက်ကို၊ ခိုင်အောင်လုပ်ထား"

ပြောပြီး၊ ချာကနဲလှည့်ထွက်ခဲ့၏။ လှည့်ထွက် စ ပထမ ခြေလှမ်းကို၊ ချစ်သူနှင့် ကမ္ဘာခြားသွားစေသော၊ ခြေလှမ်းဟု၊



www.burmeseclassic.com

www.burmeseclassic.com



တွေးပစ်လိုက်၏။

"တံခါး"

ဝင်ချိန် ထွက်ချိန်

နှစ်ခုစလုံးအတွက်၊ အစကတည်းက

ရင်နှစ်ခြမ်းကို ဖြန့်းခနဲ ခွဲဖွင့်ပေးထား

ပြီးသား ။ ။

ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံကြောင့်၊ နေမြတ်နောင် တံခါးဖွင့်လိုက်၏။ စိမ်းမြရည်ကို တွေ့သည်။

"ဘာကိစ္စရှိသေးလို့လဲ စိမ်း"

စိမ်းမြရည်က၊ အိမ်အတွင်းသို့ ကြည့်ကာ-

"ကိုနောင့် အမေနဲ့ အစ်ကိုရော. . "

"ဘုရားဖူးထွက်သွားကြတယ်။. . . "

"နယ်ဘုရားဖူးလား"

"ဟုတ်တယ်"





"ဒုက္ခပဲ"

"ဘာကိုလဲ"

"စိမ်းက၊ ကိုနောင့်ဆီကို လိုက်လာတာ။ ဒီမှာ ကြာကြာနေလို့ မရဘူး။ ဖေဖေ လစ်တုန်း ထွက်လာတာ။ ကိုနောင်၊ စိမ်းကို။ ခိုးပြေးတော့"

"ဘယ်ကို ခိုးပြေးရမှာလဲ"

"တစ်နေရာရာပေါ့"

"ညီညီလှိုင်တို့ ဆီသွားမယ်။ သူတို့နဲ့ တိုင်ပင်. . . "

"ကိုနောင်၊ တိုင်ပင်ဖို့ အချိန်မရှိဘူး။ အခုချက်ချင်း၊ ဒီက,ထွက်မှဖြစ်မယ်"

နေမြတ်နောင်က၊ အနီးရှိ ဂျင်းအကျီတစ်ထည်ကို ကောက်ဝတ်လိုက်၏။ အနီးရှိ ဗီရိုထဲမှ၊ ငွေစက္ကူ တစ်ထပ်ကို၊ ထုတ်ယူလိုက်သည်။

ပဲခူးမြို့၏ မထင်မရှား တည်းခိုခန်းတစ်ခုတွင် တည်းခိုကြသည်။ နှစ်ရက်မြောက်သောနေ့၌၊



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို ဖုန်းဆက်တာ၊ အခြေအနေကောင်းတယ် ကိုနောင်။ခိုးရာလိုက်သွားတယ်လို့တော့၊ဖေဖေ သေသေချာချာ မသိသေးဘူး . . တဲ့၊ စိတ်ဆိုးပြီး၊အိမ်က,ထွက်သွားတယ်ပဲ. . ထင်နေသေးတာ . . . တဲ့။

ကိုနောင်နဲ့ လိုက်ပြေးသွားရင်း၊ ဘယ်လိုလုပ်ကြမလဲ၊ မေမေမေးတော့။ ကဲပေါ့ . . တဲ့။ ကိုယ့်သမီးမှ ကိုယ်မနိုင်တော့လည်း၊ စိတ်လျှော့လိုက်ရတော့မှာပေါ့လို့ ပြောတယ်. . . တဲ့။

အဲဒါ. . . စိမ်းတို့၊ အိမ်ပြန်ကြမယ်။ ဖေဖေလက်ခံမှာပါ။ . . . ."

"သူနဲ့၊ မျက်နှာချင်း မဆိုင်ချင်ဘူး စိမ်း။ သူ သဘောမတူလေ ကောင်းလေပဲ။

ဒီတစ်သက်, စိမ်းအဖေနဲ့ ကိုယ်နောင် ဘာကိစ္စနဲ့မှ၊ မျက်နှာချင်းပြန်မဆိုင်တော့ဘူး။

သူ့စစ်အစိုးရ ပြုတ်သွားတဲ့ အချိန်တော့၊ သူ့ရှေ့မှာ၊ ကိုနောင် သွားရပ်မယ်"





"ကိုနောင်။ အဲဒီကိစ္စတွေ၊ စိမ်းနဲ့ကိုနောင် နှစ်ယောက်ကြားထဲမှာ၊ မပါပါစေနဲ့လား"

"မပါလို့မဖြစ်ဘူး။ . . ကိုနောင်၊ စိမ်းကို၊ ခိုးလာတာက၊ စိမ်းအဖေနဲ့ စိမ်း၊ ဘယ်တော့မှ ပြန်မပတ်သက်ဘူးထင်လို့၊ ခိုးလာတာ။ ပြန်ပတ်သက်မယ်ဆိုရင်တော့၊ စိမ်းသဘောပဲ"

"ဟယ်။ ကိုနောင်၊ အဲဒီလို မပြောနဲ့လေ။ အခု. . စိမ်းနဲ့ကိုနောင်က၊ သမီးရည်းစားမဟုတ်တော့ဘူးလေ"

"လင်မယားဆိုရင်၊ ဇနီးက, လင်ယောကျ်ားစကားကို၊ နားထောင်ပေါ့"

"မိဘနဲ့ သားသမီးလေ၊ ကိုနောင်"

"ကဲ. .၊ စိမ်းကြိုက်တာလုပ်။ ကိုနောင်တော့ စိမ်းအဖေနဲ့၊ ဘယ်တော့မှ မျက်နှာချင်း မဆိုင်ဘူး။ အိမ်ပြန်မယ်ဆိုလည်း၊ ပြန်ကြမယ်။ ကိုနောင်။ ကိုယ့်အိမ် ကိုယ်ပြန်မယ်။စိမ်းအဖေနဲ့ ဘယ်တော့မှ၊ ပြန်မ ပတ်သက်ဘူးဆိုမှ၊

www.burmeseclassic.com



ကိုနောင့်အိမ်ကို စိမ်းလိုက်ခဲ့"

"ဖေဖေနဲ့ ပြန်ပတ်သတ်မယ်ဆိုရင်ရော. . ."

"အဲဒီ့အတွက်၊ အဖြေမရှိဘူး။ ကိုယ့်အဖြေ ကိုယ်ထုတ်"

စိမ်းမြရည်၊ အထုတ်အပိုးပြင်၏။ မိမိဘာသာ၊ တစ်ကိုယ်တည်း၊ အိမ်မှ၊ ထွက်သွားသူ. . ဟုသာ၊ ဖခင်ကို အသိပေးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

၅

"ကောင်းပြီ၊ ရန်ကုန်ကို အတူပြန်ကြမယ်။ စိမ်းလည်း စိမ်းအိမ်ကိုပဲ ပြန်မယ်။ ကိုနောင်လည်း၊ ကိုနောင့် အိမ်ကို၊ ကိုနောင်ပြန်။

တစ်ခုတော့၊ စိမ်းကို၊ ကူညီပါ။ စိမ်းနဲ့ ကိုနောင်နဲ့နိုးရာလိုက်ဖူးပါတယ်ဆိုတာ၊ ဘယ်သူ့ကိုမှ၊ မပြောပါနဲ့။ အဲဒါ. . . စိမ်း အကူအညီ တောင်းတာပါ။ အဲဒီ့ ကတိတော့၊ ကိုနောင် . . . ပေးပါ"





"ပေးတယ်။ တစ်သက်လုံး ဘယ်သူ့မှ၊ မပြောဘူး"

၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com

(၂၆)

“ဟာ။သူ. . တကယ်မပြောခဲ့ဘူး
စိမ်းမြရည်။ လုံး၀ . . မပြောဘူး”

ညီညီလှိုင် တအံ့တသြဆို၏။ ရန်မျိုးအောင်က-

“သူ. . တော်တော်နှုတ်လုံတာပဲ။ နှုတ်လုံတယ်ဆိုတာထက်၊ မျိုသိပ်ကြိတ်မှိတ်သွားတာဖြစ်မယ်”

သမီးဖြစ်သူကို၊ လှမ်းကြည့်ရင်း. . .

“ ကျွန်မ,အိမ်ပြန်ရောက်တော့၊ အဖေက၊ နောက်တစ်ခါဆို၊ အသေပဲ. . တဲ့။

အဲဒီ တစ်ခွန်းတည်း ပြောတယ်။ တစ်ယောက်တည်း စိတ်ဆိုးပြီး ထွက်သွားတယ်ပဲ၊ ထင်တာလေ။မေမေ့ကိုတော့၊ နောက်တာ





ပါလို့ စကား ပြင်ရတာပေါ့။အဲဒီရက်ပိုင်းအတွင်း ပဲ၊ဖေဖေ့ တပည့် တစ်ယောက်နဲ့၊ ဖေဖေ ပေးစား တယ်။ကျွန်မ,လက်ခံလိုက်တယ်။

ကိုနောင့်ကို မုန်းပြီး၊ လက်ခံလိုက်တာ၊ မဟုတ်ဘူး။ ကိုနောင့်ဆီ ရောက်နေတဲ့ အာရုံကို၊ ရပ်စေချင်လို့၊ လက်ခံလိုက်တာ”

ပြောပြီး၊ သက်ပြင်းချသည်။ ပြီးမှ-

“မောင်လို နှမလို၊ ရင်းရင်းနှီးနှီးပဲ၊ ပြော ပါ့မယ်။သမီး. . ။ မြရည်နှယ်က၊ ကိုနောင့် ရင်သွေးပဲ”

“ဟာ. . တကယ်။ဟာ. . ”

ညီညီလှိုင်၏ တအံ့တသြ။

ရန်မျိုးအောင်က၊ မျက်လုံးအဝိုင်းသား။

“အဲဒါကို၊ သူ. . . ,နေမြတ်နောင်။
နေမြတ်နောင်. . သိသွားသလား။
အသိပေးလိုက်သလား”

ညီညီလှိုင်၏ အဆက်မပြတ်မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆီက၊ သံယောဇဉ်စတား မကြားရဘဲ၊
ကျွန်မ,က ဘယ်လိုလုပ် အသိပေးရမှာလဲ
ကိုညီညီလှိုင်ရယ်"

ရန်မျိုးအောင်က . . .

"သမီးရော။ သိလားဟင်"

"မသိဘူး။ မသိရှာပါဘူး။ အခု . . ၊ကျွန်မ,
ခံစားနေရတာက၊ ဦးနေမြတ်နောင်က၊ သမီးရဲ့
အဖေပဲ . . လို့၊ အခု . . . သမီးကို ပြောသင့်
မပြောသင့်၊ ဆုံးဖြတ်ဖို့ ခက်နေတာ"

စိမ်းမြရည် မျက်ရည်များ ပြိုကျလာ၏။ စိုရွှဲမျက်ရည်တို့ကို၊ ပဝါငယ်ဖြင့် သုတ်ပြီး . . .

"အခုမှ ပြောရသလား . . လို့၊ သမီး
မြို့ပြင်မှာလည်း၊ ကြောက်နေတယ်"

"ကျွန်တော်တို့၊ နောက်မှ တဖြည်းဖြည်း ပြောပြကြမှကောင်းမယ်။ အခု . . ချက်ချင်းကြီးပြောလိုက်ရင်၊ သမီးရဲ့ စိတ်ဒဏ်ရာ ၊ပိုကြီးသွားလိမ့်မယ်" . . ဟု၊ ရန်မျိုးအောင် အကြံပြု





၏။ညီညီလှိုင်က၊မျက်ရည်ဝေ့ကာနဲ့ကို၊ ဖယ်ထုတ် ပုတ်ခတ် ရင်း-

" သူတို့နှစ်ယောက်၊ တကယ့်သားအဖ,
တွေဆိုတာ၊ နှလုံးသွေးတွေက၊ သိကြမှာပါ။
လူက မသိပေမယ့် . . . သွေးက . . .
သိပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

(၂၇)

အနားသို့ လာရပ်သော၊ စိမ်းမြရည်ကို၊ သမီး မြရည်နွယ်က၊ ဖက်၍ငို၏။

မျက်ရည်စို့ရွှဲ ငိုသံသည်းဖြင့်-

"အို ဒုက္ခ၊ နာဒုက္ခ၊ သေဒုက္ခ၊ ပေးရမှာ စိုးလို့. . တဲ့။ ဦးနောင်က။

အဲဒီ အို-နာ-ဒုက္ခ ဒဏ်ကို၊ ခံရတာထက်၊ ကျန်ရစ်ခဲ့သူရဲ့ ဒုက္ခက၊ ပိုကြီးတယ်ဆိုတာ၊ ဦးနောင်သိဖို့ကောင်းတယ်။ ဦးနောင်. . သိဖို့ ကောင်းတယ်"

မိခင်၏ ရင်ခွင်တွင်၊ ရှိုက်ကြီးတငင်ငိုလေ၏။

စိမ်းမြရည်က-

"သူ. . သိမှာပါ သမီးရယ်၊ သိလျက်နဲ့၊ မျိုသိပ်သွားတာဖြစ်မှာပါ"

စကားသံတုန်ရင်ခါလှုပ်သွားရ၏။ သမီးကို ပိုမို၍





ကျစ်လျစ်စွာ နွေးထွေးလိုက်၏။

မြရည်နွယ်က၊ မျက်ရည်တချို့ ပေစွန်း နေသည့် စာရွက်ခေါက်လေးကို၊ ဖြန့်ကြည့်နေ၏။

ဘ၀အတွက်၊ အနှစ်သက်ဆုံး၊ အလိုက်နာချင်ဆုံး စာကြောင်းလေးကို၊ မမှိတ်မသုန်စိုက်ကြည့်ရင်း၊ ရင်တွင်းလိုက သံဖြင့်၊ စိတ်မှ၊ ရွတ်ဖတ်နေလေသည်။

"မခံချင်စိတ်တစ်ခုတည်းနဲ့၊ ဘယ်အရာ ကိုမှ မယှဉ်ပြိုင်ပါနဲ့"

ဝါကျတို့သည်၊ မျက်ရည်ဝေ့ကြောင့် ၊ ဝိုးတဝါး. . . ။ ။

လေးစားခင်မင်လျက် -

မောင်လှမျိုး(ချင်းချောင်းခြံ)

2015.Nov.26

4:44 (p-m)



www.burmeseclassic.com